| သီလက္ခန်ပါဠိတော်နိသျဟောင်း | .... | ၄၆၃ |
| သီလက္ခန်အဋ္ဌကထာ | .... | ၉၅ |
| သီလက္ခန်ဋီကာသစ်နိသျ | .... | ၆၇၇ |
| သီလက္ခန်အဋ္ဌကထာနိသျဟောင်း | .... | ၅၇၅ |

| ကျမ်းအမည် | | စာကိုယ်အမှတ် |
|---|---|---|
| သီလက္ခန်အဋ္ဌကထာနိသျသစ် | .... | ၅၇၈ |
| သီလက္ခန်ဋီကာဟောင်း | .... | ၁၈၇ |
| သီလက္ခန်ဋီကာဟောင်းနိသျ | .... | ၆၇၆ |
| သီလက္ခန်ဋီကာသစ် | .... | ၁၈၈ |
| သီလက္ခန်ပါဠိတော်နိသျသစ် | .... | ၄၆၆ |
| သီလခန်းလင်္ကာ | .... | ၁၈၄၂ |
| သီလဝပျို | .... | ၁၈၅၁ |
| သီလာဝဟအဋ္ဌကထာ | .... | ၂၆၉ |
| သီလာဝဟအဋ္ဌကထာနိသျ | .... | ၇၆၅ |
| သီဟပတွေ့ဖြတ်ထုံး | .... | ၁၆၅၉ |
| သီဟဠဝတ္ထု | .... | ၃၄၀ |
| သီဟဠဝတ္ထုနိသျ | .... | ၈၇၀ |
| သီဟိုဠ်ကျွန်းဖြစ်ဆေးကျမ်းစာရင်း | .... | ၁၃၄၀ |
| သီဟိုဠ်ဓမ္မသတ် | .... | ၁၆၃၁ |
| သီဟိုဠ်ရာဇဝင် | .... | ၂၀၀၉ |
| သုခဗောဓဆေးကျမ်း | ၁၁၉၃၊ | ၁၃၃၆ |
| သုခါဝဟဝတ္ထု | .... | ၁၀၃၄ |
| သုဂန္ဓကထာမေတ္တာစာ | .... | ၁၀၆၃ |
| သုစိတ္တာလင်္ကာရ | .... | ၂၈၈ |
| သုစိတ္တာလင်္ကာရနိသျ | .... | ၈၁၄ |
| သုတ်ပါထေယျပါဠိတော် | .... | ၃ |
| သုတ်ပါထေယျပါဠိတော်နိသျဟောင်း | .... | ၄၆၅ |
| သုတ်ပါထေယျပါဠိတော်နိသျသစ် | .... | ၄၆၈ |
| သုတ်ပါထေယျအဋ္ဌကထာ | .... | ၉၇ |
| သုတ်ပါထေယျအဋ္ဌကထာနိသျ | .... | ၅၇၇ |
| သုတ်ပါထေယျဋီကာ | .... | ၁၉၀ |
| သုတ်ပါထေယျဋီကာနိသျ | .... | ၆၇၉ |
| သုတ်ပါထေယျဂဏ္ဌိ | .... | ၉၀၅ |

| ကျမ်းအမည် | | စာကိုယ်အမှတ် |
|---|---|---|
| သုတ်မဟာဝါပါဠိတော် | .... | ၂ |
| သုတ်မဟာဝါပါဠိတော်နိဿယဟောင်း | .... | ၄၆၄ |
| သုတ်မဟာဝါပါဠိတော်နိဿယသစ် | .... | ၄၆၇ |
| သုတ်မဟာဝါအဋ္ဌကထာ | .... | ၈၆ |
| သုတ်မဟာဝါအဋ္ဌကထာနိဿယ | .... | ၅၇၆ |
| သုတ်မဟာဝါအဋ္ဌကထာနိဿယသစ် | ၅၇၈၊ | ၅၀၁ |
| သုတ်မဟာဝါဋီကာ | .... | ၁၀၈ |
| သုတ်မဟာဝါဋီကာနိဿယ | .... | ၆၇၀ |
| သုတ်မဟာဝါအဋ္ဌကထာဂဏ္ဌိ | .... | ၈၀၄ |
| သုတ်သီလက္ခန်ပါဠိတော် | .... | ၁ |
| သုတ်သီလက္ခန်ပါဠိတော်နိဿယဟောင်း | .... | ၄၆၃ |
| သုတ်သီလက္ခန်ပါဠိတော်နိဿယသစ် | .... | ၄၆၆ |
| သုတ်သီလက္ခန်ပါဠိတော်ဂဏ္ဌိ | .... | ၈၀၂ |
| သုတ်သီလက္ခန်အဋ္ဌကထာ | .... | ၈၅ |
| သုတ်သီလက္ခန်အဋ္ဌကထာနိဿယဟောင်း | .... | ၅၇၅ |
| သုတ်သီလက္ခန်အဋ္ဌကထာနိဿယသစ် | .... | ၅၇၀ |
| သုတ်သီလက္ခန်ဋီကာဟောင်း | .... | ၁၀၇ |
| သုတ်သီလက္ခန်ဋီကာဟောင်းနိဿယ | .... | ၆၇၆ |
| သုတ်သီလက္ခန်ဋီကာသစ် | .... | ၁၀၀ |
| သုတ်သီလက္ခန်ဋီကာသစ်နိဿယ | .... | ၆၇၇ |
| သုတ်သီလက္ခန်အဋ္ဌကထာဂဏ္ဌိ | .... | ၈၀၃ |
| သုတ္တနိဒ္ဒေသ | .... | ၃၀၁ |
| သုတ္တနိဒ္ဒေသနိဿယ | .... | ၈၃၅ |
| သုတ္တနိပါတ်ပါဠိတော် | .... | ၂၇ |
| သုတ္တနိပါတ်ပါဠိတော်နိဿယ | .... | ၅၀၈ |
| သုတ္တနိပါတ်အဋ္ဌကထာ | .... | ၁၂၁ |
| သုတ္တနိပါတ်အဋ္ဌကထာနိဿယ | .... | ၆၀၅ |
| သုတ္တနိပါတ်ဋီကာ | .... | ၂၁၀ |

ကျမ်းအမည် — စာကိုယ်အမှတ်


သုတ္တနိပါတ်ဋီကာနိသျ .... ၇၀၇
သုတ္တမာလာ .... ၃၈၅
သုတ္တမာလာနိသျ .... ၉၃၉
သုတ္တသင်္ဂဟပါဠိတော် .... ၃၈
သုတ္တသင်္ဂဟပါဠိတော်နိသျဟောင်း .... ၅၂၃
သုတ္တသင်္ဂဟပါဠိတော်နိသျသစ် .... ၅၂၄
သုတ္တသင်္ဂဟအဋ္ဌကထာ .... ၁၆၂
သုတ္တသင်္ဂဟအဋ္ဌကထာနိသျ .... ၆၅၇
သုဒ္ဒသဝိကာသနီဋီကာ .... ၄၅၈
သုဒ္ဒသဝိကာသနီဋီကာသစ်နိသျ .... ၁၀၂၀
သုဓမ္မစာရီဖြတ်ထုံး .... ၁၆၅၆
သုပိနာချာယ .... ၁၅၇၇
သုဗောဓာလင်္ကာရ .... ၄၆၀
သုဗောဓာလင်္ကာရနိသျ ၁၀၂၂၊ ၁၀၂၃၊ ၁၀၂၄၊ ၁၀၂၅
သုဗောဓာလင်္ကာရဋီကာဟောင်း .... ၄၆၁
သုဗောဓာလင်္ကာရဋီကာဟောင်းနိသျ .... ၁၀၂၆
သုဗောဓာလင်္ကာရဋီကာသစ် .... ၄၆၂
သုဗောဓာလင်္ကာရဋီကာသစ်နိသျ .... ၁၀၂၇
သုဗောဓာလင်္ကာရရာသီစု .... ၁၀၂၈
သုမင်္ဂလပသာဒနီဋီကာ .... ၂၉၄
သုမင်္ဂလဝိလာသနီအဋ္ဌကထာ .... ၉၅
သုရုတ .... ၁၄၀၆
သုဝဏ္ဏသံဇာတ်အဋ္ဌကထာ .... ၁၄၉
သုဝဏ္ဏသံဇာတ်အဋ္ဌကထာနိသျ .... ၆၄၃
သုဝဏ္ဏသံဇာတ်အဋ္ဌကထာနိသျသစ် .... ၆၄၄
သုဝဏ္ဏသံသစ္စာခန်းပျို့ .... ၁၇၁၉
သုဝဏ္ဏသံသုဌေးခန်းပျို့ .... ၁၇၁၈
သုသန္ဓေသကထာပါဠိအနက် .... ၁၀၅၉

| ကျမ်းအမည် | စာကိုယ်အမှတ် |
|---|---|
| သုဿုတ | ၁၁၀၁၊ ၁၃၅၉ |
| သုဿုတဗာဟုဝ | .... ၁၃၉၀ |
| သုရသတီနိဃဏ္ဍု | .... ၁၁၉၅ |
| သုရာပျို | .... ၁၇၀၀ |
| သုရိယသိဒ္ဓန္တ | .... ၁၅၆၂ |
| သုရိယသိဒ္ဓန္တဋီကာ | .... ၁၅၆၃ |
| သုရိယသိဒ္ဓန္တယော် | .... ၁၅၆၄ |
| သေနကအမတ်ဖြတ်ထုံး | .... ၁၆၆၅ |
| သေနကမင်းဖြတ်ထုံး | .... ၁၆၀၁ |
| သေနင်ဗျူဟာပျို့ | .... ၁၇၂၅ |
| သေနာပတိဝိနိစ္ဆယ | .... ၁၀၅၅ |
| သေဝကဒီပနီ | .... ၁၀၅၁ |
| သောဏပျို့ | .... ၁၇၂၆ |
| သောတတ္တကီ | .... ၃၄၆ |
| သောတတ္တကီနိသျ | .... ၀၇၇ |
| သွရသတီဒီပနီသမာသ် | .... ၁၀၇၅ |
| သွရသတီဗျာကရိုဏ်း | .... ၁၀၀၁ |
| သွရသတီဗျာကရိုဏ်းအာချာတ် | .... ၁၀၇၂ |
| သွရသတီဗျာကရိုဏ်းဥဏာဒ် | .... ၁၀၇၄ |
| သွရသတီဗျာကရိုဏ်းကာရက | .... ၁၀၆၉ |
| သွရသတီဗျာကရိုဏ်းကိတ် | .... ၁၀၇၃ |
| သွရသတီဗျာကရိုဏ်းနာမ် | .... ၁၀၆၀ |
| သွရသတီဗျာကရိုဏ်းတဒ္ဓိတ် | .... ၁၀၇၁ |
| သွရသတီဗျာကရိုဏ်းသန္ဓိ | .... ၁၀၆၇ |
| သွရသတီဗျာကရိုဏ်းသမာသ် | .... ၁၀၇၀ |
| သျှပ်ပဂုဏ်း | .... ၁၅၁၄ |

ကျမ်းအမည် | စာကိုယ်အမှတ်

# (ဟ)


| | | |
|---|---|---|
| ဟန်လင်းမြို့သမိုင်းပျို့ | .... | ၁၀၂၂ |
| ဟတ္ထိပါလပျို့ | .... | ၁၇၁၂ |
| ဟရိစန္ဒန | .... | ၁၃၉၇ |
| ဟရိတကျာဒိနိဃဏ္ဍု | .... | ၁၂၆၀ |
| ဟရိနာမမိတဗျာကရိုဏ်း | .... | ၁၀၀၂ |
| ဟံသာဝတီဆင်ဖြူများရှင်မင်းတရားဖြတ်ထုံး | .... | ၁၆၆၁ |
| ဟံသာဝတီဆင်ဖြူများရှင့်အရေးပုံ | .... | ၂၀၃၄ |
| ဟံသာဝတီပါမင်းအမှားပုံ | .... | ၂၀၃၀ |
| ဟာရိတ | ၁၃၅၁၊ | ၁၄၃၆ |
| ဟာရိတသံဟိတ | .... | ၁၃၃၃ |
| ဟိတကာရီပျို့ | .... | ၁၀၂၁ |
| ဟိရညက္ခိရ | .... | ၁၃၀၇ |
| ဟေမဒ္ဒိဂိုကာသစ် | .... | ( ) |

## ပိဋကတ် ၃-ပုံစာတမ်း
ခေါ်

# ပိဋကတ်တော်သမိုင်း

## နိဒါန်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

အရဟတော့၊ အခေါ်င်နင်းနှိမ်၊ နောင်ဖျင်းသိမ်၍၊ တကြိမ်မလှန်၊ တဘန်အသစ်၊ မဖြစ်စေတတ်၊ အရဟတ္တမဂ်၊ ရွှေသန်လျက်ဖြင့်၊ ခြွေဖျက်သုတ်သင်၊ နုတ်ငင်ချိုးဖြတ်၊ သတ်တော်မူပြီးသည့်အဖြစ်ကြောင့်၊ တထောင့်ငါးရာ၊ ကိလေသာတို့မှ၊ လွန်စွာဝေးတော်မူပြီးထသော။ ဝါ၊ လောကသုံးဖြာ၊ လူတကာကို၊ ချမ်းသာအလုံး၊ ဆုံးရှုံးကွယ်ပျောက်၊ ဒုက္ခရောက်အောင်၊ မွေနှောက်ကန့်ကွက်၊ နှိပ်စက်မှောင့်ရှောင့်၊ ပိတ်ဆီးနှောင့်သား၊ တထောင့်ငါးရာ၊ ကိလေသာချန်၊ တွင်းပရန်ကို၊ ပဟာန်အရဟတ္တမဂ်၊ ရွှေသန်လျက်ဖြင့်၊ ခြွေဖျက်သုတ်သင်၊ နုတ်ငင်ချိုးဖြတ်၊ သတ်တော်မူပြီးထသော။ ဝါ၊ မဏ္ဍိုင်ဗောဓိ၊ ရပ်သီရိဝယ်၊ ဝီရိယခြေ၊ သီလမြေ၌၊ ရပ်နေပြီးလျက်၊ သဒ္ဓါလက်ဖြင့်၊ ကမ္မက္ခယ၊ ဉာဏပုဆိန်၊ စွဲချိန်ကိုင်ကာ၊ သံသရာစက်၊ အကန့်ကွက်ကို၊ ချိုးဖျက်

တော်မူပြီးထသော။ ဝါ၊ ၃-ဘုံရပ်သူ၊ နတ်လူဗြဟ္မာ၊ သတ္တဝါတို့၏၊ သဒ္ဓါကြည်ဖြူ၊ ပူဇော်သက္ကာရ၊ ဝိသေသပစ္စည်း၊ အနည်းနည်းလှူရန်ကို ခံတော်မူထိုက်ထသော။ ဝါ၊ မြင်ကြားသိလူ၊ ဘယ်သူမနီး၊ ပိတ်ဆီးကွယ်ကာ၊ ဆိတ်ငြိမ်ရာ၌၊ ရံခါတဆစ်၊ အညစ်အကျုံ၊ မကောင်းမှုကို၊ ပြုလေ့ရှိတော်မမူထသော။ သမ္မာသမ္ဗုဒ္ဓဿ၊ မဘောက်မပြန်၊ ရွှေညွန်မရှာ၊ ဆရာမရှိ၊ မိမိအလိုလို၊ ကိုယ်တော်တိုင်သာ၊ ငါးဖြာဥယျ၊ ဓမ္မလုံးစုံ၊ တရားပုံကို၊ အာရုံပြဲ့ပြဲ့၊ ကွင်းမဲ့တိတိ၊ ဉာဏ်မျက်စိဖြင့်၊ မြင်သိတော်မူပြီးထသော။ ဝါ၊ မချွတ်မလွဲ၊ အမြဲဟုတ်မှန်၊ ကေန္တသား၊ စင်စစ်အားဖြင့်၊ တပါးနတ်လူ၊ လောကကူဆော်ကြိုး၊ မနိုးစေဘဲ၊ မနှိုးဘဲသာ၊ ဝါသနာသတ္တိ၊ ကပ်ငြိရှိန်စော်၊ အာနုဘော်နှင့်တကွ၊ မောဟငိုက်မိန်း၊ စက်ကိန်းထန်ပြင်း၊ သန္ဒရှင်းကြည်ချမ်း၊ မသမ်းမညို၊ လိုလိုနိုးတော်မူပြီးထသော။ ဝါ၊ နေအရုဏ်လင့်၊ ပဒုံပွင့်သို့၊ အသင့်ပေါင်းယှက်၊ အင်္ဂမင်္ဂကြောင့်၊ နှိုင်းဘက်မရှိ၊ အပရိမိတ၊ ဂုဏ်အထူး၊ ကျေးဇူးများစွာ၊ တန်ဆာဂုဏ်ရှင်၊ သဗ္ဗညုတ၊ ဉာဏ်တော်ရ၍၊ မွှေးကြိုင်ပျံ့လွင့်၊ ကားကားဆင့်လျက်၊ ပွင့်ပ-နတ်လူ၊ဘယ်သူမဆို၊ လိုကိုမုံ့ရင့်၊ ကိုးဂုဏ်တင့်၍၊ ပွင့်တော်မူပြီးထသော။ ဝါ၊ ဘူမိရွှေညာ၊ ခေမာအောင်ခန်း၊ လမ်းခရီးဦး၊ ရန်ဆူးရန်ငြောင့်၊ မနှောင့်မရှက်၊ မခက်မထိ၊ မငြိမတွယ်၊ တင့်တယ်လျောက်ပတ်၊ ထူးမြတ်ကောင်းမွန်၊ ရွှေညွှန်နတ်လူ၊ ဘယ်သူမပြု၊ အရိယမဂ်လမ်းဖြင့်၊ ရွှေနန်းနိဗ္ဗာန်သို့၊ ရွှေဉာဏ်ရှေးရှု၊ အာရုံပြုသောအားဖြင့်၊ ကြွသွားတော်မူပြီးထသော။ တဿဘဂဝတော၊ ထိုဇ္ဇုဿရိယ၊ စသည်အပြား၊ ဘုန်းခြောက်ပါးရှင်၊ ဘုရားသခင်အား။ နမော၊ အကျွန်ုပ်၊ လက်အုပ်မြှောက်ချီ၊ ဝစီမနော၊ ပြန့်ပြောကြည်စွာ၊ သဒ္ဓါမြတ်နိုး၊ ရှိခိုးပါ၏။

[သဂါထာဝဂ္ဂသံယုတ်ပါဠိတော်- အရဟန္တဝဂ်- မနုဒ္ဒါနီသုတ်။ မဇ္ဈိမပဏ္ဏာသပါဠိတော်- ဗြဟ္မာယုသုတ်၊ သုတ်မဟာဝါပါဠိတော်- သက္ကပဉှသုတ်၊ ဒုကင်္ဂုတ္တရပါဠိတော်- သမစိတ္တဝဂ်- အာရာမဒဏ္ဍသုတ်၊ ဓမ္မပဒအဋ္ဌကထာ- သာရိပုတ္တမောဂ္ဂလာနထေရဝတ္ထု- အဿာရေသာရမတိနော-နှစ်ဂါထာအဘွင့်တို့၌လာသော ''နမောတဿ''ဂါထာကို စိန္တာ,သုတ၊ အတ္ထ,ပဋိဘာ၊ လေးဖြာကဝိန်၊ သုခမိန်တို့၊ မှတ်သားလေ့ကျက်၊ ဆောင်ရွက်ရန်သမ္မာန်သည့်အနက်။]

ဒီဃမဇ္ဈိမသံယုတ္တာ၊ အင်္ဂုတ္တရော စ ခုဒ္ဒကော။
ပဉ္စနိကာယ သုတ္တန္တံ၊ ဝန္ဒေ ဒယာဓိပုဗ္ဗကံ။ ။

ဒီဃ မဇ္ဈိမသံယုတ္တာ၊ ဒီဃနိကာယ်, မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်တို့ဂုဏ်း။ အင်္ဂုတ္တရောစ၊ အင်္ဂုတ္တရနိကာယ်ဂုဏ်း။ ခုဒ္ဒကောစ၊ ခုဒ္ဒကနိကာယ်ဂုဏ်း။ ဣတိ၊ ဤသို့။ ပဉ္စနိကာယံ၊ နိကာယ်အားဖြင့် ငါးပါးရှိသော။ဒယာဓိပုဗ္ဗကံ၊ကရုဏာ,ပညာပဋ္ဌာနဒေသနာဖြစ်သော။ သုတ္တန္တံ၊ သုတ္တန်ပိဋကတ်ကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏။

စတုရာသီတိသဟဿေဟိ၊ ဓမ္မက္ခန္ဓေဟိ သင်္ဂဟံ။
ပိဋကတ္တယံ ယထာဝုတ္တံ၊ ဝိဓိနာ ပူဇယာမဟံ။ ။

စတုရာသီတိသဟဿေဟိ၊ ၈၄၀၀၀- အရေအတွက်ရှိကုန်သော။ ဓမ္မက္ခန္ဓေဟိ၊ ဓမ္မခန္ဓာတို့ဖြင့်။ သင်္ဂဟံ၊ ရေတွက်အပ်သော။ ပိဋကတ္တယံ၊ ပိဋကတ် ၃-ပုံကို။ ယထာဝုတ္တဝိဓိနာ၊ အကြင်အကြင်ဆိုအပ်ပြီးသော စကြဝဠာတိုက်၌ရှိသော ပန်းဟူသမျှ, သစ်သီးဩဇာဟူသမျှ, ရတနာမျိုးဟူသမျှဖြင့်။ အဟံ၊ အကျွန်ုပ်သည်။ ပူဇယာမိ၊ပူဇော်ပါ၏။

မဟာသက္ကရာဇ်, မဇ္ဈိမသက္ကရာဇ်, ဈူဠသက္ကရာဇ် သုံးပါးတွင် သဗ္ဗညုမြတ်စွာဘုရားဘိုးတော် မဟာသုပ္ပဗုဒ္ဓ, အဥ္ဇန နှစ်မည်ရသော မင်းကြီးနှင့် ဒေဝဒဟရှင်ရသေ့တို့ တိုင်ပင်တော်မူ၍ မဟာသက္ကရာဇ် ဟောင်း ၈၆၄၇-ခုကိုဖြိုပြီးလျှင် အစွန်း ၂-ခုက သက္ကရာဇ်အသစ်ထားသည့်နောက် သက္ကရာဇ်အသစ် ၂-ခုထားသည်မှ အစဉ်အတိုင်း တိုးပွါးသည့်နောက် သီဟဟနုမင်းနှင့် ဒေဝဒဟမင်း သမီးတော် ကဉ္စနာ စုံဘက်ရာသက္ကရာဇ် ၁၀-ခုရောက်သည်တွင် သုဒ္ဓေါဒနမင်းကြီး ကိုဘွားတော်မူ၏၊ ထိုနောက် မဟာသုပ္ပဗုဒ္ဓ, အဥ္ဇန နှစ်မည်ရသော မင်းနှင့် ဇယသေနမင်းသမီးတော် ယသောဓရာ စုံဘက်ရာ သက္ကရာဇ် ၁၂-ခုတွင် သိရိမဟာမာယာမင်းသမီးကို ဘွားတော်မူ၏။

ထိုနောက်သုဒ္ဓေါဒနမင်းကြီးနှင့် သိရိမဟာမာယာမင်းသမီးစုံဘက်ရာ သက္ကရာဇ် ၆၇-ခု သိရိမဟာမာယာ မိဖုရားကြီးအသက် ၅၇-နှစ်တွင် ဘုရားလောင်းသိဒ္ဓတ်မင်းပဋိသန္ဓေယူတော်မူ၏၊ ထိုနောက်

သက္ကရာဇ် ၆၀-ခု၊ မယ်တော်အသက် ၅၀-နှစ်တွင် ဘုရားလောင်း သိဒ္ဓတ် မင်းသားကိုဘွားတော်မူ၏၊ ထိုနှစ်မယ်တော်သိရိမဟာမာယာ မိဖုရားကြီး နတ်ရွာလား၏၊ ထိုနောက်သက္ကရာဇ် ၇၄-ခု၊ ဘုရားလောင်း သိဒ္ဓတ်မင်းသက်တော် ၁၆-နှစ်တွင် ဘဒ္ဒကစ္စနာ-ဗိမ္ဗာဒေဝီ ယသောဓရာနှင့် စုံဘက်တော်မူ၍ မင်းစည်းစိမ်ဖြင့် ချီးမြှောက်တော်မူ၏။

ထိုနောက်နန်းစည်းစိမ် ၁၃-နှစ်၊သက်တော် ၂၉-နှစ်၊ သက္ကရာဇ် ၉၇-ခုတွင် သက္ကတိုင်း-ကပိလဝတ်နေပြည်တော်ကတောထွက်တော်မူ၍ ဥတ္တရဂ်မြစ်,တရဂ်မြစ်, ဘင်္ဂါဘိရာမမြစ်, ဂင်္ဂါမြစ်, အနောမာမြစ် ၅-စင်းကို ကူးတော်မူပြီးလျှင် ဟိမဝန္တာအနီး ကပိလဝတ်ပြည်က ယူဇနာ ၆၀-ကွာသော မဂဓတိုင်း ရာဇဂြိုဟ်မြို့ ဥရုဝေလတော၌ ဒုက္ကရစရိယာ ၆-နှစ်ကျင့်တော်မူ၍ သက်တော် ၃၅-နှစ်၊ သက္ကရာဇ် ၁၀၃-ခုတွင် မဟာဗောဓိပင်၌ သဗ္ဗညုဘုရားဖြစ်တော်မူ၏၊ ထိုနောက် အနိဗဒ္ဓဝါတော်-၂၀, နိဗဒ္ဓဝါတော် ၂၅-ဝါ၊ ၂-စု ဝါတော်၄၅-ဝါ သက်တော် ၈၀-ပြည့်၊ သက္ကရာဇ် ၁၄၈-ခုတွင် ပရိနိဗ္ဗာန် ပြုတော်မူ၏။

ယင်းသို့လောက ၃-ပါး၌ အတုမရှိသော သဗ္ဗညုရှင်တော်ဘုရား ၄၅-ဝါကာလပတ်လုံးဟောတော်မူသော—

> "သုတ္တန်, ဝိနည်း,အဘိဓမ္မာဟုဆိုအပ်သော ပိဋကတ်အား ဖြင့် ၃-ပါး၊ ဒီဃနိကာယ်, မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ်, ခုဒ္ဒကနိကာယ် ဟုဆိုအပ်သော နိကာယ် အားဖြင့် ၅-ပါး၊ သုတ္တ, ဂေယျ, ဝေယျာကရဏ, ဂါထာ, ဥဒါန, ဣတိဝုတ္တက, ဇာတက, အဗ္ဘုတဓမ္မ, ဝေဒလ္လ-ဟုဆို အပ်သော အင်္ဂါအားဖြင့် ၉-ပါး၊ သုတ္တန်ပိဋကတ်၌ ဓမ္မခန္ဓာ နှစ်သောင်းတထောင်၊ ဝိနည်းပိဋကတ်၌ ဓမ္မခန္ဓာ နှစ်သောင်း တထောင် အဘိဓမ္မာ ပိဋကတ်၌ ဓမ္မခန္ဓာ လေးသောင်း နှစ်ထောင်အားဖြင့် ဓမ္မခန္ဓာရှစ်သောင်းလေးထောင်" အရေ အတွက်ရှိသော ပါဠိတော်—

ထိုပါဠိတော်အဘွင့်ဖြစ်သောအဋ္ဌကထာ, ဋီကာ, ဂန္ထန္တရ,ဒီပနီ, အနု, မဓု, လက်သန်း, ဝိနိစ္ဆယ, ယောဇနာ, ဂဏ္ဌိ, သဒ္ဒါကြီး စာကိုယ်-ဋီကာ, သဒ္ဒနီတိစာကိုယ်-ဋီကာ, သဒ္ဒါငယ်စာကိုယ်-ဋီကာ, မူလမောဂ္ဂလာန်, ဝုတ္တိမောဂ္ဂလာန်, ဏွာဒိမောဂ္ဂလာန်, ဝိဒဂ်စာ ကိုယ်-ဋီကာ, သက္ကဋအဘိဓာန်စာကိုယ်-ဋီကာ, ဒီပနီဟောင်း, ဒီပနီ သစ်, မာဂဓအဘိဓာန်စာကိုယ်-ဋီကာ, ဒီပဝင်စာကိုယ်-ဋီကာ,မဟာ ဝင်စာကိုယ်-ဋီကာ, မဟာဗောဓိဝင်စာကိုယ်-ဋီကာ, ဂါထာနှင့်ရှိသည့် အနာဂတဝင်ပါဠိ, ၎င်းအဘွင့်သမန္တဘဒ္ဒိကာအဋ္ဌကထာ, ဒါဌာဓာ တုဝင်စာကိုယ်,၎င်းအဘွင့်သာရတ္ထဇနာနန္ဒဝိကာသနီဋီကာ, စူဠထူပဝင်, မဟာထူပဝင်, နဠာဋဓာတုဝင်, ဆကေသဓာတုဝင်,ဝုတ္တောဒယ ဆန်း စာကိုယ်-ဋီကာ, သုဗောဓာလင်္ကာရ စာကိုယ်-ဋီကာ, ဗျာကရိုဏ်း ကျမ်း, ဆေးကျမ်း, ဗေဒင်ကျမ်းများကို ညှိနှိုင်း၍—

ပါဠိတော်နှင့် အဋ္ဌကထာ အဋ္ဌကထာနှင့်ဋီကာ၊ ကျမ်းတပါးနှင့် ကျမ်းတပါးချင်း အထက်နှင့်အောက် ရှေ့နှင့်နောက် နှီးနှောတိုက်ဆိုင် ပြီးလျှင် ကျမ်းကြီး, ကျမ်းငယ်, ကျမ်းရင့်, ကျမ်းနု, ကြည့်ရှုဆင်ခြင်၍ သက္ကရာဇ် ၁၂၄၀-ခု၊ ဝါဆိုလဆန်း ၅-ရက် တနင်းလာနေ့၊ မိုင်း နိုင်းအတွင်းဝန် ပိဋကတ်တော်အုပ် မင်းကြီးမဟာသီရိဇေယသူ စီကုံး ရေးသားသည့် "ပိဋကတ် ၃-ပုံစာတမ်း"။

အရှေ့အလား-ဂဇင်္ဂလနိဂုံး၊ အရှေ့တောင်ထောင့် အလားသလ္လာ ဝတီမြစ်၊ တောင်အလား-သေတကဏ္ဏိကနိဂုံး၊ အနောက်အလား- ထူဏပုဏ္ဏားရွာ၊ မြောက်အလား-ဥသိရဒ္ဓဇတောင်၊ဤသို့လျှင်အလျား အားဖြင့် ယူဇနာ ၃၀၀၊အနံအားဖြင့် ယူဇနာ-၁၅၀၊အဝန်းအားဖြင့် ယူဇနာ ၉၀၀-ရှိသော မဇ္ဈိမဒေသ၊ သောဠသနဂိုရ်ဖြစ်သော ကော သလတိုင်းကို အစိုးရသော နေမစန္ဒြမည်သောမင်း တောင်းပန်၍ မဂဓတိုင်း၌ နေသော သိရိအမရ ဆရာစီရင်သော ပြဗောဓစန္ဒြောဒ ယမည်သော ဂေါတမပုရာဏ်ကျမ်း၌ ကလိယုဂ်သက် ၄၃၂၀၀၀-တွင် ကလိယုဂ်ဆန်း၍ နှစ်ပေါင်း ၂၅၇၀-ရောက်သောအခါ၌ ဟိမဝန္တာ အနီး သက္ကတိုင်း ကပိလဝတ် နေပြည်တော်က သိဒ္ဓတ်မင်းတောထွက်

တော်မူ၍ မဂဓတိုင်း ရာဇဂြိုဟ်မြို့ ဥရုဝေလတော၌ ဒုက္ကရစရိယာ ၆-နှစ်ကျင့်တော်မူပြီးလျှင် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ သဗ္ဗညုဘုရား ဖြစ်တော်မူသည်ကစ၍ ကုသိနာရုံပြည်၌ ကဆုန်လပြည့် အင်္ဂါနေ့ ပရိနိဗ္ဗာန်စံတော်မူသည်တိုင်အောင် ၄၅-ဝါကာလပတ်လုံးဟောကြား တော်မူသော–

သုတ္တန်, ဝိနည်း,အဘိဓမ္မာဟု ဆိုအပ်သော ပိဋကတ်အား ဖြင့် ၃-ပါး၊ ဒီဃနိကာယ်, မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ်, ခုဒ္ဒကနိကာယ်ဟု ဆိုအပ်သော နိကာယ် အားဖြင့် ၅-ပါး၊သုတ္တ, ဂေယျ, ဝေယျာကရဏ, ဂါထာ, ဥဒါန, ဣတိဝုတ္တက, ဇာတက, အဗ္ဘုတဓမ္မ, ဝေဒလ္လဟုဆို အပ်သော အင်္ဂါအားဖြင့် ၉-ပါး၊ သုတ္တန်ပိဋကတ်၌ ဓမ္မခန္ဓာ ၂၁၀၀၀၊ ဝိနည်း ပိဋကတ်၌ ဓမ္မခန္ဓာ ၂၁၀၀၀၊ အဘိဓမ္မာ ပိဋကတ်၌ ဓမ္မခန္ဓာ ၄၂၀၀၀၊ အားဖြင့် ဓမ္မခန္ဓာ ၈၄၀၀၀- အရေအတွက်ရှိသောပါဠိတော်။

ထိုပါဠိတော်အဘွင့်ဖြစ်သော အဋ္ဌကထာ, ဋီကာ, ဂဏ္ဌိနိရ,ဒီပနီ, အနု, မဓု, လက်သန်း, ဝိနိစ္ဆယ, ယောဇနာ, ဂဏ္ဌိ,သဒ္ဒါကြီးစာကိုယ်- ဋီကာ, သဒ္ဒနီတိစာကိုယ်- ဋီကာ, သဒ္ဒါငယ်စာကိုယ်- ဋီကာ, မူလ မောဂ္ဂလာန်, ဝုတ္တိမောဂ္ဂလာန်, ဓာတ္ထဒီမောဂ္ဂလာန်, ဝိဒဂ်စာကိုယ်- ဋီကာ, သင်္ဂြိုဟ်အဘိဓာန်စာကိုယ်-ဋီကာ, ဒီပနီဟောင်း, ဒီပနီသစ်, မာဂဓအဘိဓာန်စာကိုယ်-ဋီကာ, ဒီပဝင်စာကိုယ်- ဋီကာ, မဟာဝင် စာကိုယ်-ဋီကာ, မဟာဗောဓိဝင်စာကိုယ်-ဋီကာ, ဂါထာနှင့်ရှိသည့် အနာဂတဝင်ပါဠိ, ၎င်းအဘွင့်သမန္တဘဒ္ဒိကာ အဋ္ဌကထာ, ဒါဌာဓာ တုဝင်စာကိုယ်, ၎င်းအဘွင့် သာရဇနာနန္ဒိကာသနီဋီကာ,စူဠထူပဝင်, မဟာထူပဝင်, နဠာဋဓာတုဝင်, ဆကေသဓာတုဝင်, ဝုတ္တောဒယဆန်း စာကိုယ်-ဋီကာ,သုဗောဓာလင်္ကာရစာကိုယ်-ဋီကာ,ဗျာကရိုဏ်းကျမ်း, ဆေးကျမ်း,ဗေဒင်ကျမ်းများကိုညှိနှိုင်း၍–

သီဟိုဠ်ကျွန်းဖြစ်အဋ္ဌကထာနိဂုံး,ဋီကာနိဂုံး,ဂဏ္ဌိနိရနိဂုံး,တမ္ဗဒီပ တိုင်းမဓိပတိ အရိမဒ္ဒနာ, ပေါက္ခာရာမ, တမ္ဗဝတီ, သိရိပစ္စယာ, ပုဂံ

၅-မည်ရသောမြို့၌ သက္ကရာဇ် ၃၇၉-ခုနှစ် နန်းတက်သော နော်ရထာ မင်းစော နန်းစံ ၄၀-ပြည့်နှစ်ကစ၍ ပုဂံ, မြင်စိုင်း, စစ်ကိုင်း, ပင်းယ, ရတနာပူရ,ရတနာသိင်္ဂ, အမရပူရ, မန္တလေးရတနာပုံမြို့တိုင် ကျမ်းဂန်တတ်မြောက်သည့် ပုဂ္ဂိုလ်ကျော်တို့ ပြုစုစီရင်သည့် ကျမ်းဂန်နိဂုံးများကိုကြည့်ရှု၍ သက္ကရာဇ် ၁၂၄၀-ခု၊ ဝါဆိုလဆန်း ၅-ရက် တနင်းလာနေ့ မိုင်းခိုင်းအတွင်းဝန် ပိဋကတ်တော်အုပ် "မင်းကြီးမဟာသီရိဇေယသူ" စီကုံးရေးသားသည့် "ပိဋကတ် ၃-ပုံစာတမ်း"။

## ၁။ ပိဋကတ် ၃-ပုံပါဠိတော်စာရင်းကျယ်

### (က) ဒီဃနိကာယ် ၃-ကျမ်းပါဠိတော်

၁။ *သုတ်သီလက္ခန်ပါဠိတော်မှာ။ ။မဟာသက္ကရာဇ်၁၄၈-ခုနှစ်တွင် မလ္လာမင်းတို့ ပျော်ခင်းစံရာ ကုသိနာရုံ တောင်ဂုံဝယ် ကဆုန်လပြည့် အင်္ဂါနေ့ သဗ္ဗညုဘုရားပရိနိဗ္ဗာန် စံယူတော်မူပြီးသည်မှ ၄-လ မြောက် ဝါခေါင်လပြည့်ကျော် ၅-ရက်နေ့ မဂဓတိုင်း အဝင်အပါ ဝေဘာရ, ဝေပုလ္လ, ပဏ္ဍဝ, ဣသိဂိလိ, ဂိဇ္ဈကုဋ ဟုဆိုအပ်သော ငါးလုံးတောင်ယံ ခြံသို့ရံသောကြောင့် ဂိရိဗ္ဗဇ မည်သော ရာဇဂြိုဟ်ပြည်ဝေဘာရတောင်ယံဝယ်စရည်းပင်ရောက်ရာယိုဏ်၌အဇာတသတ်သမုန်တ်လျှင် စီရင်ခင်းကျင်း ဘန်ဆင်းအပ်သော ပြဟ္မာ့ဗိမာန် နှိုင်းတန်သာယာ မင်္ဂလာမဏ္ဍပ်ကြီး၌ ဗိမ္ဗိသာရမင့်းသားတော် အဇာတသတ်မင်းကို အမှီပြု၍။

အရှင်မဟာကဿပ,အရှင်ဥပါလိ,အရှင်အာနန္ဒာ,အရှင်အနုရုဒ္ဓါ အစရှိကုန်သော ရဟန္တာ ၅၀၀-တို့သည် ၇-လတို့ပတ်လုံး ပိဋကတ် ၃-ပုံကို ပဌမသင်္ဂါယနာတင်တော်မူကုန်သည်။

---

*ဤကဲ့သို့ကျမ်းမည်အစ၌ ခရေးပွင့်ပြသော ကျမ်းများကား ရဟန်းရှင်လူ အပေါင်းတို့ အဘိုးအခမရှိဘဲ ကြည့်ရှုကူးယူနိုင်ကြစေရန် "ဘာနတ်မဟာမင်းကြီး" တည်ထောင်ဘွင့်လှစ်ထားအပ်သော ရန်ကုန်မြို့ အစိုးရ "ဘာနတ် ပိဋကတ်တိုက်" တွင် ရှိသည်ဟု ညွှန်ပြသည်။

ခရေးပွင့်မပြသောကျမ်းများကား ဘာနတ်ပိဋကတ်တိုက်တွင် ယခုမရှိသေး ရှိစေရန် အစိုးရမင်းတို့ စီမံဆဲဖြစ်သည်။

ထိုအခါ နဝစန္ဒကိန်းသက္ကရာဇ်ရှည် ၁၄၈-နှစ်ကို အကုန်ချေ၍ သာသနာသက္ကရာဇ် တနှစ်အဝင်တွင် မဇ္ဈိမဒေသ မဂဓတိုင်း ရာဇဂြိုဟ်ပြည် အဇာတသတ်မင်း နန်းစံရှစ်နှစ်၊ ငါတို့မြန်မာတိုင်း တကောင်းသင်းတွဲပြည် ဇမ္ဗုဒီပဓဇမင်း နန်းစံ ၅-နှစ်ကျော်တည်း၊ အဇာတသတ်မင်းနှင့် ဇမ္ဗုဒီပဓဇမင်း ပြိုင်၏၊ (နဝစန္ဒကိန်းကို အကုန်ချေသည်ဟူ၍ သာရတ္ထဒီပနီဋီကာ၌ဆိုသည်။)

ထိုနောက် သဗ္ဗညုဘုရားပရိနိဗ္ဗာန်စံတော်မူသည့်နောက် အနှစ်တရာပြည့်သောအခါ၌ ဝေသာလီပြည် ဝါလိကာရုံ ကျောင်း၌ သုသုနာဂမင်း သားတော် ကာဠာသောက မင်းကိုအမှီပြု၍ အရှင်အာနန္ဒာတပည့် ရဟန္တာမဟာယသ,အရှင်ရေဝတ, ဝါတော် ၁၂၀ ရှိသော အရှင်သဗ္ဗကာမိက ရဟန္တာအမှူးရှိသော ၇၀၀- ကုန်သော ရဟန္တာအရှင်မြတ်တို့သည် ရှစ်လတို့ပတ်လုံး ပိဋကတ် ၃-ပုံကို ဒုတိယသင်္ဂါယနာတင်တော်မူကုန်သည်။

ထိုအခါ မဇ္ဈိမဒေသ ပါဋလိပုတ်ပြည် သုသုနာဂမင်းသား ကာဠာသောကမင်း နန်းစံ ၁၀-နှစ်၊ ငါတို့မြန်မာတိုင်း သိရိခေတ္တရာ ရသေ့ပြည်၌ သက္ကရာဇ် ၁၀၁-ခုနှစ် နန်းတက်သော ဒွတ္တပေါင်မင်းဘိသိက်မခံမီတနှစ်၊ သာသနာသက္ကရာဇ်နှစ်တရာတည်း၊ ကာဠာသောကမင်းနှင့် ဒွတ္တပေါင်မင်းပြိုင်၏။

ထိုနောက်သဗ္ဗညုဘုရား ပရိနိဗ္ဗာန်စံတော်မူသည့်နောက် အနှစ် ၂၃၅-နှစ်မြောက်သောအခါ၌ ပါဋလိပုတ်သမုတ်တွင်မည် မြတ်သောပြည်၌ အသောကာရုံ ကျောင်းရွှေဘုံဝယ် သိရိဓမ္မာသောကမင်းကို အမှီပြု၍ အရှင်မဟာမောဂ္ဂလိပုတ္တတိဿရဟန္တာ အမှူးရှိသော တထောင်မျှလောက်ကုန်သော ရဟန္တာအရှင်မြတ်တို့သည် ၉-လတို့ပတ်လုံး ပိဋကတ် ၃-ပုံကို တတိယသင်္ဂါယနာတင်တော်မူကုန်သည်။

ထိုအခါ မဇ္ဈိမဒေသ ပါဋလိပုတ်ပြည် သိရိဓမ္မာသောကမင်း နန်းစံ ၁၅-နှစ်၊ ငါတို့မြန်မာတိုင်း သိရိခေတ္တရာရသေ့ပြည်၌ သက္ကရာဇ် ၁၉၃ ခုနှစ် နန်းတက်သော ရန်ပေါင်မင်း နန်းစံ ၁၂-နှစ်တည်း၊ သိရိဓမ္မာသောကမင်းနှင့် ရန်ပေါင်မင်းပြိုင်၏။

ထိုနောက်သီဟိုဠ်ကျွန်း၌ ပြည်ရွာကိုလုယက်သော စဏ္ဍာလ တိဿ မည်သော ဒွန်းစဏ္ဍားသူပုန်ဘေးဖြစ်သောအခါ မိုးကောင်း မရွာ မလုပ်ဆောင်ရ၍ ငတ်မွတ်ကြလတ်သော် သိကြားမင်းလာ၍ "အရှင်ဘုရားတို့....ပိဋကတ်ကို မဆောင်နိုင်ကုန်လတ္တံ့၊ ဤဘောင်ကိုစီး၍ ကူးပါကုန်၊ ဘောင်မဆန့်လျှင် သစ်တုံး ဝါးတုံးကိုပင် ရင်ဖြင့်အပ်၍ ကူးပါကုန်၊ ဘေးမဖြစ်ရအောင် ကျွန်ုပ်စောင့်ရှောက်ပါအံ့" ဟု ရဟန္တာတို့အား လျှောက်ကြား၏။

ထိုရေအခါ ရဟန္တာ ၆-ကျိပ်တို့သည် သမုဒ္ဒရာနားသို့ရောက်မှပင် "ဇမ္ဗူဒိပ်ကျွန်း မဇ္ဈိမဒေသအဝင်အပါ တိုင်းကြီး ၁၆-တိုင်း၊ ပြည်ကြီး ၁၆-ပြည်သို့မကူးလိုပြီ၊ ဤတွင်သာနေ၍ ပိဋကတ်ကိုဆောင်ရွက်စောင့်ရှောက်ကုန်အံ့"ဟု ကတိကဝတ်ပြုလျက် သဘော်ဆိပ်က ပြန်ခဲ့ပြီးမှ သီဟိုဠ်ကျွန်းအစိတ် မလယဇနပုဒ်သို့သွား၍ သစ်ဖု၊ သစ်မြစ်၊ သစ်ရွက်ဖြင့်သာ ကိုယ်ကိုမျှခစေသဖြင့် ပိဋကတ်စာပေ သရဇ္ဈာယ်တော်မူကုန်၏၊ ဆာလောင်ခြင်းပြင်းလှ၍ မသရဇ္ဈာယ်နိုင်သောအခါ သဲကိုစုပုံ၍ ဝမ်းအောက်ကထားပြီးမှ တခုတည်းသော အရပ်၌ ဦးခေါင်းဆိုက်ကုန်လျက် ပိဋကတ်စာပေကိုစိတ်ဖြင့် ဆင်ခြင်ကုန်၏၊ ဤသို့လျှင် ၁၂-နှစ်ပတ်လုံး အဋ္ဌကထာနှင့်တကွ ပိဋကတ် ၃-ပုံကို မကွယ်မပျောက်ရအောင် ဆောင်ရွက်စောင့်ရှောက်တော်မူကုန်၏။

၁၂-နှစ်စေ့၍ ဒွန်းစဏ္ဍားသူပုန်ဘေး ပြေငြိမ်းသောအခါ ဇမ္ဗူဒိပ်ကျွန်းမဇ္ဈိမဒေသအဝင်အပါ တိုင်းကြီး ၁၆-တိုင်း၊ ပြည်ကြီး ၁၆-ပြည်သို့ကူး၍ ပိဋကတ် ၃-ပုံကိုဆောင်ရွက် စောင့်ရှောက်ကြလေသော ရဟန္တာခုနစ်ရာတို့ပြန်လာ၍ သီဟိုဠ်ကျွန်းအစိတ် ကလ္လာရာမဇနပုဒ် မဏ္ဍလာရာမကျောင်းသို့ ရောက်ကုန်၏၊ ဇမ္ဗူဒိပ်ကျွန်း မဇ္ဈိမဒေသ အဝင်အပါ တိုင်းကြီး ၁၆-တိုင်း၊ပြည်ကြီး ၁၆-ပြည်သို့ မကူးဘဲ သီဟိုဠ်ကျွန်းတွင် ကျန်ရစ်သောရဟန္တာ ၆-ကျိပ်တို့သည် မဏ္ဍလာရာမကျောင်းသို့သွား၍ ဖူးတွေ့ကြသော် အဋ္ဌကထာနှင့်တကွ ပိဋကတ် ၃-ပုံကို တိုက်ဆိုင်တည်းဖြတ်ကြသည်။

တပုဒ်တသဝေမျှ မချွတ်မလွဲကြ၊ ဂင်္ဂါရေနှင့် ယမုနာရေကို ရောနှော သော်ညီညွတ်သကဲ့သို့ ဇမ္ဗူရာစ်ရွှေစင်ကိုဖြတ်၍စံသော် အရောင်အသွေး မထူးသကဲ့သို့ မထူးမခြား ညီညွတ်ကြလေသည်ဟု ကော်ကွံရပ)ခွိတော် ဒသမဝဂ် ဒသမသုတ်အဘွင့်, မနောရထပူရဏီအဋ္ဌကထာ, သာရတ္ထ မဉ္ဇူသာဋီကာသစ်ကြီး, ဘိက္ခုပါစိတ် အဋ္ဌကထာ သဟဓမ္မိကဝဂ် ဝိလေခနသိက္ခာပုဒ်အဘွင့် တေရသကဏ်ဋီကာ, ဝိနည်းသင်္ဂြိုဟ်ဋီကာ ဟောင်း,ဝိနယာလင်္ကာရ ဋီကာသစ်တို့၌ ဆိုသည်။

သဗ္ဗညုဘုရား သက်တော်ထင်ရှား ရှိတော်မူသည်ကစ၍ ကာလ အရှည် ရဟန္တာစဉ်ဆက် ပိဋကတ် ၃-ပုံကို နှုတ်တက်ဆောင်၍ နှုတ် တွင်သာစောင့်ရှောက်ထိန်းသိမ်းကြကုန်သည်၊ သတိ, ပညာ, သမာဓိ ကြီးမြတ်ကုန်သဖြင့် မုခပါဌ်ဖြင့်သာ ဆောင်ရွက်နိုင်ကုန်သည်၊ ထိုသို့ ပိဋကတ် ၃-ပုံကိုဆောင်ရွက်လေသည်ကား ကာလအားဖြင့် ၄၉၅- နှစ်လျှင် ကြာမြင့်သတည်း။

သဗ္ဗညုဘုရား ပရိနိဗ္ဗာန် လွန်တော်မူသည့်နောက် မဟာဝင်စသော ကျမ်း၌လာသော သာသနာနှစ် ၄၅၀-ရောက်သောအခါ သီဟိုဠ်မင်း ၁၀-ဆက်မြောက် သဒ္ဓါတိဿမင့်သားတော် ဝဋ္ဋဂါမဏိမင်း နန်းစံ ၆-နှစ်တွင် နှောင်သောအခါ သတ္တဝါတို့ သတိ, သညာ, သမာဓိ ယုတ်လျော့ကြ၍ ပိဋကတ် ၃-ပုံကိုနှုတ်တက် မဆောင်မရွက်နိုင်လတ္တံ့ သည်ကို မြင်တော်မူကုန်၍ ရဟန္တာအရှင်မြတ် ၅၀၀-တို့သည် ထိုဝဋ္ဋဂါမဏိမင်း အစောင့်အရှောက်ပြုသည်ဖြစ်၍ သီဟိုဠ်ကျွန်း အစိတ် မလယဇနပုဒ် အာလောကမည်သောလိုဏ်၌ အဋ္ဌကထာနှင့် တကွသော ပိဋကတ် ၃-ပုံကို ပေထက် အက္ခရာတင်ထားပြီးလျှင် အကြိမ် ၁၀၀-တိုင်တိုင်တည်းပြင်၍ သင်္ဂါယနာကြီး ၃-တန်မှထောက် သဖြင့် စတုတ္ထသင်္ဂါယနာ တင်တော်မူကုန်သည်။

ထိုအခါ သီဟိုဠ်ကျွန်း ဝဋ္ဋဂါမဏိမင်းနှင့် ငါတို့မြန်မာတိုင်း သိရိ ခေတ္တရာရသေ့ပြည်၌ သက္ကရာဇ် ၄၃၃-ခုနှစ် နန်းတက်သော ကြက် ခေါင်းစား ဝေပါးမင်းပြိုင်၏။

၂။ *သုတ်မဟာဝါပါဠိတော်မှာ၊ငင်း။
၃။ *သုတ်ပါထေယျပါဠိတော်မှာ၊ငင်း။

ပေါင်း....၃။

စတုတ္တိံသသုတ္တံ ဒီဃံ၊ ဝဂ္ဂေ တိဝဂ္ဂသင်္ဂဟံ။
စတုသဋ္ဌိဘာဏဝါရံ၊ အာနန္ဒာဒီဟိ ဓာရိတံ။ ။

စတုတ္တိံသသုတ္တံ၊ ဗြဟ္မဇာလ စသော ၃၄-သုတ် အရေအတွက်ရှိသော။ တိဝဂ္ဂသင်္ဂဟံ၊ သီလက္ခန္ဓဝဂ်,မဟာဝဂ်, ပါထိယဝဂ်အားဖြင့် ၃-ဝဂ် အရေအတွက်ရှိသော။ စတုသဋ္ဌိဘာဏဝါရံ၊ ခြောက်ဆယ့်လေးဘာဏဝါရပမာဏရှိသော။ အာနန္ဒာဒီဟိ၊ အရှင်အာနန္ဒာအစရှိသည်တို့သည်။ ဓာရိတံ၊ ဆောင်ရွက်အပ်သော။ ဒီဃံ၊ ဒီဃနိကာယ်ကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏။

(ခ) မဇ္ဈိမနိကာယ် ၃-ကျမ်းပါဠိတော်

၄။ *မူလပဏ္ဏာသ ပါဠိတော်မှာ။ ။သဗ္ဗညုဘုရားဟော သင်္ဂါယနာ ၄-တန်တိုင်တိုင် တင်တော်မူသည့်ပါဠိတော်။
၅။ *မဇ္ဈိမပဏ္ဏာသပါဠိတော်-မှာ၊ ငင်း။
၆။ *ဥပရိပဏ္ဏာသပါဠိတော်-မှာ၊ ငင်း။

ပေါင်း....၃။

မူလ မဇ္ဈိမ ဥပရိ၊ ပဏ္ဏာသတော စ တိဗ္ဗိဓံ။
မူလပရိယာယာဒိကံ၊ ဝန္ဒေ တံ ဝရ မာဂမံ။ ။

မူလမဇ္ဈိမဥပရိပဏ္ဏာသတော စ၊ မူလပဏ္ဏာသ, မဇ္ဈိမပဏ္ဏာသ ဥပရိပဏ္ဏာသအားဖြင့်လည်း။ တိဗ္ဗိဓံ၊သုံးပါး အပြားရှိသော။ မူလပရိယာယာဒိကံ၊ မူလပရိယာယသုတ် အစရှိသော။ ဝရံ၊ မြတ်သော။ အာဂမံ၊ အတ္တတ္တစသည်တို့သည် လာရာလာကြောင်းဖြစ်သော။ တံ၊ ထိုမဇ္ဈိမနိကာယံ၊ ထိုမဇ္ဈိမနိကာယ်ကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏။

(ဂ) သံယုတ္တနိကာယ် ၅-ကျမ်းပါဠိတော်

၇။ * သဂါထာဝဂ္ဂသံယုတ် ပါဠိတော်-မှာ။ ။သဗ္ဗညုဘုရားဟော သင်္ဂါယနာ ၄-တန်တိုင်တိုင် တင်တော်မူသည့် ပါဠိတော်။

၈။ * နိဒါနဝဂ္ဂသံယုတ်ပါဠိတော်-မှာ၊ ၎င်း။
၉။ * ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်-မှာ၊ ၎င်း။
၁၀။ * သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်-မှာ၊ ၎င်း။
၁၁။ * မဟာဝဂ္ဂသံယုတ်ပါဠိတော်-မှာ၊ ၎င်း။

ပေါင်း…. ၅။

သဂါထာဝဂ္ဂနိဒါနံ၊ ခန္ဓော စ သဠာယတနံ။
မဟာဝဂ္ဂေါတိ ပဉ္စေတေ၊ နမေဿတရဏာဒယော။ ။

သဂါထာဝဂ္ဂနိဒါနံ၊ သဂါထာဝဂ္ဂ, နိဒါနဝဂ္ဂရှင်း။ ခန္ဓော စ၊ ခန္ဓဝဂ္ဂရှင်း။ သဠာယတနံ၊ သဠာယတနဝဂ္ဂရှင်း။ မဟာဝဂ္ဂေါ၊ မဟာဝဂ္ဂရှင်း။ ဣတိ၊ ဤသို့။ ဩဃတရဏာဒယော၊ ဩဃတရဏ သုတ်အစရှိကုန်သော။ ဧတေပဉ္စသံယုတ္တေ၊ ထိုသံယုတ်ငါးကျမ်းတို့ကို။ အဟံ၊ အကျွန်ုပ်သည်။ နမေ-နမာမိ၊ ရှိခိုးပါ၏။

(ဃ) အင်္ဂုတ္တရနိကာယ် ၁၁-ကျမ်းပါဠိတော်

၁၂။ * ဧကင်္ဂုတ္တရပါဠိတော်-မှာ။ ။သဗ္ဗညုဘုရားဟော သင်္ဂါယနာ ၄-တန်တိုင်တိုင် တင်တော်မူသည့် ပါဠိတော်။
၁၃။ * ဒုကင်္ဂုတ္တရပါဠိတော်-မှာ၊ ၎င်း။
၁၄။ * တိကင်္ဂုတ္တရပါဠိတော်-မှာ၊ ၎င်း။
၁၅။ * စတုက္ကင်္ဂုတ္တရပါဠိတော်-မှာ၊ ၎င်း။
၁၆။ * ပဉ္စင်္ဂုတ္တရပါဠိတော်-မှာ၊ ၎င်း။
၁၇။ * ဆက္ကင်္ဂုတ္တရပါဠိတော်-မှာ၊ ၎င်း။
၁၈။ * သတ္တင်္ဂုတ္တရပါဠိတော်-မှာ၊ ၎င်း။
၁၉။ * အဋ္ဌင်္ဂုတ္တရပါဠိတော်-မှာ၊ ၎င်း။
၂၀။ * နဝင်္ဂုတ္တရပါဠိတော်-မှာ၊ ၎င်း။
၂၁။ * ဒသင်္ဂုတ္တရပါဠိတော်-မှာ၊ ၎င်း။
၂၂။ * ဧကာဒသင်္ဂုတ္တရပါဠိတော်-မှာ၊ ၎င်း။

ပေါင်း…. ၁၁။

ဧကာဒေကာဒသကန္တံ၊ ဧကေကင်္ဂါတိရေကတော။
စိတ္တပ္ပရိယာဒါနာဒိံ၊ ဝန္ဒေ နိပုဏာ မုတ္တမံ။ ။

ကေကဂ်ါတိရေကတော၊ တပါးတပါးသောအင်္ဂါကို လွန်သောအားဖြင့်။ ကောဒေကာဒသကန္တံ၊ ကေနိပါတ်အစ, ကောဒသနိပါတ်အဆုံးရှိသော။ စိတ္တပရိယာဒါနာဒိံ၊ စိတ္တပရိယာဒါနသုတ်အစရှိသော။ နိပုဏံ၊သိမ်မွေ့သော။ ဥတ္တမံ၊မြတ်သော။ အင်္ဂုတ္တရံ၊ အင်္ဂုတ္တရနိကာယ်ကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏။

(င) ခုဒ္ဒကနိကာယ် ၁၅-ကျမ်းပါဠိတော်

၂၃။ * ခုဒ္ဒကပါဌပါဠိတော်-မှာ။ ။သဗ္ဗညုဘုရားဟော သင်္ဂါယနာ ၄-တန်တိုင်တိုင် တင်တော်မူသည့်ပါဠိတော်။

၂၄။ * ဓမ္မပဒပါဠိတော်-မှာ၊ ၎င်း။

၂၅။ * ဥဒါန်းပါဠိတော်-မှာ၊ ၎င်း။

၂၆။ * ဣတိဝုတ်ပါဠိတော်-မှာ၊ ၎င်း။

၂၇။ * သုတ္တနိပါတ်ပါဠိတော်-မှာ၊ ၎င်း။

၂၈။ * ဝိမာနဝတ္ထုပါဠိတော်-မှာ၊ ၎င်း။

၂၉။ * ပေတဝတ္ထုပါဠိတော်-မှာ၊ ၎င်း။

၃၀။ * ထေရဂါထာပါဠိတော်-မှာ၊ ၎င်း။

၃၁။ ထေရီဂါထာပါဠိတော်-မှာ၊ ၎င်း။

၃၂။ * ပါဠိဇာတ်ပါဠိတော်-မှာ၊ ၎င်း။

၃၃။ * မဟာနိဒ္ဒေသပါဠိတော်-မှာ၊ ၎င်း။

၃၄။ * ပဋိသမ္ဘိဒါမဂ်ပါဠိတော်-မှာ၊ ၎င်း။

၃၅။ * အပဒါန်ပါဠိတော်-မှာ၊ ၎င်း။

၃၆။ * ဗုဒ္ဓဝင်ပါဠိတော်-မှာ၊ ၎င်း။

၃၇။ * စရိယပိဋကပါဠိတော်-မှာ၊ ၎င်း။

ပေါင်း…. ၁၅။

ခုဒ္ဒကော ဓမ္မပဒါနိတိ၊ သုတ္တ ဝိမာန ပေတကာ။
ထေရ ထေရီ ဇာတကာ စ၊ နိဒ္ဒေသ ပဋိသမ္ဘိဒါ။
အပဒါန ဗုဒ္ဓဝံသာ၊ စရိယာ ခုဒ္ဒကံ နမေ။ ။

ခုဒ္ဒကော၊ ခုဒ္ဒကပါဌ၎င်း။ ဓမ္မပဒါနိတိ၊ ဓမ္မပဒကျမ်း, သုတ်ရှစ်ဆယ်ရှိသောဥဒါန်း, သုတ်တရာ့တဆယ်ရှိသော ဣတိဝုတ္တက၎င်း။ သုတ္တဝိမာနပေတကာ၊ သုတ္တနိပါတ်, ဝိမာနဝတ္ထု, ပေတဝတ္ထုတို့၎င်း။

ထေရထေရီဇာတကာစ၊ ထေရဂါထာ, ထေရီဂါထာ, ငါးရာ့ငါး ဆယ်ဇာတ်တို့ရင်း။ နိဒ္ဒေသပဋိသမ္ဘိဒါ၊ မဟာနိဒ္ဒေသ, ပဋိသမ္ဘိဒါ မဂ်တို့ရင်း။ အပဒါနဗုဒ္ဓဝံသာ၊ ဘုရား, ပစ္စေကဗုဒ္ဓါ, ဘိက္ခု, ဘိက္ခုနီ အပဒါန်, ဒီပင်္ကရာအစ, ဂေါတမအဆုံးရှိသော နှစ်ကျိပ်ငါးပါးဘုရား တို့၏အနွယ်ကိုဟောရာ ဗုဒ္ဓဝင်တို့ရင်း။ စရိယာ၊ ဤကမ္ဘာ၌ဖြည့်ကျင့် အပ်သော ဇာတ်ကိုဟောရာ စရိယပိဋကရင်း။ ဣတိ၊ ဤသို့၊ ပန္နရ- သပ္ပဘေဒံ၊ တဆယ့်ငါးကျမ်းအပြားရှိသော၊ ခုဒ္ဒကံ၊ ခုဒ္ဒကနိကာယ ကို။ အဟံ၊ အကျွန်ုပ်သည်။ နမေ-နမာမိ၊ ရှိခိုးပါ၏။

၃၈။ * သုတ္တသင်္ဂဟပါဠိတော်-မှာ။ ။သီဟိုဠ်ကျွန်းအနုရာဓမြို့နေ အမည်မသိမထေရ်တို့ သဗ္ဗညုဘုရားဟော သုတ္တန်ပါဠိတော်တို့က ထုတ်နုတ်ထားသည်။

၃၉။ * နေတ္တိပါဠိတော်-မှာ။ ။ဥဇ္ဇေနီပြည်၌ တိရိဋိဝစ္ဆပုဏ္ဏား နှင့် ဘဒ္ဒပရမာပုဏ္ဏေးမတို့သင့်မြတ်ရာ မွေးဘွားသည့်သားဖြစ်သည်၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိသောကြောင့် ကစ္စာနဟူသောအမည် ကိုလည်းမှည့်သည်၊ နောက်အရွယ်သို့ရောက်လျှင် ဥဇ္ဇေနီပြည်၌နန်း စံသော သုစန္ဒပဇ္ဇောတမင်း ပုရောဟိတ်ဖြစ်သည်၊ ပုရောဟိတ်ဖြစ်ပြီး နောက်မှ တောထွက်၍ရဟန္တာဖြစ်သည်၊ ရဟန္တာဖြစ်ပြီးမှ အကျဉ်း ဟောတော်မူသော တရားတော်ကို အကျယ်ချဲ့၍ဟောသောအရာ၌ ဧတဒဂ်ရသောကြောင့် ဤနေတ္တိပါဠိတော်ကိုဟောတော်မူသည်။

၄၀။ * ပေဋကောပဒေသပါဠိတော်-မှာ။ ။ရဟန္တာအရှင်မဟာ ကစ္စည်းဟောတော်မူသည့် နေတ္တိပါဠိတော်ကို အမှီပြု၍ရဟန္တာအရှင် မြတ်တို့ဟောတော်မူသည်၊ ပေဋကောပဒေသကို (ပိဋက+ဥပဒေသ) ပုဒ်ဖြတ်ရမည်၊ ပိဋကတ်သုံးပုံကိုညွှန်ပြသောကျမ်းဆိုလိုသည်၊ အဘွင့် အဋ္ဌကထာမရှိ။

၄၁။ * မိလိန္ဒပဉှာပါဠိတော်-မှာ။ ။သာဂလမြို့ အလသီကျွန်း ဘွား မိလိန္ဒမင်းကြီး မေးလျှောက်၍ မြင့်မိုရ်တောင်အနီး ဗြာဟ္မဏရွာ ဇာတိရဟန္တာ ရှင်နာဂသိန်ဟောတော်မူသည်၊အဘွင့်အဋ္ဌကထာမရှိ။

ပေါင်း.... ၄။

၂-စု.... ၁၉။

## (စ) ခုဒ္ဒကနိကာယ်အဝင် ဝိနည်း ၅-ကျမ်းပါဠိတော်

၄၂။ * ပါရာဇိကဏ်ပါဠိတော်-မှာ။ ။သဗ္ဗညုဘုရားဟော သင်္ဂါယနာ ၄-တန်တိုင်တိုင်တင်တော်မူသည့် ပါဠိတော်၊ ရဟန်းယောကျ်ားကိုအကြောင်းပြု၍ ဟောတော်မူသောကြောင့် ပါရာဇိကဏ် ပါဠိတော်, ဘိက္ခုပါစိတ်ပါဠိတော် ၂-ကျမ်းကို ဘိက္ခုဝိဘင်းခေါ်သည်၊ ရဟန်းမိန်းမကို အကြောင်းပြု၍ ဟောတော်မူသောကြောင့် ဘိက္ခုနီပါစိတ်ပါဠိတော်ကို ဘိက္ခုနီဝိ ဘင်းခေါ်သည်၊ ၂-ကျမ်းကိုပေါင်း၍ ဥဘတော ဝိဘင်းလည်းခေါ်သည်။

၄၃။ *ပါစိတ်ပါဠိတော်-မှာ၊ ၎င်း။

၄၄။ *ဝိနည်းမဟာဝါပါဠိတော်-မှာ၊ ၎င်း။

၄၅။ *စူဠဝါပါဠိတော်-မှာ၊ ၎င်း။

၄၅။ *ပရိဝါပါဠိတော်-မှာ၊ ၎င်း။

ပေါင်း....၅။

ပါရာဇိကဥ္စ ပါစိတ္တိ၊ မဟာဝဂ္ဂေါ စ စူဠော စ။
ပရိဝါရောတိ ပဥ္စေတေ၊ ဒယာဏာဒေသိတေ ဝန္ဒေ။ ။

ပါရာဇိကဥ္စ၊ ပါရာဇိကဏ်၎င်း။ ပါစိတ္တိစ၊ ပါစိတ်၎င်း။ မဟာဝဂ္ဂေါစ၊ မဟာဝါ၎င်း။ စူဠောစ၊ စူဠဝါ၎င်း။ ပရိဝါရောစ၊ ပရိဝါ၎င်း။ ဣတိ၊ ဤသို့။ ဒယာဏာ၊ မဟာကရုဏာတော်သည်နှိုးဆော်တိုက်တွန်းအပ်သည်ဖြစ်၍။ ဒေသိတေ၊ ဟောကြားပညတ်အပ်ကုန်သော။ ဧတေ ပဥ္စပကရဏေ၊ ဤဝိနည်း ၅-ကျမ်းတို့ကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏။

ဘိက္ခုဘိက္ခုနီ ဝိဘင်္ဂါ၊ မဟာဝဂ္ဂေါ စ စူဠောစ။
ပရိဝါရောတိ ပဥ္စေတေ၊ ဒယာဏာ ဒေသိတေ ဝန္ဒေ။ ။

ဘိက္ခုဘိက္ခုနီဝိဘင်္ဂါစ၊ ဘိက္ခုဝိဘင်း, ဘိက္ခုနီ ဝိဘင်း၎င်း။ မဟာဝဂ္ဂေါစ၊ မဟာဝါ၎င်း။ စူဠောစ၊ စူဠဝါ၎င်း။ ပရိဝါရောစ၊ ပရိဝါ၎င်း။ ဣတိ၊ ဤသို့။ ဒယာဏာ၊ မဟာကရုဏာတော်သည် နှိုးဆော်တိုက်တွန်းအပ်သည်ဖြစ်၍။ ဒေသိတေ၊ ဟောကြား ပညတ်အပ်ကုန်သော။ ဧတေပဥ္စပကရဏေ၊ ဤဝိနည်း ၅-ကျမ်းတို့ကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏။

(ဆ) ဝိနည်းပိဋကတ်ဒွေမာတိကာပါဠိတော်

၄၇။ *ဘိက္ခုပါတိမောက်ပါဠိတော်-မှာ။ ။သဗ္ဗညုဘုရားဟော သင်္ဂါယနာ ၄-တန်တိုင်တိုင် တင်တော်မူသည့်ပါဠိတော်။
၄၈။ *ဘိက္ခုနီပါတိမောက်ပါဠိတော်-မှာ၊ ၎င်း။
ပေါင်း....၂။ ၂-စု....၇။

(ဇ) ခုဒ္ဒကနိကာယ်အဝင် အဘိဓမ္မာ ၇-ကျမ်းပါဠိတော်

၄၉။ *ဓမ္မသင်္ဂဏီပါဠိတော်-မှာ။ ။သဗ္ဗညုဘုရားဟော သင်္ဂါယနာ ၄-တန်တိုင်တိုင် တင်တော်မူသည့် ပါဠိတော်။
၅၀။ *ဝိဘင်းပါဠိတော်-မှာ၊ ၎င်း။
၅၁။ *ဓာတုကထာပါဠိတော်-မှာ၊ ၎င်း။
၅၂။ *ပုဂ္ဂလပညတ်ပါဠိတော်-မှာ၊ ၎င်း။
၅၃။ *ကထာဝတ္ထုပါဠိတော်-မှာ၊ ၎င်း။
၅၄။ *ယမိုက်ပါဠိတော်-မှာ၊ ၎င်း။
၅၅။ *ပဋ္ဌာန်းပါဠိတော်-မှာ၊ ၎င်း။
ပေါင်း....၇။

(ဈ) အဘိဓမ္မာ ၇-ကျမ်းပါဠိတော်ကိုအကျယ်ရေတွက် သီးခြားခွဲ၍ ကျမ်းမည်အတိုင်းအစဉ်သင့် ရေးသားထားသည့်ပါဠိတော်စာရင်း

| | | |
|---|---|---|
| ၅၆။ *ဓမ္မသင်္ဂဏီပါဠိတော် | .... | ၁ |
| ၅၇။ *ဝိဘင်းပါဠိတော် | .... | ၁ |
| ၅၈။ *ဓာတုကထာပါဠိတော် | .... | ၁ |
| ၅၉။ *ပုဂ္ဂလပညတ်ပါဠိတော် | .... | ၁ |
| ၆၀။ *ကထာဝတ္ထုပါဠိတော် | .... | ၁ |

ပေါင်း....၅။

(ည) ယမိုက် ၁၀-ကျမ်းပါဠိတော်

| | | |
|---|---|---|
| ၆၁။ *မူလယမိုက်ပါဠိတော် | .... | ၁ |
| ၆၂။ *ခန္ဓယမိုက်ပါဠိတော် | .... | ၁ |
| ၆၃။ *အာယတနယမိုက်ပါဠိတော် | .... | ၁ |

၆၄။ *ဓာတုယမိုက်ပါဠိတော် .... ၁

၆၅။ *သစ္စယမိုက်ပါဠိတော် .... ၁

၆၆။ *သင်္ခါရယမိုက်ပါဠိတော် .... ၁

၆၇။ *အနုသယယမိုက်ပါဠိတော် .... ၁

၆၈။ *စိတ္တယမိုက်ပါဠိတော် .... ၁

၆၉။ *ဓမ္မယမိုက်ပါဠိတော် .... ၁

၇၀။ *ဣန္ဒြိယယမိုက်ပါဠိတော် .... ၁

ပေါင်း .... ၁၀


---

## (၇) ပဋ္ဌာန်း ၂၄-ကျမ်းပါဠိတော်


| | | |
|---|---|---|
| ၇၁။ *တိကပဋ္ဌာန်းပါဠိတော် | ၁ | မှာ ဓမ္မအနုလောမ ၆-ကျမ်း။ |
| ၇၂။ *ဒုကပဋ္ဌာန်းပါဠိတော် | ၁ | |
| ၇၃။ *ဒုကတိကပဋ္ဌာန်းပါဠိတော် | ၁ | |
| ၇၄။ *တိကဒုကပဋ္ဌာန်းပါဠိတော် | ၁ | |
| ၇၅။ *တိကတိကပဋ္ဌာန်းပါဠိတော် | ၁ | |
| ၇၆။ *ဒုကဒုကပဋ္ဌာန်းပါဠိတော် | ၁ | |

| | | |
|---|---|---|
| ၇၇။ *ပစ္စနီယတိကပဋ္ဌာန်းပါဠိတော် | ၁ | မှာ ဓမ္မပစ္စနီက ၆-ကျမ်း။ |
| ၇၈။ *ပစ္စနီယဒုကပဋ္ဌာန်းပါဠိတော် | ၁ | |
| ၇၉။ *ပစ္စနီယဒုကတိကပဋ္ဌာန်းပါဠိတော် | ၁ | |
| ၈၀။ *ပစ္စနီယတိကဒုကပဋ္ဌာန်း ပါဠိတော် | ၁ | |
| ၈၁။ *ပစ္စနီယတိကတိကပဋ္ဌာန်းပါဠိတော် | ၁ | |
| ၈၂။ *ပစ္စနီယဒုက ဒုကပဋ္ဌာန်းပါဠိတော် | ၁ | |

| | | |
|---|---|---|
| ၈၃။ အနုလောမပစ္စနီယတိက။ | ၁ | မှာ ဓမ္မအနုလောမပစ္စနီက ၆-ကျမ်း။ |
| ၈၄။ အနုလောမပစ္စနီယဒုက | ၁ | |
| ၈၅။ အနုလောမပစ္စနီယဒုကတိက။ | ၁ | |
| ၈၆။ အနုလောမပစ္စနီယတိကဒုက။ | ၁ | |
| ၈၇။ အနုလောမပစ္စနီယတိကတိက။ | ၁ | |
| ၈၈။ အနုလောမပစ္စနီယဒုကဒုက။ | ၁ | |

| | | | |
|---|---|---|---|
| ၈၉။ | ပစ္စနီယာနုလောမတိက။ | ၁ | မှာပစ္စနီယာနု လောမ ၆-ကျမ်း။ |
| ၉၀။ | ပစ္စနီယာနုလောမဒုက။ | ၁ | |
| ၉၁။ | ပစ္စနီယာနုလောမဒုကတိက။ | ၁ | |
| ၉၂။ | ပစ္စနီယာနုလောမတိကဒုက။ | ၁ | |
| ၉၃။ | ပစ္စနီယာနုလောမတိကတိက။ | ၁ | |
| ၉၄။ | ပစ္စနီယာနုလောမဒုကဒုက။ | ၁ | |

ပေါင်း ၂၄-မှာ ၆-ကျမ်းကိုတည်၊ ၄-ကျမ်းနှင့်မြှောက် ၂၄-ဖြစ်၏။

ဓမ္မသင်္ဂဏီ ဝိဘင်္ဂါ၊ ဓာတုကထာ စ ပုဂ္ဂလ။
ပညတ္တိ စ ကထာဝတ္ထု၊ ယမကဉ္စ ပဋ္ဌာနကံ။
သတ္တပကရဏံ ဝန္ဒေ၊ ပညပဋ္ဌာနဒေသနံ။ ။

ဓမ္မသင်္ဂဏီ၊ ဓမ္မသင်္ဂဏီကျမ်းရင်း။ ဝိဘင်္ဂါ၊ ဝိဘင်းကျမ်းရင်း။ ဓာတုကထာစ၊ ဓာတုကထာကျမ်းရင်း။ ပုဂ္ဂလပညတ္တိစ၊ ပုဂ္ဂလပညတ်ကျမ်းရင်း။ ကထာဝတ္ထု၊ ကထာဝတ္ထုကျမ်းရင်း။ ယမကဉ္စ၊ ယမိုက်ကျမ်းရင်း။ ပဋ္ဌာနကံ၊ ပဋ္ဌာန်းကျမ်းရင်း။ ဣတိ၊ ဤသို့။ ပညာပဋ္ဌာနဒေသနံ၊ ပညာပဋ္ဌာန ဒေသနာဖြစ်သော။ သတ္တပကရဏံ၊ အဘိဓမ္မာ ၇-ကျမ်းကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏။

[၄-စုပေါင်း....၄၆၊ စုစုပေါင်း....၉၄။]

### ပိဋကတ်သုံးပုံပါဠိတော်အချုပ်

| | | |
|---|---|---|
| ဒီဃနိကာယ် ၃-ကျမ်းပါဠိတော် | .... | ၃ |
| မဇ္ဈိမနိကာယ် ၃-ကျမ်းပါဠိတော် | .... | ၃ |
| သံယုတ္တနိကာယ် ၅-ကျမ်းပါဠိတော် | .... | ၅ |
| အင်္ဂုတ္တရနိကာယ် ၁၁-ကျမ်းပါဠိတော် | .... | ၁၁ |
| ခုဒ္ဒကနိကာယ် ၁၉-ကျမ်းပါဠိတော် | .... | ၁၉ |
| ဝိနည်း ၅-ကျမ်းပါဠိတော် | .... | ၅ |
| ဒွေမာတိကာပါဠိတော် | .... | ၂ |
| အဘိဓမ္မာ ၇-ကျမ်းပါဠိတော် | .... | ၇ |
| ပေါင်း | .... | ၅၅ |

| | | |
|---|---|---|
| တနည်းအဘိဓမ္မာ ၅-ကျမ်းပါဠိတော် | .... | ၅ |
| ယမိုက် ၁၀ ကျမ်းပါဠိတော် | .... | ၁၀ |
| ပဋ္ဌာန်း ၂၄-ကျမ်းပါဠိတော် | .... | ၂၄ |
| | ပေါင်း.... | ၃၉ |
| | ၂-စုပေါင်း.... | ၉၄ |

## (၂) ပိဋကတ် ၃-ပုံအဋ္ဌကထာစာရင်းကျယ်

### (က) ဒီဃနိကာယ် ၃-ကျမ်းအဋ္ဌကထာ

၉၅။ *သုတ်သီလက္ခန်အဋ္ဌကထာ-မှာ၊ မဂဓတိုင်း ရာဇဂြိုဟ်မြို့ မဟာဗောဓိပင်အနောက် ဃောသရွာသား ရှင်ဗုဒ္ဓဃောသသည် ရာဝဏရာဇဓာနီ, တမ္ဗပဏ္ဏိ, သီဟဠ, လင်္ကာဒီပ၊ ၄-မည်ရသော သီဟိုဠ်ကျွန်းပဏ္ဏုကာဘယမင်းတည်သည့် အနုရာဓမြို့တောင် ဒေဝါနံပိယတိဿ, မရုပိယတိဿ, နှစ်မည်ရသော မင်းတည်သည့် မဟာဝိဟာရကျောင်းတိုက်ကြီး၌ သီတင်းသုံးနေစဉ်ပြုသည်။

အနုရာဓမြို့၌ နန်းစံသော ဃောဂရတနာကရ ဆေးကျမ်းပြု ဗုဒ္ဓဒါသမင်း၊ ထို ဗုဒ္ဓဒါသမင့်းသားတော်အလတ် မင်းသားမည်-မဟာနာမ၊မင်းဖြစ်မှ သိရိပါလတံဆိပ်နာမံခံသော မင်းနန်းစံ ၁၁-နှစ်ကစ၍ သာသနာသက္ကရာဇ် ၉၃၀၊ တမ္ဗဒီပတိုင်းမ တိုင်းကြီးအချက်အချာ အရိမဒ္ဒနာမည်သော ပုဂံပြည်၌ သက္ကရာဇ် ၂၆၆-ခုနှစ်၊ အသက် ၅၃-နှစ်ရှိမှ နန်းတက်၍ နန်းစံ ၄၃-နှစ်ရှိသောအခါ သိရိပစ္စယာမြို့တည်-နန်းတည်သော၌လည်ကြောင်ကြီးမင်းနှင့် သီဟိုဠ်ကျွန်း မဟာနာမ-သိရိပါလမင်း အပြိုင်တွင် သဗ္ဗညုဘုရားဟောမဟာ အဋ္ဌကထာ-မူလ အဋ္ဌကထာတို့နှင့် မဟာပစ္စရိအဋ္ဌကထာ, စူဠပစ္စရိ အဋ္ဌကထာ,ကုရုန္ဒီအဋ္ဌကထာ,အန္ဓကအဋ္ဌကထာ,သင်္ခေပအဋ္ဌကထာ, အရိယအဋ္ဌကထာတို့၌ သီဟိုဠ်ဘာသာဖြင့် ရေးထားသော သီဟိုဠ် အက္ခရာကို မဂဓဘာသာပြန်ဆိုပြီးလျှင်—

အဋ္ဌကထာကြီး ၈-ကျမ်းတို့၌ စကားအထပ်ထပ်အကျယ်ဘွင့်ပြသည်ကိုမဘွင့်မပြ စကားလည်းအထပ်ထပ်မဆိုဘဲ အကျဉ်းချုံး၍ ဘွင့်ပြသောနိကာယ် ၅ ကျမ်းအဋ္ဌကထာနှင့် ပိဋကတ် ၃-ပုံအစုံပါဠိတော်တို့ကား ဇမ္ဗူဒိပ်ကျွန်း သုဓမ္မပူရမည်သော သထုံပြည်၌ နန်းစံသော ဓမ္မပါလမင်းလက်ထက်ရောက်လာကြောင်းနှင့် သထုံရာဇဝင်ရတနာပူရ တတိယမြို့တည်- နန်းတည် နိဗ္ဗာန်ဆိပ်ဦးစေတီ ဒါယကာ မင်းလက်ထက် ပိဋကတ်တိုက်စိုး-ချောင်းဦး ၁၀-ရွာစား ရမ္မသိရိကျော်ထင် စီရင်သည့် သာသနဝံသကျမ်း၊ အမရပူရ ပဉ္စမမြို့တည်-နန်းတည် အောင်မြေလောကစေတီ ဒါယကာမင်းလက်ထက် ညောင်ကန်ဆရာတော်-ကဝိန္ဒာဘိ သိရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု စီရင်သည့်-ဝံသမာလာကျမ်း၊ မုံရွေးဆရာတော်- ဇာဂရဝိဇ္ဇာဘိလင်္ကာရ သိရိဓမ္မရာဇာဓိရာဇဂုရု စီရင်သည့် ဝံသဒီပနီကျမ်း၊ မင်းတိုင်ပင် အမတ်-မောင်းထောင် ဆရာကြီး ချည်ပါရွာစား မဟာဓမ္မသင်္ကြံစီရင်သည့်-အရိယဝံသာလင်္ကာရကျမ်း၊ သာသနာလင်္ကာရကျမ်း စာတမ်းများ၌ဆိုသည်။

ထိုနောက်ရာမညတိုင်းကြီး အဝင်အပါ သုဝဏ္ဏဘူမိတိုင်း သုဓမ္မပူရမြို့ သထုံပြည်၌ သီဟရာဇာ၊ သိရိမာသောက၊ ဇောတကုမာရ ၃-မည်ရသော မင်းကစ၍ ဓမ္မပါလမင်းတိုင်အောင် မင်းဆက်အများစံနေသည်၊ ထိုမင်းတို့နောက် သထုံပြည်၌ နန်းစံသောမင်းသားမည်-သူရိယကုမာရ, မနော်ဟရီနှစ်မည်ရသည်၊ နောက်နန်းတက်၍ မုဒ္ဒါဘိသိက်ခံမှ မနုဟာရာဇာတံဆိပ်နာမံခံသော-မနုဟာမင်း၊ အရိမဒ္ဒနာမြို့၌ အိမ်နိမ့်စံစဉ် အနုရုဒ္ဓါရွာကိုစားရသောကြောင့်- အနုရုဒ္ဓါမင်း၊ အနောရဒ္ဓမင်းအမည်ကိုစွဲ၍ နော်ရထာမင်းစော-ဟု ခေါ်ဝေါ်သော နော်ရထာမင်း၊ ထိုမင်းနှစ်ဦးတို့ စစ်အရေး ပြိုင်ဆိုင် တိုက်ခိုက်ကြရာ သာသနာတော် ၁၆၀၁-ခုနှစ်၊ သက္ကရာဇ် ၄၁၉-ခုနှစ်၌ နော်ရထာမင်းစောနန်းစံ ၄၀-တွင် နော်ရထာမင်းစောကနိုင်၍ သထုံပြည်မနုဟာမင်းနှင့်တကွ ပိဋကတ် ၃-ပုံပါဠိ,အဋ္ဌကထာ,ဋီကာအစုံ ၃၀-များကို သထုံပြည် မနုဟာမင်းလက်ထက်ရှိ ဆင်ဖြူ ၃၂-စီးတွင် တင်ပြီးလျှင် အရိမဒ္ဒနာမည်သောပုဂံပြည်သို့ ဆောင်ယူခဲ့သည်။

ပုဂံပြည်သို့ရောက်ကာလ ပိဋကတ် ၃-ပုံပါဠိ, အဋ္ဌကထာ, ဋီကာ အစုံ ၃၀-ကိုလည်း ရတနာအတိပြီးသော ပြာသာဒ်တွင် ထား၍ အရိယာသံဃာတို့ သင်ကြားပို့သရ၏၊ သထုံပြည်က ပါသည်ကား ပိဋကတ်တတ်သော အရိယာတထောင် စဉ်မြောက် သတည်းဟု ကလျာဏီကျောက်စာ၊ပုဂံမြို့ငှက်ပြစ်တောင် ရှင်ဝေါမာဝရ စီရင်သည့် ပါဠိနှင့်ရှိသည့်-မဟာရာဇဝင်ပါ၌၊ ပုဂံမြို့ပုဏ္ဏားမြောဟ္မဏာ စီရင်သည့်-ရာဇဝင်၊ ပုဂံရာဇဝင်၊ ညောင်ရမ်း ၁၁- ဆက်လေးကျွန်းမာရ်အောင်၊ လောကမာရ်အောင်စေတီ ဒါယကာမှန်နန်းဆင်ဖြူရှင် မင်းလက်ထက် စဉ့်ကိုင်သူဌေးဒေဝသေဋ္ဌနှင့် သူဌေးကတော်မဏိသြယ်တို့က မွေးဘွားသည့်-သားမောင်ကုလားစီရင်သည့်-မဟာရာဇဝင်ကြီး, ရာဇဝင်လတ်, ရာဇဝင်ချုပ်၊ အလုံမြို့အထက်တိုက် မောင်းထောင်ရွာဇာတိ မင်းကြီးမဟာစည်သူစီရင်သည့်- မဟာရာဇဝင်သစ်၊ ရောဝတီ, တုဋ္ဌာဝတီ, စမုံမြစ်, စမာမြစ်,ပန်းလောင်မြစ်တို့၏ စီးဆင်းကျလျောရာ အဝဖြစ်၍ အဝမြို့-ဟု တွင်သော ရတနာပူရ စေတုတ္တမြို့တည်- နန်းတည်- မဟာဝိဇယရံသီ စေတီဒါယကာမင်းလက်ထက် ရဟန်းပညာရှိ, မှူးမတ်ပညာရှိတို့စီရင်သည့် မှန်နန်း မဟာရာဇဝင်တော်ကြီး၊စလင်းမင်းသားကြီးမောင်အိုနှင့် အကြီးတော်မောင်ရေးတို့စီရင်သည့်- ရာဇဝံသဒီပကာ၊ စက္ကိန္ဒာဘိသိရိ သဒ္ဓမ္မဇမဟာဓမ္မရာဇာဓိရာဇဂုရု ညောင်ကန်ဆရာတော် ဦးပုဇ် စီရင်သည့်မဇ္ဈိမဒေသ, သီဟဠဒီပ, မြန်မာရာဇဝင်ချုပ်, သာသနာဝံသကျမ်း, ဝံသမာလာကျမ်း,ဝံသဒီပနီကျမ်း,အရိယဝံသာလင်္ကာရကျမ်း, သာသနာလင်္ကာရကျမ်း စာတမ်းများ၌ဆိုသည်။

သုတ်သီလက္ခန်, သုတ်မဟာဝါ, သုတ်ပါထေယျပါဠိတော် ၃-ကျမ်းအဘွင့် အဋ္ဌကထာအမည်ကိုလည်း သုမင်္ဂလဝိလာသနီအဋ္ဌကထာဟု အမည်မှည့်သည်။

၉၆။ * သုတ်မဟာဝါအဋ္ဌကထာ-မှာ၊ ၄၄၀။

၉၇။ * သုတ်ပါထေယျအဋ္ဌကထာ-မှာ၊ ၄၄၀။

ပေါင်း···· ၃။

### (ခ) မဇ္ဈိမနိကာယ်အဋ္ဌကထာ

၉၇။ မူလပဏ္ဏာသအဋ္ဌကထာ-မှာ၊ ၎င်း။ ။မူလပဏ္ဏာသ, မဇ္ဈိမပဏ္ဏာသ, ဥပရိပဏ္ဏာသပါဠိတော် ၃-ကျမ်းအဘွင့် အဋ္ဌကထာအမည်ကိုလည်း ပပဉ္စသူဒနီ အဋ္ဌကထာဟုအမည်မှည့်သည်။

၉၉။ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ-မှာ၊ ၎င်း။

၁၀၀။ ဥပရိပဏ္ဏာသအဋ္ဌကထာ-မှာ၊ ၎င်း။

ပေါင်း…. ၃။

---

### (ဂ) သံယုတ္တနိကာယ် ၅-ကျမ်း အဋ္ဌကထာ

၁၀၁။ * သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ-မှာ၊ ၎င်း။ ။သဂါထာဝဂ္ဂသံယုတ်, နိဒါနဝဂ္ဂသံယုတ်, ခန္ဓဝဂ္ဂသံယုတ်, သဠာယတနဝဂ္ဂသံယုတ်, မဟာဝဂ္ဂသံယုတ်ပါဠိတော် ၅-ကျမ်းအဘွင့် အဋ္ဌကထာအမည်ကိုလည်း သာရတ္ထပကာသနီအဋ္ဌကထာ အမည်မှည့်သည်။

၁၀၁။ * နိဒါနဝဂ္ဂသံယုတ်အဋ္ဌကထာ-မှာ ၎င်း။

၁၀၃။ * ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာ-မှာ၊ ၎င်း။

၁၀၄။ * သဠာယတနဝဂ္ဂသံယုတ်အဋ္ဌကထာ-မှာ၊ ၎င်း။

၁၀၅။ * မဟာဝဂ္ဂသံယုတ်အဋ္ဌကထာ-မှာ၊ ၎င်း။

ပေါင်း…. ၅။

---

### (ဃ) အင်္ဂုတ္တရနိကာယ် ၁၁-ကျမ်း အဋ္ဌကထာ

၁၀၆။ * ဧကင်္ဂုတ္တရအဋ္ဌကထာ-မှာ၊ ၎င်း။ ။ဧကင်္ဂုတ္တရ, ဒုကင်္ဂုတ္တရ, တိကင်္ဂုတ္တရ, စတုက္ကင်္ဂုတ္တရ, ပဉ္စင်္ဂုတ္တရ, ဆက္ကင်္ဂုတ္တရ, သတ္တင်္ဂုတ္တရ, အဋ္ဌင်္ဂုတ္တရ, နဝင်္ဂုတ္တရ, ဒသင်္ဂုတ္တရ, ဧကာဒသင်္ဂုတ္တရပါဠိတော် ၁၁-ကျမ်းအဘွင့် အဋ္ဌကထာအမည်ကိုလည်း မနောရထပူရဏီအဋ္ဌကထာအမည်မှည့်သည်။

၁၀၇။ * ဒုကင်္ဂုတ္တရအဋ္ဌကထာ-မှာ၊ ၎င်း။

၁၀၈။ * တိကင်္ဂုတ္တရအဋ္ဌကထာ-မှာ၊ ၎င်း။

၁၀၉။ * စတုက္ကင်္ဂုတ္တရအဋ္ဌကထာ-မှာ၊ ၎င်း။

၁၁၀။ * ပဉ္စင်္ဂုတ္တရအဋ္ဌကထာ-မှာ၊ ၎င်း။

၁၁၁၊ * ဆက္ကင်္ဂုတ္တရအဋ္ဌကထာ-မှာ၊ ၎င်း။

၁၁၂။ * သတ္တဂ်ုတ္တရအဋ္ဌကထာ-မှာ၊ ၎င်း။
၁၁၃။ * အဋ္ဌဂ်ုတ္တရအဋ္ဌကထာ-မှာ၊ ၎င်း။
၁၁၄။ * နဝဂ်ုတ္တရအဋ္ဌကထာ-မှာ၊ ၎င်း။
၁၁၅။ * ဒသဂ်ုတ္တရအဋ္ဌကထာ-မှာ၊ ၎င်း။
၁၁၆။ * ဧကာဒသဂ်ုတ္တရအဋ္ဌကထာ-မှာ၊ ၎င်း။

ပေါင်း.... ၁၁။

(င) ခုဒ္ဒကနိကာယ် ၄၉-ကျမ်း အဋ္ဌကထာ

၁၁၇။ ခုဒ္ဒကပါဌအဋ္ဌကထာ-မှာ၊ ၎င်း။ ။ခုဒ္ဒကပါဌပါဠိတော် အဘွင့် အဋ္ဌကထာအမည်ကိုလည်း ပရမတ္ထဇောတိက အဋ္ဌကထာ အမည်မှည့်သည်။

၁၁၈။ * ဓမ္မပဒအဋ္ဌကထာ-မှာ၊ ၎င်း။ ။ဓမ္မပဒပါဠိတော် အမည်ကိုအကြောင်းပြု၍ ဓမ္မပဒအဋ္ဌကထာ-ဟုအမည်မှည့်သည်၊ အဋ္ဌကထာအမည်မရှိ။

၁၁၉။ * ဥဒါန်းအဋ္ဌကထာ-မှာ။ ။သီဟိုဠ်ကျွန်း အနုရာဓမြို့အနောက် ဗဒရတိတ္ထကျောင်းနေ ရှင်ဓမ္မပါလပြုသည်၊ ဥဒါန်း, ဣတိဝုတ်ပါဠိတော် ၂-ကျမ်းအဘွင့် အဋ္ဌကထာအမည်ကိုလည်း ပရမတ္ထဒီပနီ အဋ္ဌကထာအမည်မှည့်သည်။

၁၂၀။ * ဣတိဝုတ်အဋ္ဌကထာ-မှာ၊ ၎င်း။

၁၂၁။ * သုတ္တနိပါတ်အဋ္ဌကထာ-မှာ။ ။ဇမ္ဗူဒိပ်ကျွန်း တမ္ဗဒီပတိုင်း သိရိပစ္စယာမြို့သေဉ်လည်ကြောင်ကြီးမင်းနှင့်အပြိုင် သီဟိုဠ်ကျွန်း မဟာနာမမင်းလက်ထက် သာသနာ ၉၃၀-ကျော် ရှင်ဗုဒ္ဓဃောသပြုသည်၊ သုတ္တနိပါတ် ပါဠိတော်အဘွင့်အဋ္ဌကထာကိုလည်း ပရမတ္ထဇောတိက အဋ္ဌကထာအမည်မှည့်သည်။

၁၂၂။ * ဝိမာနဝတ္ထုအဋ္ဌကထာ-မှာ။ ။သီဟိုဠ်ကျွန်း အနုရာဓမြို့အနောက် ဗဒရတိတ္ထကျောင်းနေ ရှင်ဓမ္မပါလပြုသည်၊ ဝိမာနဝတ္ထု, ပေတဝတ္ထု, ထေရဂါထာ, ထေရီဂါထာပါဠိတော် ၄-ကျမ်း အဘွင့် အဋ္ဌကထာအမည်ကိုလည်း ပရမတ္ထဒီပနီ အဋ္ဌကထာအမည် မှည့်သည်။

၁၂၃။ * ပေတဝတ္ထုအဋ္ဌကထာ-မှာ၊ ၄င်း။
၁၂၄။ * ထေရဂါထာအဋ္ဌကထာ-မှာ၊ ၄င်း။
၁၂၅။ * ထေရီဂါထာအဋ္ဌကထာ-မှာ၊ ၄င်း။

ပေါင်း.... ၉။

၁၂၆။ * ပါဠိဇာတ်ပါဠိတော်အဘွင့် ဧကနိပါတ်ဇာတ် အဋ္ဌကထာ-မှာ။ ။ဇမ္ဗူဒိပ်ကျွန်း တမ္ဗဒီပတိုင်း သီရိပစ္စယာမြို့ သေဉ်လည်ကြောင်ကြီးမင်းနှင့်အပြိုင် သီဟိုဠ်ကျွန်းမဟာနာမမင်းလက်ထက် သာသနာ ၉၃၀-ကျော် ရှင်ဗုဒ္ဓဃောသပြုသည်၊ ဧကနိပါတ်ဇာတ် နိဒါန်းအဘွင့် အဋ္ဌကထာကို ဇာတတ္ထကီအမည်မှည့်သည်။
၁၂၇။ * ဒုကနိပါတ်ဇာတ်အဋ္ဌကထာ-မှာ၊ ၄င်း။
၁၂၈။ * တိကနိပါတ်ဇာတ်အဋ္ဌကထာ-မှာ၊ ၄င်း။
၁၂၉။ * စတုကနိပါတ်ဇာတ် အဋ္ဌကထာ-မှာ၊ ၄င်း။
၁၃၀။ * ပဉ္စကနိပါတ်ဇာတ်အဋ္ဌကထာ-မှာ၊ ၄င်း။
၁၃၁။ * ဆက္ကနိပါတ်ဇာတ်အဋ္ဌကထာ-မှာ၊ ၄င်း။
၁၃၂။ * သတ္တနိပါတ်ဇာတ်အဋ္ဌကထာ-မှာ၊ ၄င်း။
၁၃၃။ * အဋ္ဌနိပါတ်ဇာတ်အဋ္ဌကထာ-မှာ၊ ၄င်း။
၁၃၄။ * နဝနိပါတ်ဇာတ်အဋ္ဌကထာ-မှာ၊ ၄င်း။
၁၃၅။ * ဒသနိပါတ်ဇာတ်အဋ္ဌကထာ-မှာ၊ ၄င်း။
၁၃၆။ * ဧကာဒသနိပါတ်ဇာတ်အဋ္ဌကထာမှာ၊ ၄င်း။
၁၃၇။ * ဒွါဒသနိပါတ်ဇာတ်အဋ္ဌကထာ-မှာ၊ ၄င်း။
၁၃၈။ * တေရသနိပါတ်ဇာတ်အဋ္ဌကထာ-မှာ၊ ၄င်း။
၁၃၉။ ပကိဏ္ဏကနိပါတ်ဇာတ်အဋ္ဌကထာ-မှာ၊ ၄င်း။
၁၄၀။ * ဝီသတိနိပါတ်ဇာတ်အဋ္ဌကထာ-မှာ၊ ၄င်း။
၁၄၁။ * တိံသနိပါတ်ဇာတ်အဋ္ဌကထာ-မှာ၊ ၄င်း။
၁၄၂။ * စတ္တာလီသနိပါတ်ဇာတ်အဋ္ဌကထာ-မှာ၊ ၄င်း။
၁၄၃။ ပညာသနိပါတ်ဇာတ်အဋ္ဌကထာ-မှာ၊ ၄င်း။
၁၄၄။ * သဋ္ဌိနိပါတ်ဇာတ်အဋ္ဌကထာ-မှာ၊ ၄င်း။
၁၄၅။ * သတ္တတိနိပါတ်ဇာတ်အဋ္ဌကထာ-မှာ၊ ၄င်း။
၁၄၆။ အသီတိနိပါတ်ဇာတ်အဋ္ဌကထာ-မှာ၊ ၄င်း။

၁၄၇။ *မဟာနိပါတ် တေမိဇာတ်အဋ္ဌကထာ-မှာ၊ ၎င်း။ မူဂပက္ခဇာတ်လည်းခေါ်သည်၊ အဋ္ဌကထာအမည်မရှိ။

၁၄၈။ *မဟာနိပါတ် ဇနကဇာတ်အဋ္ဌကထာ-မှာ၊၎င်း။

၁၄၉။ *မဟာနိပါတ် သုဝဏ္ဏသာမဇာတ်အဋ္ဌကထာ-မှာ၊၎င်း။ သုဝဏ္ဏသျှံဇာတ်လည်းခေါ်သည်။

၁၅၀။ *မဟာနိပါတ် နေမိဇာတ်အဋ္ဌကထာ-မှာ၊၎င်း။

၁၅၁။ *မဟာနိပါတ် မဟော်ဇာတ်အဋ္ဌကထာ-မှာ၊ ၎င်း။ ဥမင်ဇာတ်လည်း ခေါ်သည်၊ ယင်းဥမင်ကား ပညာပရိယာယ်တည်း။

၁၅၂။ *မဟာနိပါတ် ဘူရိဒတ်ဇာတ်အဋ္ဌကထာ-မှာ၊ ၎င်း။

၁၅၃။ *မဟာနိပါတ် စန္ဒကုမာရဇာတ်အဋ္ဌကထာ-မှာ၊၎င်း။ ခဏ္ဍဟာလဇာတ်လည်းခေါ်သည်။

၁၅၄။ *မဟာနိပါတ် နာရဒဇာတ်အဋ္ဌကထာ-မှာ၊ ၎င်း။

၁၅၅။ *မဟာနိပါတ် ဝိဓုရဇာတ်အဋ္ဌကထာ-မှာ၊၎င်း။ ပုဏ္ဏကဇာတ်လည်းခေါ်သည်။

၁၅၆။ *မဟာနိပါတ် ဝေဿန္တရာဇာတ် အဋ္ဌကထာ-မှာ၊၎င်း။ ဂါထာ ၁၀၀၀-ရှိသောကြောင့် သဟဿ ဇာတ်လည်းခေါ်သည်။

ပေါင်း....၃၁။

၁။ ဧကေ သတဥ္စပဏ္ဏာသံ၊ ဒုကမှိ သတဇာတကာ။
ပညာသံ တိစတုက္ကမှိ၊ ပဉ္စကေ ပဉ္စဝီသတိ။ ။

၂။ ဆက္ကေ ဝီသေကဝီသဉ္စ၊ သတ္တကေ အဋ္ဌကေ ဒသ။
ဋ္ဌါဒသ နဝကေ ဇာတာ၊ ဒသကေ ပန သောဠသ။ ။

၃။ ကောဒသေ နဝဇာတာ၊ ဋ္ဌါဒသေ တေရသေ ဒသ။
တေရသ ပကိဏ္ဏကမှိ၊ ဝီသတိယန္တု စုဒ္ဒသ။ ။

၄။ တိံသေ ဒသ စတ္တာလီသေ၊ ပဉ္စပညာသကေ တယော။
ဒွေ သဋ္ဌိယံ ဋ္ဌိသတ္တတျံ၊ အသီတိယန္တု ပဉ္စကာ။ ။

၅။ မဟာဇာတာ ဒသဋ္ဌေတိ၊ အဓိုဆက္ကသတံ နမေ။
ကောဒိကသဟဿန္တံ၊ တီဟိ ဦနံဝ ဇာတကံ။ ။

၁။ ဧကေ၊ ဧကနိပါတ်၌။ သတဥပဏ္ဏာသံ၊ အပဏ္ဏကဇာတ်အစ ရှိသောတရာ့ငါးဆယ်သောဇာတ်တို့ရှင်း။ ဒုကမှိ၊ ဒုကနိပါတ်၌။သတ ဇာတကာ၊ ရာဇောဝါဒ စသောဇာတ်တရာတို့ရှင်း။ တိစတုက္ကမှိ၊တိက နိပါတ်, စတုက္ကနိပါတ်၌။ ပညာသံ၊ ငါးဆယ်သော ဇာတ်တို့ရှင်း။ ပဉ္စကေ၊ ပဉ္စနိပါတ်၌။ ပဉ္စဝီသတိ၊ မဏိကုဏ္ဍလစသော နှစ်ဆယ့်ငါး ဇာတ်တို့ရှင်း။

၂။ ဆက္ကေ၊ ဆက္ကနိပါတ်၌။ ဝီသံ၊ အဝါရိယစသော ဇာတ်နှစ် ဆယ်တို့ရှင်း။ သတ္တကေ၊ သတ္တနိပါတ်၌။ ဧကဝီသဥ္စ၊ ကုက္ကုဇာတ်စ သော နှစ်ဆယ့်တဇာတ်တို့ရှင်း။ အဋ္ဌကေ၊ အဋ္ဌနိပါတ်၌။ ဒသစ၊ ကစ္စာနိစသော ဇာတ်တဆယ်တို့ရှင်း။ နဝကေ၊ နဝနိပါတ်၌။ ဒွါဒသ ဇာတာ၊ ဂိဇ္ဈစသော တဆယ့်နှစ်ဇာတ်တို့ရှင်း။ ဒသကေ၊ ဒသနိပါတ် ၌။ သောဠသ၊ စတုဒွါရစသော တဆယ့်ခြောက်ဇာတ်တို့ရှင်း။

၃။ ဧကာဒသေ၊ ဧကာဒသနိပါတ်၌။ နဝဇာတာ၊ မာတုပေါ သကစသော ကိုးဇာတ်တို့ရှင်း။ ဒွါဒသေ၊ ဒွါဒသနိပါတ်၌။ ဒသ၊ စူဠကုဏာလစသော ဇာတ်တဆယ်တို့ရှင်း။ တေရသေ၊ တေရသနိ ပါတ်၌။ ဒသ၊ အမ္ဗစသော ဇာတ်တဆယ်တို့ရှင်း။ ပကိဏ္ဏကမှိ၊ ပကိဏ္ဏကနိပါတ်၌။ တေရသ၊ ကေဒါရစသော တဆယ့်သုံးဇာတ် တို့ရှင်း။ဝီသတိယံ၊ဝီသတိနိပါတ်၌။စုဒ္ဒသ၊ မာတင်္ဂအစ- အယောဃရ အဆုံးရှိသော တဆယ့်လေးဇာတ်တို့ရှင်း။

၄။ တိံသေ၊ တိံသနိပါတ်၌။ ဒသ၊ ကိံဆန္ဒအစ- ဂန္ဓတိဏ္ဍုက အဆုံးရှိသော ဇာတ်တဆယ်တို့ရှင်း။စတ္တာလီသေ၊စတ္တာလီသနိပါတ်၌။ ပဉ္စ၊ တေသကုဏ, သရဘင်္ဂ, အလမ္ဗုသ, သင်္ခပါလ, စူဠသုတသောမ အားဖြင့် ငါးဇာတ်တို့ရှင်း။ ပညာသကေ၊ ပညာသနိပါတ်၌။ တယော တိဏိဇာတကာနိ၊ နီလိနိက, ဥမ္မာဒန္တီ, မဟာဗောဓိအားဖြင့် သုံး ဇာတ်တို့ရှင်း။ သဋ္ဌိယံ၊ သဋ္ဌိနိပါတ်၌။ ဒွေ၊သောဏ, သံကိစ္စအားဖြင့် နှစ်ဇာတ်တို့ရှင်း။ သတ္တတျံ-သတ္တတိယံ၊ သတ္တတိနိပါတ်၌။ ဒွိ၊ကုသ, သောဏဒန္တအားဖြင့် နှစ်ဇာတ်ရှင်း။ အသီတိယန္တု၊ အသီတိနိပါတ်၌ ကား။ ပဉ္စကာ၊စူဠဟံသ,မဟာဟံသ,သုဓာဘောဇန,ကုဏာလ,မဟာ သုတသောမအားဖြင့် ငါးဇာတ်တို့ရှင်း။

၅။ ဒသ၊ ဆယ်ပါးကုန်သော။ မဟာဇာတာစ၊ တေမိ, ဇနက, သုဝဏ္ဏသျှံ, နေမိ, မဟော်, ဘူရိဒတ်, စန္ဒကုမာရ, နာရဒ, ဝိဓူရ, ဝေဿန္တရာဟုဆိုအပ်သော ဇာတ်ကြီးတို့ရင်း။ ဇူတိ၊ ဤသို့၊ ကော ဒိကာသဟာဿန္တ၊ကေနိပါတ်အစ-သဟာဿနိပါတ်အဆုံးရှိသော။တီဟိ ဇာတကေဟိ၊ သုံးဇာတ်တို့ဖြင့်။ ဦနံဝ၊ယုတ်သည်သာလျှင် ဖြစ်သော။ အဓုဆက္ကသတံ၊ ငါးရာ့ငါးဆယ်အရေအတွက်ရှိသော။ ဇာတကံ၊ ဇာတ်ဒေသနာကို။ အဟံ၊အကျွန်ုပ်သည်။ နမေ-နမာမိ၊ ရှိခိုးပါ၏။

ဇာတ်ကြီးဆယ်စောင်တွင် မဟော်ဇာတ်ကို ဥမင်ဇာတ်လည်း ဟူ၏၊ ယင်းဥမင်ကား ပညာပရိယာယ်တည်း၊ ဤအကြောင်းကို သဘောမမိ သတိမမူသောသူတို့လည်း ဇာတ်၌ ဥမင်ခန်းကိုစွဲ၍ သုတိ တူသဖြင့် ဥမင်ဇာတ်ဟူကုန်၏၊ စန္ဒကုမာရဇာတ်ကို ခဏ္ဍဟာလဇာတ် လည်းဟူ၏၊ ဝိဓူရဇာတ်ကို ပုဏ္ဏကဇာတ်လည်းဟူ၏၊ ဝေဿန္တရာ ဇာတ်ကား ဂါထာတထောင်ရှိ၏၊ ထို့ကြောင့် သဟဿန္တ ဟူ သတည်း။

၁၅၆။ *မဟာနိဒ္ဒေသ အဋ္ဌကထာ-မှာ၊သီဟိုဠ်ကျွန်း အနုရာဓမြို့ တောင်မဟာဝိဟာရ ကျောင်းတိုက်နေ ရှင်ဥပသေနသည် မောဂ္ဂလာ နပိယမင်းနန်းစံ ၃-နှစ်တွင် စီရင်ရေးသားပြီးကြောင်းနှင့် အဋ္ဌကထာ နိဂုံးတွင်ပါသည်၊ ထိုမဟာနိဒ္ဒေသ ပါဠိတော်အဘွင့် အဋ္ဌကထာ အမည်ကိုလည်း သဒ္ဓမ္မပဇ္ဇောတိကအဋ္ဌကထာ အမည်မှည့်သည်။

၁၅၇။ *ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓ မြို့တောင် မဟာဝိဟာရဝါသီကျောင်းနေ ရှင်မဟာဘိဓာနပြုသည်၊ပဋိ သမ္ဘိဒါ မဂ်ပါဠိတော်အဘွင့် အဋ္ဌကထာ အမည်ကိုလည်း သဒ္ဓမ္မ ပကာသနီ အဋ္ဌကထာအမည်မှည့်သည်၊ ပုဂံမြို့တက်နွဲချောင်းရတနာ ဗိမာန်ကျောင်း ကျောက်စာတွင် ပဋိသမ္ဘိဒါ မဂ်အဋ္ဌကထာကို-မာရဂင်အဋ္ဌကထာ-ဟု ကျောက်ရေးဆရာတို့ရေးသည်။

၁၅၈။ ထေရအပဒါန် အဋ္ဌကထာ-မှာ၊ သီဟိုဠ်ကျွန်း ပဏ္ဍု ကာဘယမင်း တည်သည့် အနုရာဓမြို့တောင် မဟာဝိဟာရဝါသီ

ကျောင်းတိုက်၌ သီတင်းသုံးနေသောမူလဋီကာပြု ရှင်အာနန္ဒာ့တပည့် စီရင်ကြောင်းနှင့် ဝိသုဒ္ဓဇနဝိလာသိနီ အဋ္ဌကထာနိဂုံး၌ ပါသည်၊ မည်သည့်ဆရာဟု အမည်နာမနှင့် အသေအချာ ပြုစုစီရင်ကြောင်း မပါသောကြောင့် ကျမ်းပြုဆရာအမည်ကို အသေအချာမရေးလိုက်သည်။

၁၅၉။ *ဗုဒ္ဓဝင်အဋ္ဌကထာ-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့အမရှ စောဠတိုင်း ကာဝီရပဋ္ဋနသင်္ဘောဆိပ်ကျောင်းတိုက်၌ သီတင်းသုံး နေသည့် ရှင်ဗုဒ္ဓဒတ်ပြုသည်၊ ဗုဒ္ဓဝင်ပါဠိတော်အဘွင့် အဋ္ဌကထာ အမည်ကိုလည်း မဓုရတ္ထ ဝိလာသိနီအဋ္ဌကထာ အမည်မှည့်သည်၊ ထိုရှင်ဗုဒ္ဓဒတ်ကား စောဠတိုင်းသွားတည်း။

၁၆၀။ *စရိယာပိဋကအဋ္ဌကထာ-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓ မြို့အနောက်-ဗဒရတိတ္ထကျောင်းနေ ရှင်ဓမ္မပါလပြုသည်၊စရိယာပိဋက ပါဠိတော်အဘွင့် အဋ္ဌကထာ အမည်ကိုလည်း ပရမတ္ထဒီပနီ အဋ္ဌကထာအမည်မှည့်သည်။

၁၆၁။ *နေတ္တိအဋ္ဌကထာ-မှာ၊ ၎င်း။

၁၆၂။ *သုတ္တသင်္ဂဟ အဋ္ဌကထာ-မှာ၊ ရှင်ဗုဒ္ဓဃောသ,ရှင်ဓမ္မ ပါလ, ရှင်ဗုဒ္ဓဒတ်တို့ပြုသည့် အဋ္ဌကထာကျမ်းများက ထုတ်နုတ်ထား သည်၊ အဋ္ဌကထာအမည်မရှိ။

၁၆၃။ သာရတ္ထသင်္ဂဟအဋ္ဌကထာ-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့ တောင် မဟာဝိဟာရဝါသီကျောင်းတိုက်နေ သဒ္ဓါကြီးဂ-စောင်အဘွင့် ပဒရူပသိဒ္ဓိအဋ္ဌကထာ-ဋီကာပြု ရှင်ဗုဒ္ဓပိယတပည့် ရှင်သိဒ္ဓတ္ထသည် ရှင်ဗုဒ္ဓဃောသ, ရှင်ဓမ္မပါလ, ရှင်ဗုဒ္ဓဒတ်တို့ပြုသည့် အဋ္ဌကထာကျမ်း များက ထုတ်နုတ်ထားသည့် သာရတ္ထသင်္ဂဟ အဋ္ဌကထာတည်း၊ အဋ္ဌကထာအမည်မရှိ။

၁၆၄။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့၌ နန်းစံသော ဗုဒ္ဓဒါသမင်း၏ သားတော်အလတ်-ယေမည် မဟာနာမမင်း ဖြစ်၍ သိရိပါလအမည်ခံသော မင်းနန်းစံ ၁၁-နှစ်၊ သာသနာ ၉၃၀

တွင် မဂဓတိုင်း ရာဇဂြိုဟ်မြို့ မဟာဗောဓိပင် အနောက် ဃောသ ရွာသား ရှင်ဗုဒ္ဓဃောသသည် သီဟိုဠ်ကျွန်း အနုရာဓမြို့တောင် မဟာ ဝိဟာရ ကျောင်းတိုက်၌ သီတင်းသုံးနေစဉ် ရှင်သံဃပါလ တောင်း ပန်၍ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်လာ- သီလေပတိဋ္ဌာယနရော- ဂါထာကို အဦးအစထား၍ ဘွင့်သည့် အဋ္ဌကထာကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာလည်းခေါ်သည်။

ပေါင်း....၉။ ၃ စု....၄၉။

---

## (စ) ခုဒ္ဒကနိကာယ်အဝင်-ဝိနည်း ၅-ကျမ်း အဋ္ဌကထာ

၁၆၅။ *ပါရာဇိကဏ် အဋ္ဌကထာ-မှာ၊ ဇမ္ဗူဒိပ်ကျွန်းတမ္ဗဒီပ တိုင်း-သိရိပစ္စယာမြို့ သေဉ်လည်ကြောင်ကြီးမင်းနှင့် အပြိုင် သီဟိုဠ်ကျွန်း မဟာနာမမင်းလက်ထက် သာသနာ ၉၃၀-ကျော် ရှင်ဗုဒ္ဓဃောသ ပြုသည်၊ ခုဒ္ဒကနိကာယ်အဝင် ပါရာဇိကဏ်, ပါစိတ်, ဝိနည်းမဟာဝါ, စူဠဝါ, ပရိဝါ ပါဠိတော်အဘွင့် ဝိနည်း ၅-ကျမ်းအဋ္ဌကထာအမည်ကို လည်း သမန္တပါသာဒိက အဋ္ဌကထာအမည်မှည့်သည်။

၁၆၆။ *ပါစိတ်အဋ္ဌကထာ-မှာ၊ ၎င်း။

၁၆၇။ *ဝိနည်းမဟာဝါ အဋ္ဌကထာ-မှာ၊ ၎င်း။

၁၆၈။ *စူဠဝါအဋ္ဌကထာ-မှာ၊ ၎င်း။

၁၆၉။ *ပရိဝါအဋ္ဌကထာ-မှာ၊ ၎င်း။

ပေါင်း....၅ ။

၁၇၀။ *ကင်္ခါဝိတရဏီ အဋ္ဌကထာ-မှာ၊ ဇမ္ဗူဒိပ်ကျွန်း တမ္ဗဒီပ တိုင်း သိရိပစ္စယာမြို့ သေဉ်လည်ကြောင်ကြီးမင်းနှင့်အပြိုင် သီဟိုဠ် ကျွန်း မဟာနာမမင်း လက်ထက် သာသနာ ၉၃၀-ကျော် ရှင်ဗုဒ္ဓ ဃောသပြုသည်၊ ဘိက္ခုပါတိမောက်,ဘိက္ခုနီပါတိမောက် ပါဠိတော် ၂-ကျမ်းကိုဘွင့်သည့် အဋ္ဌကထာဖြစ်သည်။

ပေါင်း....၁။

၂-စု....၆။

---

## (ဆ) ခုဒ္ဒကနိကာယ်အဝင်အဘိဓမ္မာ၇-ကျမ်းအဋ္ဌကထာ

၁၇၁။ *အဋ္ဌသာလိနီအဋ္ဌကထာ-မှာ၊ဇမ္ဗူဒိပ်ကျွန်းတမ္ဗဒီပတိုင်း သိရိပစ္စယာမြို့တည်-သေဉ်လည်ကြောင်ကြီးမင်းနှင့်အပြိုင် သီဟိုဠ်ကျွန်း မဟာနာမမင်း လက်ထက် သာသနာတော် ၉၃၀-ကျော် ရှင်ဗုဒ္ဓ ဃောသပြုသည်၊ ဓမ္မသင်္ဂဏီပါဠိတော်ကိုဘွင့်သောကြောင့် ဓမ္မသင်္ဂဏီ အဋ္ဌကထာလည်း ခေါ်သည်။

၁၇၂။ *သမ္မောဟဝိနောဒနီ အဋ္ဌကထာ-မှာ၊ဌင်း။ ။အဘိဓမ္မာ ဝိဘင်းပါဠိတော်ကို ဘွင့်သောကြောင့် ဝိဘင်းအဋ္ဌကထာလည်း ခေါ် သည်။

၁၇၃။ *ဓာတုကထာအဋ္ဌကထာ-မှာ၊ ဌင်း။ ။ဓာတုကထာပါဠိ တော်ကိုဘွင့်သောကြောင့် ဓာတုကထာ အဋ္ဌကထာလည်းခေါ်သည်။

၁၇၄။ *ပုဂ္ဂလပညတ်အဋ္ဌကထာ-မှာ၊ဌင်း။ ။ပုဂ္ဂလပညတ် ပါဠိ တော်ကို ဘွင့်သောကြောင့် ပုဂ္ဂလပညတ် အဋ္ဌကထာလည်း ခေါ် သည်။

၁၇၅။ *ကထာဝတ္ထုအဋ္ဌကထာ-မှာ၊ဌင်း။ ။ကထာဝတ္ထုပါဠိ တော်ကို ဘွင့်သောကြောင့် ကထာဝတ္ထု အဋ္ဌကထာလည်း ခေါ်သည်။

၁၇၆။ *မူလယမိုက်အဋ္ဌကထာ-မှာ၊ဌင်း။

၁၇၇။ *ခန္ဓယမိုက်အဋ္ဌကထာ-မှာ၊ဌင်း။

၁၇၈။ *အာယတနယမိုက် အဋ္ဌကထာ-မှာ၊ဌင်း။

၁၇၉။ *ဓာတုယမိုက် အဋ္ဌကထာ-မှာ၊ ဌင်း။

၁၈၀။ *သစ္စယမိုက်အဋ္ဌကထာ-မှာ၊ဌင်း။

၁၈၁။ *သင်္ခါရယမိုက်အဋ္ဌကထာ-မှာ၊ဌင်း။

၁၈၂။ *အနုသယ ယမိုက် အဋ္ဌကထာ-မှာ၊ ဌင်း။

၁၈၃။ *စိတ္တယမိုက် အဋ္ဌကထာ-မှာ၊ ဌင်း။

၁၈၄။ *ဓမ္မယမိုက်အဋ္ဌကထာ-မှာ၊ဌင်း။

၁၈၅။ *ဣန္ဒြိယ ယမိုက် အဋ္ဌကထာ-မှာ၊ဌင်း။
ယမိုက် ၁၀-ကျမ်းအဋ္ဌကထာ။

၁၀၆။ *ပဋ္ဌာန်းအဋ္ဌကထာ-မှာ၊ ရင်း။
ပေါင်း....၁၆။

ရင်း ၁၆-မှာ ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်, ပဋ္ဌာန်းအဋ္ဌကထာ ၅-ကျမ်းအတွင့် အဋ္ဌကထာ အမည်ကိုလည်း ပဥ္စပကြိုဏ်အဋ္ဌကထာခေါ်သည်။
စုစုပေါင်း....၀၅။

**ဝိဋကတ် ၃–ပုံအဋ္ဌကထာစာရင်းချုပ်**


| | | |
|---|---|---|
| ဒီဃနိကာယ် ၃-ကျမ်းအဋ္ဌကထာ | .... | ၃ |
| မဇ္ဈိမနိကာယ် ၃-ကျမ်းအဋ္ဌကထာ | .... | ၃ |
| သံယုတ္တနိကာယ် ၅-ကျမ်း အဋ္ဌကထာ | .... | ၅ |
| အင်္ဂုတ္တရနိကာယ် ၁၁-ကျမ်း အဋ္ဌကထာ | .... | ၁၁ |
| ခုဒ္ဒကနိကာယ် ၄၉-ကျမ်းအဋ္ဌကထာ | .... | ၄၉ |
| ခုဒ္ဒကနိကာယ် အဝင်ဝိနည်း ၅-ကျမ်းအဋ္ဌကထာ | | ၅ |
| ဘိက္ခုပါတိမောက်, ဘိက္ခုနီပါတိမောက် ၂-ကျမ်း အတွင့်အဋ္ဌကထာ | .... .... | ၂ |
| ခုဒ္ဒကနိကာယ်အဝင်-အဘိဓမ္မာ ၇-ကျမ်းအဋ္ဌကထာ | | ၇ |
| ပေါင်း.... | | ၀၅ |


# (၃) ဋီကာစာရင်း

## (က) ဒီဃနိကာယ် ၃-ကျမ်းဋီကာ

၁၀၇။ *သုတ်သီလက္ခန်ဋီကာဟောင်း-မှာ၊ သီဟိုဠ်ကျွန်းအနုရာဓမြို့အနောက်ဗဒရတိတ္ထကျောင်းနေ ရှင်ဓမ္မပါလပြုသည်၊ ဋီကာအမည်ကိုလည်း လီနတ္ထပကာသနီ အမည်မှည့်သည်။

၁၀၀။ *သုတ်သီလက္ခန် ဋီကာသစ်-မှာ၊ အမရပူရ ပဌမမြို့တည် နန်းတည် မင်းတရားကြီး လက်ထက် သာသနာပိုင်-ဉာဏာဘိဝံသဓမ္မသေနာပတိပြုသည်၊ ဋီကာအမည်ကိုလည်း သာဓုဇနဝိလာသိနီဋီကာ အမည်မှည့်သည်။

၁၇၉။ *သုတ်မဟာဝဂ်ဋီကာ- မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့ အနောက်ဗဒရတိတ္ထကျောင်းနေ ရှင်ဓမ္မပါလပြုသည်၊ ဋီကာအမည် ကိုလည်း လီနတ္ထပကာသနီဋီကာ အမည်မှည့်သည်။

၁၈၀။ *သုတ်ပါထေယျဋီကာ-မှာ၊ဎင်း။

ပေါင်း....၄။

---

## (ခ) မဇ္ဈိမနိကာယ် ၃-ကျမ်းဋီကာ

၁၈၁။ *မူလပဏ္ဏာသဋီကာ-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့ အနောက် ဗဒရတိတ္ထကျောင်းနေ ရှင်ဓမ္မပါလပြုသည်၊ မဇ္ဈိမနိကာယ် ၃-ကျမ်းဋီကာ အမည်ကိုလည်း လီနတ္ထပကာသနီ ဋီကာအမည်မှည့် သည်။

၁၈၂။ *မဇ္ဈိမပဏ္ဏာသဋီကာ-မှာ၊ ဎင်း။

၁၈၃။ *ဥပရိပဏ္ဏာသဋီကာ-မှာ၊ ဎင်း။

ပေါင်း....၃။

---

## (ဂ) သံယုတ္တနိကာယ် ၅-ကျမ်းဋီကာ

၁၈၄။ *သဂါထာဝဂ္ဂသံယုတ်ဋီကာ-မှာ၊သီဟိုဠ်ကျွန်းအနုရာဓမြို့ အနောက် ဗဒရတိတ္ထကျောင်းနေ ရှင်ဓမ္မပါလပြုသည်၊ သံယုတ္တ နိကာယ် ၅-ကျမ်းဋီကာ အမည်ကိုလည်း၊ လီနတ္ထ ပကာသနီဋီကာ အမည်မှည့်သည်။

၁၈၅။ *နိဒါနဝဂ္ဂသံယုတ်ဋီကာ-မှာ၊ ဎင်း။

၁၈၆။ *ခန္ဓဝဂ္ဂသံယုတ်ဋီကာ-မှာ၊ဎင်း။

၁၈၇။ *သဠာယတန ဝဂ္ဂသံယုတ်ဋီကာ—မှာ၊ ဎင်း။

၁၈၈။ *မဟာဝဂ္ဂသံယုတ်ဋီကာ-မှာ၊ ဎင်း။

ပေါင်း....၅။

---

## (ဃ) အင်္ဂုတ္တရနိကာယ် ၄-ကျမ်းဋီကာဟောင်း

၁၈၉။ *ဧကင်္ဂုတ္တရ ဋီကာဟောင်း-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့ အနောက်, ဗဒရတိတ္ထကျောင်းနေ ရှင်ဓမ္မပါလပြုသည်၊ ထိုဋီကာ ဟောင်းကား ဧကင်္ဂုတ္တရ,ဒုကင်္ဂုတ္တရ,တိကင်္ဂုတ္တရ ၃-ကျမ်းသာ အဘွင့်

ဋီကာဟောင်းရှိသည်၊ ကျန်စတုကင်္ဂုတ္တရ, ပဉ္စင်္ဂုတ္တရ, ဆက္ကင်္ဂုတ္တရ, သတ္တင်္ဂုတ္တရ, အဋ္ဌင်္ဂုတ္တရ, နဝင်္ဂုတ္တရ, ဒသင်္ဂုတ္တရာ, ဧကာဒသင်္ဂုတ္တရတိုင် အဘွင့်ဋီကာဟောင်း ၈-စောင်ကား ယခုမြန်မာတိုင်းနိုင်ငံတွင် မရှိဟု မှတ်လေ။

၂၀၀။ * ဒုကင်္ဂုတ္တရဋီကာဟောင်း-မှာ၊ ၎င်း။

၂၀၁။ * တိကင်္ဂုတ္တရဋီကာဟောင်း-မှာ၊ ၎င်း။

ပေါင်း ....၃။

(င) အင်္ဂုတ္တရနိကာယ် ၁၁-ကျမ်းဋီကာသစ်စာရင်း

၂၀၂။ * ဧကင်္ဂုတ္တရဋီကာသစ်-မှာ၊ ဇမ္ဗူဒိပ်ကျွန်း တမ္ဗဒီပတိုင်း ပုဂံပြည်-နရပတိစည်သူမင်းနှင့်အပြိုင် သီဟိုဠ်ကျွန်း-သိရိမဟာပရက္ကမ ဗာဟုမင်းလက်ထက် ရှင်သာရိပုတ္တရာ, ရှင်သာရိတနုဇ, ရှင်မဟာ သာမိပါဒ ၃-မည်ရသော မထေရ်ပြုသည်၊ ထိုရှင်သာရိပုတ္တရာကား ဗုဒ္ဓဒါသမင်းသားတော်တည်း၊ အင်္ဂုတ္တရနိကာယ် ၁၁-ကျမ်း ဋီကာ သစ်ကြီးကိုလည်း သာရတ္ထမဉ္ဇူသာဋီကာ အမည်မှည့်သည်၊ မဟာ ဋီကာလည်းခေါ်သည်။

၂၀၃။ * ဒုကင်္ဂုတ္တရဋီကာသစ်-မှာ၊ ၎င်း။

၂၀၄။ * တိကင်္ဂုတ္တရဋီကာသစ်-မှာ၊ ၎င်း။

၂၀၅။ * စတုကင်္ဂုတ္တရဋီကာသစ်-မှာ၊ ၎င်း။

၂၀၆။ * ပဉ္စင်္ဂုတ္တရဋီကာသစ်-မှာ၊ ၎င်း။

၂၀၇။ * ဆက္ကင်္ဂုတ္တရဋီကာသစ်-မှာ၊ ၎င်း။

၂၀၈။ * သတ္တင်္ဂုတ္တရဋီကာသစ်-မှာ၊ ၎င်း။

၂၀၉။ * အဋ္ဌင်္ဂုတ္တရဋီကာသစ်-မှာ၊ ၎င်း။

၂၁၀။ * နဝင်္ဂုတ္တရဋီကာသစ်-မှာ၊ ၎င်း။

၂၁၁။ * ဒသင်္ဂုတ္တရဋီကာသစ်-မှာ၊ ၎င်း။

၂၁၂။ * ဧကာဒသင်္ဂုတ္တရဋီကာသစ်-မှာ၊ ၎င်း။

ပေါင်း ....၁၁။

၂-စု ....၁၄။

## (စ) ခုဒ္ဒကနိကာယ် ၁၅-ကျမ်းဋီကာစာရင်း

၂၁၃။ ခုဒ္ဒကပါဌဋီကာ-မှာ၊ ငါးခုန်ဆရာတော် ရှင်အာဒိစ္စဝံသ ပြုသည်၊ ခုဒ္ဒကပါဌဋီကာ အမည်ကိုလည်း ပရမတ္ထသူဒနီဋီကာ အမည်မှည့်သည်။

၂၁၄။ ဓမ္မပဒတ္ထဒီပနီ-မှာ၊ သီဟိုဠ်ကျွန်းဖြစ် ကျမ်းပြုဆရာ အမည်မသိ။

၂၁၅။ ဓမ္မပဒဋီကာသစ်-မှာ၊ ပုခန်းကြီးမြို့စီရင်စု ရေစကြိုရွာ ဇာတိ- ရှင်ဝရသမ္ဘောဓိပြုသည်။

၂၁၆။ ဥဒါန်းဋီကာ-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့က မြန်မာ တိုင်းနိုင်ငံသို့မရောက်။

၂၁၇။ ဣတိဝုတ်ဋီကာ-မှာ၊ ၎င်း။

၂၁၈။ သုတ္တနိပါတ်ဋီကာ-မှာ၊ ၎င်း။

၂၁၉။ ဝိမာနဝတ္ထုဋီကာ-မှာ၊ ၎င်း။

၂၂၀။ ပေတဝတ္ထုဋီကာ-မှာ၊ ၎င်း။

၂၂၁။ ထေရဂါထာဋီကာ-မှာ၊ ၎င်း။

၂၂၂။ ထေရီဂါထာဋီကာ-မှာ၊ ၎င်း။

၂၂၃။ *ပါဠိဇာတ်ဋီကာ-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့အနောက် ဗဒရတိတ္ထကျောင်းနေ ရှင်ဓမ္မပါလပြုသည်၊ ပါဠိဇာတ်ဋီကာအမည် ကို ၅၅၀-ဇာတ် ဋီကာလည်းခေါ်သည်။

၂၂၄။ မဟာနိဒ္ဒေသဋီကာ-မှာ၊ သီဟိုဠ်ကျွန်းက မြန်မာတိုင်း နိုင်ငံသို့မရောက်။

၂၂၅။ *ပဋိသမ္ဘိဒါမဂ် ဂဏ္ဌိပုဒ်-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့၌ နန်းစံသော သိရိမဟာပရက္ကမ ဘုဇမင်းလက်ထက် မဟိန္ဒသေန ကျောင်းတိုက်နေ မဟာထုပဝင်ကျမ်းကိုပြုစုသည့်မထေရ်ပြုသည်၊ ကျမ်း ပြုဆရာအမည်မပါ။

၂၂၆။ ထေရအပဒါန်ဋီကာ-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့က မြန်မာတိုင်းနိုင်ငံသို့မရောက်။

၂၂၇။ ဗုဒ္ဓဝင်ဋီကာ-မှာ၊ ၄င်း။

၂၂၈။ စရိယာပိဋကဋီကာ-မှာ၊ ၄င်း။

ပေါ်း….၁၆။

၂၂၉။ *နေတ္တိဋီကာဟောင်း-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့ အနောက် ဗဒရတိတ္ထကျောင်းနေ ရှင်ဓမ္မပါလပြုသည်။

၂၃၀။ ပေဋကာလင်္ကာရဋီကာသစ်-မှာ၊ အမရပူရမြို့တည်နန်း တည် မင်းတရားလက်ထက် သာသနာပိုင် ဉာဏာဘိဝံသ ဓမ္မသေနာ ပတိပြုသည်၊ နေတ္တိမဟာဋီကာသစ်လည်းခေါ်သည်။

၂၃၁။ *နေတ္တိဝိဘာဝနီဋီကာ-မှာ၊ ရတနာပူရအဝမြို့၌ နန်းစံ သော ထူပါရုံစေတီဒါယကာ နရပတိကြီးမင်းလက်ထက် သေနာ ပတိအမတ်ကြီးတောင်းပန်၍ ရှင်သဒ္ဓမ္မပါလ သိရိမဟာဓမ္မရာဇဂုရု ဆရာပြုသည်။

၂၃၂။ *ဝိသုဒ္ဓိမဂ်ဋီကာ-မှာ၊ သီဟိုဠ်ကျွန်းအနုရာဓမြို့အနောက် ဗဒရတိတ္ထကျောင်းနေ ရှင်ဓမ္မပါလပြုသည်၊ ပရမတ္ထမဉ္ဇူသာဋီကာ ဟူ၍၄င်း, မဟာဋီကာဟူ၍၄င်းခေါ်သည်။

၂၃၃။ ဝိသုဒ္ဓိမဂ္ဂသင်္ခေပဋီကာ-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့၌ နန်းစံသော သိရိမဟာပရက္ကမဘုဇမင်း လက်ထက် မဟိန္ဒသေန ကျောင်းတိုက်နေ မဟာထူပဝင်ကျမ်းကိုပြုသည့် မထေရ်ပြုသည်၊ ကျမ်းပြုဆရာ့အမည်မပါ။

၂၃၄။ *ဝိသုဒ္ဓိမဂ်ဂဏ္ဌိပုဒ်- မှာ၊ ဇမ္ဗူဒိပ်ကျွန်း တမ္ဗဒီပတိုင်း အရိမဒ္ဒနာမည်သောပုဂံမြို့ ရှင်သဒ္ဓမ္မဇောတိပါလပြုသည်။

၂၃၅။ *ဇိနာလင်္ကာရစာကိုယ်-မှာ၊ သီဟိုဠ်ကျွန်း ရောဟနဇန ပုဒ်ဘွား- ရှင်ဗုဒ္ဓရက္ခိတ စီရင်သည်၊ ရှင်ဗုဒ္ဓ ရက္ခိတ စီရင်သည့် အကြောင်းမှာ— ယောလောကတ္တာယ ဗုဒ္ဓေါမေန သုတဘာရိယာ အဂ်ဇီဝေစဇိတ္ဝာ-ဟု ဇိနာလင်္ကာရစာကိုယ်၌ အစချီသောဂါထာကို ဘွင့်မည့်အရာတွင်— တိပိဋက သဗ္ဗပရိယတ္တိပ္ပဘေဒ နဝင်္ဂသတ္ထု- သာသနေ။ ပ။ ဗုဒ္ဓရက္ခိတာစရိယော-ဟု ကျမ်းတက်သည့်အရာဝယ် ဇိနာလင်္ကာရစာကိုယ်နှင့် ၄င်းအဘွင့် သာရဇနာနန္ဒဒါနနီဒါနဋီကာ ကို ရှင်ဗုဒ္ဓရက္ခိတပြုကြောင်းကို တိုက်ရိုက်သိသာသည်ဖြစ်လျက် ဇိနာ

လက်ာရကျမ်းကို ရှင်ဗုဒ္ဓဒတ်စီရင်သည်-ဟု ဗုဒ္ဓဃောသုပ္ပတ္တိကျမ်း၌ ဆိုခြင်းသည် နရက်နှင့်ဘဝင်မက စကားကွာဝေးကြောင်းကို သိသာသည်၊ ရှင်ဗုဒ္ဓဒတ်စီရင်သည့်ကျမ်းများကား-ဗုဒ္ဓဝင်ပါဠိတော်အဘွင့်, မဓုရတ္ထဝိလာသိနီအဋ္ဌကထာ, အဘိဓမ္မာဝတာရ လက်သန်းအဋ္ဌကထာ, ဝိနယဝိနိစ္ဆယ လက်သန်းအဋ္ဌကထာ, ဥတ္တရဝိနိစ္ဆယလက်သန်းအဋ္ဌကထာ, ရူပါရူပဝိဘာဂ လက်သန်းအဋ္ဌကထာ ကျမ်းများကိုသာ စီရင်သည်။

၂၃၆။ *ဇိနာလင်္ကာရဋီကာ-မှာ၊ငင်း။

၂၃၇။ ဇိနာလင်္ကာရဒီပနီ-မှာ၊ ရတနာပူရအဝမြို့နေ ရှင်ဥပတိဿစီရင်သည်၊ ဇိနာလင်္ကာရဒီပနီကျမ်းအမည်ကိုလည်း ဂူဠတ္ထဒီပနီအမည်မှည့်သည်။

ပေါင်း....၉။

---

(ဆ) ခုဒ္ဒကနိကာယ်အဝင်ဝိနည်း ၅-ကျမ်းဋီကာစာရင်း

၂၃၈။ *ဝဇိရဗုဒ္ဓိဋီကာ-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့တောင်-မဟာဝိဟာရဝါသီကျောင်းတိုက်နေ ရှင်ဝဇိရဗုဒ္ဓိပြုသည် ကျမ်းပြုဆရာ၏ အမည်ကိုအစွဲပြု၍ ဋီကာကိုလည်း ဝဇိရဗုဒ္ဓိဋီကာ ခေါ်သည်။

၂၃၉။ *သာရတ္ထဒီပနီဋီကာ-မှာ၊ ဇမ္ဗူဒိပ်ကျွန်း တမ္ဗဒီပတိုင်း အရိမဒ္ဒနာမည်သော ပုဂံပြည်၌ နန်းစံသော နရပတိစည်သူမင်းအပြိုင် သီဟိုဠ်ကျွန်း သိရိမဟာပရက္ကမဗာဟုမင်းလက်ထက် စန္ဒကဆရာ စီရင်သည့်စန်းကျမ်းအဘွင့်- ပဉ္စိကာဋီကာ, အင်္ဂုတ္တိုရ်ဋီကာသစ်ကြီး, ဝိနည်းသင်္ဂြိုဟ်စာကိုယ်- ဋီကာဟောင်း, သင်္ဂြိုဟ်ဂဏ္ဌိပုဒ်ကျမ်းများကို စီရင်သော မဟာဝိဟာရဝါသီကျောင်းတိုက်နေ ရှင်သာရိပုတ္တရာ, ရှင်သာရိတနုဇ, ရှင်မဟာသာမိပါဒ ၃-မည်ရသော မထေရ်စီရင်သည်၊ ထိုရှင်သာရိပုတ္တရာကား-ဗုဒ္ဓဒါသမင်းသားတော်တည်း။

၂၄၀။ *တေရသကဏ္ဍဋီကာ-မှာ၊ငင်း။

၂၄၁။ *ဝိမတိဝိနောဒနီဋီကာ-မှာ၊ သီဟိုဠ်ကျွန်းအဝင် စောဠတိုင်းနေ ရှင်မဟာကဿပပြုသည်၊

၂၄၂။ *ပါရာဇိကဏ်အဋ္ဌကထာ ယောဇနာ-မှာ၊ ဝိဇယာပူရမည်သော ပင်းယမြို့၌ နန်းစံသောဆင်ဖြူ ၄-စီးရှင်သီဟသူမင်းလက်ထက် တုဋ္ဌာဝတီမည်သော မြစ်ငယ်တောင် ပလိပ်ရွာအရှေ့မြို့သစ်မြို့နေ-ရှင်သိရိမင်္ဂလပြုသည်။

၂၄၃။ ပါစိတျာဒိအဋ္ဌကထာ ယောဇနာ-မှာ၊ ရွှေပြည့်ရန်အောင်အနောက်လက် ကဖြူရွာဇာတိရင်း နောက်မန္တလေးရွှေမြို့တော်တောင်မျက်နှာမဟာမုနိ ရုပ်ရှင်တော်ဘုရားအရှေ့တောင် ဒက္ခိဏာရာမတိုက်နေ ဇာဂရာဘိဝံသမဇ တိပိဋကဓရ မဟာဓမ္မရာဇာဓိရာဇဂုရုဆရာတော်ပြုသည်။

ပေါင်း....၆။

၂၄၄။ *ကင်္ခါဝိတရဏီဋီကာဟောင်း-မှာ၊သီဟိုဠ်ကျွန်းအနုရာဓမြို့နေ အမည်မသိမထေရ်ပြုသည်။

၂၄၅။ *ကင်္ခါဝိတရဏီဋီကာသစ်-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့တောင် မဟာဝိဟာရကျောင်းတိုက်နေ ရှင်သာရိပုတ္တရာ့တပည့် ရှင်ဗုဒ္ဓနာဂပြုသည်၊ ကင်္ခါဝိတရဏီဋီကာသစ်အမည်ကိုလည်း ဝိနယတ္ထမဉ္ဇူသာဋီကာအမည်မှည့်သည်။

ပေါင်း....၂။

၂-စု....၀။

(ဇ) ခုဒ္ဒကနိကာယ်အဝင်အဘိဓမ္မာ ၇-ကျမ်းဋီကာစာရင်း

၁၄၆။ *မူလဋီကာ-မှာ၊ သီဟိုဠ်ကျွန်းအနုရာဓမြို့ မဟာဝိဟာရကျောင်းတိုက်နေ လူမည် မောင်အာနန္ဒာ၊ရဟန်းမည် ဝနရတနတိဿမဟာသာမိပြုသည်။

၂၄၇။ *အနုဋီကာ-မှာ၊ သီဟိုဠ်ကျွန်းအနုရာဓမြို့အနောက်ဗဒရတိတ္ထကျောင်းနေ ရှင်ဓမ္မပါလပြုသည်။

၂၄၈။ *မဏိဒီပဋီကာ-မှာ၊ သက္ကရာဇ် ၈၀၄-ခုနှစ် နန်းတက်သောစစ်ကိုင်းမြို့ ထုပါရုံစေတီဒါယကာ နရပတိကြီးမင်းလက်ထက် ဝိဇယာပူရမြို့, ပင်းယမြို့ဟု နှစ်မည်ရသောမြို့တောင် စကားအင်းရွာဇာတိ ရှင်အရိယဝံသဓမ္မသေနာပတိမထေရ်ပြုသည်။

၂၄၉။ မဓုသာရတ္ထဒီပနီဋီကာ-မှာ၊ ဟံသာဝတီမြို့ ဟံသာဝတီဆင်ဖြူများရှင့် လက်ထက် ရှင်မဟာနာမ မထေရ်ပြုသည်။

၂၅၀။ *အဋ္ဌသာလိနီ အဋ္ဌကထာ ယောဇနာ-မှာ၊ဝိဇယာပူရ မည်သော ပင်းယမြို့ ဆင်ဖြူ ၄-စီးရှင် သီဟသူမင်းလက်ထက် ပလိပ်ရွာအရှေ့မြို့သစ်မြို့နေ ရှင်သီရိမင်္ဂလပြုသည်။

၂၅၁။ *သမ္မောဟဝိနောဒနီအဋ္ဌကထာယောဇနာ-မှာ၊ငင်း။

၂၅၂။ ဓာတုကထာဋီကာဝဏ္ဏနာ-မှာ၊ သက္ကရာဇ် ၉၆၇-ခုနှစ် နန်းတက်သော အနောက်ဘက် လွန်မင်းတရားလက်ထက် ပုခန်းကြီးမြို့အနောက်လက် ခရီး ၆-တိုင်ကွာ ဆိတ်ဆင်းရွာဇာတိ ရှင်တိလောကဂုရုမထေရ်ပြုသည်၊ ယခုတိုင်စစ်ကိုင်းမြို့တောရ၌ တိလောကဂုရုတိုက်ဟု အထင်အရှားရှိသည်။

၂၅၃။ ဓာတုကထာအနုဋီကာဝဏ္ဏနာ-မှာ၊ ငင်း။

၂၅၄။ ဓာတုကထာယောဇနာ-မှာ၊ သက္ကရာဇ် ၁၀၉၅-ခုနှစ် နန်းတက်သော လောကသရဘူစေတီဒါယကာ ဟံသာဝတီရောက်မင်းလက်ထက် ပုခန်းကြီးမြို့ ပုဗ္ဗာရုံဆရာတော် ရှင်သာရဒဿီမထေရ်ပြုသည်။

၂၅၅။ ယမကဝဏ္ဏနာဋီကာ-မှာ၊ သက္ကရာဇ် ၉၆၇-ခုနှစ် နန်းတက်သော အနောက်ဘက်လွန်မင်းတရားနန်းစံ ၁၀-နှစ်တွင် ပုခန်းကြီးမြို့အနောက်လက် ခရီး ၆-တိုင်ကွာ ဆိတ်ဆင်းရွာဇာတိ ရှင်တိလောကဂုရုမထေရ်ပြုသည်၊ ယခုတိုင် စစ်ကိုင်းမြို့တောရ၌ တိလောကဂုရုတိုက်ဟု အထင်အရှားရှိသည်။

၂၅၆။ ပဋ္ဌာနသာရဒီပနီဋီကာ-မှာ၊ သက္ကရာဇ် ၉၁၂-ခုနှစ် နန်းတက်သော ဟံသာဝတီမြို့ဘည် ဟံသာဝတီဆင်ဖြူများရှင့် လက်ထက် နန်းစံ ၃၀-တွင် ရှင်သဒ္ဓမ္မာလင်္ကာရပြုသည်။

၂၅၇။ ပဋ္ဌာနဝဏ္ဏနာဋီကာ-မှာ၊ သက္ကရာဇ် ၉၆၇-ခုနှစ် နန်းတက်သော အနောက်ဘက်လွန် မင်းတရားနန်းစံ ၁၀-နှစ်တွင် ပုခန်းကြီးမြို့အနောက်လက် ခရီး ၆-တိုင်ကွာ ဆိတ်ဆင်းရွာဇာတိ ရှင်တိလောကဂုရုမထေရ်ပြုသည်။

၂၅၈။ အဘိဓမ္မာဂဏ္ဌိပုဒ်-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့တောင် မဟာဝိဟာရကျောင်းတိုက်နေ ရှင်မဟာကဿပ ပြုသည်။

၂၅၉။ ဝိသတိဝဏ္ဏနာ-မှာ၊ ညောင်ရမ်း ၁၀-ဆက် သာလွန်မင်းတရားလက်ထက် စလင်းမြို့ဇာတိ ရဟန်းမည် မုနိန္ဒဃောသ တံဆိပ်မည် တိပိဋကာလင်္ကာရတောင်ဘီလာပုဂ္ဂိုလ်ကျော်ပြုသည်။

ပေါင်း....၁၅။

စုစု....၇၃။

---

### ပိဋကတ် ၃-ပုံဋီကာစာရင်းချုပ်

| | |
|---|---|
| ဒီဃနိကာယ် ၃-ကျမ်းဋီကာဟောင်းဋီကာသစ် | ၄ |
| မဇ္ဈိမနိကာယ် ၃-ကျမ်းဋီကာ .... .... | ၃ |
| သံယုတ္တနိကာယ် ၅-ကျမ်းဋီကာ .... | ၅ |
| အင်္ဂုတ္တရနိကာယ် ၁၁-ကျမ်းဋီကာဟောင်း ဋီကာသစ် .... .... | ၁၄ |
| ခုဒ္ဒကနိကာယ် ၄၉-ကျမ်းဋီကာဟောင်း ဋီကာသစ်-ဂဏ္ဌိ-ဒီပနီ .... .... | ၂၅ |
| ခုဒ္ဒကနိကာယ် အဝင်ဝိနည်း ၅-ကျမ်းဋီကာ ယောဇနာ .... .... | ၆ |
| ကင်္ခါဝိတရဏီဋီကာဟောင်း,ဋီကာသစ် .... | ၂ |
| ခုဒ္ဒကနိကာယ် အဝင်အဘိဓမ္မာ ၇-ကျမ်း ဋီကာ, ယောဇနာ, ဂဏ္ဌိ .... .... | ၁၄ |
| ပေါင်း .... .... | ၇၃ |

## (၄) လက်သန်းအဋ္ဌကထာစာရင်း

### (က) ဝိနည်းလက်သန်းအဋ္ဌကထာ

၂၆၀။ *ဝိနယသင်္ဂဟ အဋ္ဌကထာ-မှာ၊ ဇမ္ဗူဒိပ်ကျွန်း တမ္ဗဒီပ တိုင်း ပုဂံပြည် နရပတိစည်သူမင်းနှင့်အပြိုင် သီဟိုဠ်ကျွန်း သိရိမဟာ ပရက္ကမဗာဟု မင်းလက်ထက် ရှင်သာရိပုတ္တရာ, ရှင်သာရိတနုဇ,

ရှင်မဟာသာမိပါဒ ၃-မည်ရသော မထေရ်ပြုသည်၊ ထိုရှင်သာရိ ပုတ္တရာကား ဗုဒ္ဓဒါသမင်း သားတော်တည်း။

၂၆၁။ ဝိနယသင်္ဂဟဋီ အဋ္ဌကထာ-မှာ၊ ၎င်း။

၂၆၂။ ဝိနယသင်္ဂဟဋီ အဋ္ဌကထာ-မှာ၊ ရတနာပူရအဝမြို့ စဉ့်ကူးမင်းဆရာပြုသည်။

၂၆၃။ ဝိနယသင်္ခေပ အဋ္ဌကထာ-မှာ၊အမည်မသိမထေရ် ပြုသည်။

၂၆၄။ *ဝိနယဝိနိစ္ဆယအဋ္ဌကထာ-မှာ၊သီဟိုဠ်ကျွန်း အနုရာဓမြို့ အရှေ့စောင်တိုင်း ကာဝီရပဋ္ဋန သင်္ဘောဆိပ်ကျောင်းတိုက်၌ သီတင်း သုံးနေသည့် ရှင်ဗုဒ္ဓဒတ်ပြုသည်။

၂၆၅။ *ဥတ္တရဝိနိစ္ဆယအဋ္ဌကထာ-မှာ၊ ၎င်း။

၂၆၆။ *ခုဒ္ဒသိက္ခာအဋ္ဌကထာ-မှာ၊ သီဟိုဠ်ကျွန်း ရှင်ဓမ္မသိရိပြု သည်။

၂၆၇။ *မူလသိက္ခာ အဋ္ဌကထာ-မှာ၊ သီဟိုဠ်ကျွန်း ရှင်မဟာ သာမိပြုသည်။

၂၆၈။ နိပုဏပဒသင်္ဂဟအဋ္ဌကထာ-မှာ၊ အမည်မသိ မထေရ်ပြု သည်။

၂၆၉။ သီလာဝဟအဋ္ဌကထာ-မှာ၊ အမည်မသိ မထေရ်ပြုသည်။

၂၇၀။ *သီမာလင်္ကာရ အဋ္ဌကထာ-မှာ၊သီဟိုဠ်ကျွန်းအနုရာဓမြို့ နေ ရှင်ဝါစိဿရပြုသည်။

၂၇၁။ သီမာသင်္ဂဟအဋ္ဌကထာ-မှာ၊ ၎င်း။

၂၇၂။ သိက္ခာပဒဝဠဉ္ဇနအဋ္ဌကထာ-မှာ၊ အမည်မသိ မထေရ်ပြု သည်။

၂၇၃။ ပါတိမောက္ခလေခန-မှာ၊ သက္ကရာဇ် ၁၀၉၅-ခုနှစ် နန်း တက်သော လောကသရဘူစေတီဒါယကာ ဟံသာဝတီရောက် မင်း လက်ထက် ပုခန်းကြီးမြို့ မြောက်လက် ပိုက်သင်ရွာဇာတိ ငယ်မည် မောင်ပန်းအောင်၊ ရှင်မည် ရဟန်းမည် ဉာဏဝရ-တံဆိပ်အမည်-ဇိန စက္ကာဘိရာမ၊ ဌာနအမည်-ပဒုမကျော်အောင်စံထား ဆရာတော်ပြု သည်။

၂၇၄။ ပါတိမောက္ခဝိသောဓနီ-မှာ၊ ဟံသာဝတီမြို့ အမည်မသိမထေရ်ပြုသည်။

၂၇၅။ *သီမဗန္ဓနီ-မှာ၊ အမည်မသိမထေရ်ပြုသည်။

၂၇၆။ ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာ-မှာ၊ စလင်းမြို့ ရှင်ဝိစိတ္တာလင်္ကာရပြုသည်။

၂၇၇။ ဝိနယဂုဠှတ္ထဒီပနီ-မှာ၊ ဇမ္ဗူဒိပ်ကျွန်း တမ္ဗဒီပတိုင်း အရိမဒ္ဒနာမည်သော ပုဂံမြို့ ရှင်သဒ္ဓမ္မဇောတိပါလပြုသည်။

၂၇၈။ *ဝိနယဂုဠှတ္ထပကာသနီ-မှာ၊ အမည်မသိမထေရ်ပြုသည်။

၂၇၉။ ပါတိမောက္ခဂဏ္ဌိ-မှာ၊အမည်မသိမထေရ်ပြုသည်။

ပေါင်း.... ၂၀။

---

## ( ခ ) အဘိဓမ္မာလက်သန်းအဋ္ဌကထာစာရင်း

၂၈၀။ *အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့ ဝဋ္ဋဂါမဏိမင်းမိဖုရား သောမဒေဝီဆောက်သည့် ကျောင်း, မူလအမတ်ဆောက်သည့်ကျောင်း ၂-ကျောင်း၌ အလှည့် အလည် သီတင်းသုံးနေစဉ် နမ္မအမည်ရှိသော ဒါယကာ တောင်းပန်၍ အနုရုဒ္ဓါ စီရင်သည်၊ ဤ အကြောင်းကို မဟာဝင်စာကိုယ် တွေ့တိုင်း သမိုင်းဝင်း အဘွင့်ဝံသတ္ထပကာသနီဋီကာတို့၌ ဆိုသည်၊ သင်္ဂြိုဟ်နိဂုံး၌လည်း မူလသောမ ဟူ၍ပါသည်။

၂၈၁။ *ပရမတ္ထဝိနိစ္ဆယအဋ္ဌကထာ-မှာ၊ ၎င်း။

၂၈၂။ *နာမရူပပရိစ္ဆေဒအဋ္ဌကထာ-မှာ၊၎င်း။

၂၈၃။ *အဘိဓမ္မာဝတာရအဋ္ဌကထာ-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့အရှေ့ စောဠတိုင်း ကာဝီရပဋ္ဋနသင်္ဘောဆိပ် ကျောင်းတိုက်၌ သီတင်းသုံးနေသည့် ရှင်ဗုဒ္ဓဒတ်ပြုသည်၊ ထိုရှင်ဗုဒ္ဓဒတ်ကားစောဠတိုင်း ဘွားတည်း။

၂၈၄။ *ရူပါရူပဝိဘာဂအဋ္ဌကထာ-မှာ၊၎င်း။

၂၈၅။ *ခေမာပကရဏ အဋ္ဌကထာ-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့ ရှင်ခေမာပြုသည်။

၂၀၆။ *နာမစာရဒီပက-မှာ၊ ဇမ္ဗူဒိပ်ကျွန်းတမ္ဗဒီပတိုင်း အရိမဒ္ဒနာမည်သော ပုဂံမြို့ ရှင်သဒ္ဓမ္မဇောတိပါလပြုသည်။

၂၀၇။ *မောဟဝိစ္ဆေဒနီ အဋ္ဌကထာ-မှာ၊ သီဟိုဠ်ကျွန်း အဝင်စောဠတိုင်းနေ ရှင်မဟာကဿပပြုသည်။

၂၀၈။ *သုစိတ္တာလင်္ကာရ-မှာ၊ ပုခန်းကြီးမြို့ ငါးရံ့အိုရွာဇာတိ-ဘိုးသူတော်ပြုသည်။

၂၀၉။ ပရမတ္ထဗိန္ဒုစာကိုယ်-မှာ၊ ဇမ္ဗူဒိပ်ကျွန်းတမ္ဗဒီပတိုင်း အရိမဒ္ဒနာမည်သော ပုဂံမြို့၌ သက္ကရာဇ် ၅၉၆-ခုနှစ် နန်းတက်သော-ပြဿဒါး စေတီဒါယကာ ဓမ္မရာဇာ တံဆိပ်နာမံခံသော ကျစွာမင်းပြုသည်။ ။ရတနာပူရ စတုတ္ထမြို့တည် နန်းတည်-စစ်ကိုင်းမြို့ လောကချမ်းသာစေတီ အမရပူရမြို့ မဟာဝိဇယရံသီစေတီ ဒါယကာမင်း လက်ထက် အမိန့်တော်နှင့်စလင်းမြို့ ဇာတိဗဟုဿုတ အမှတ်အသား အကြားအမြင်များလှသော အတွင်းဝန် ဆောမြို့စားမင်းကြီး သိရိမဟာ နန္ဒသင်္ကြံတောင်းပန်သောကြောင့် ရတနာသိဂ်မြို့ ချည်ပါရွာစား မင်းတိုင်ပင် အမတ်ကြီး မဟာဓမ္မ သင်္ကြံသက္ကရာဇ် ၁၁၉၄-ခုနှစ် စီရင်သည့်သာသနာလင်္ကာရကျမ်း၌ သက္ကရာဇ်၅၈၁-ခုတွင် သားတော်အငယ်သေလွန်သည်ကို အကြောင်းပြု၍ သံဝေဂရသဖြင့် ပစ္စေကဗုဒ္ဓါ ဆုကိုပန်သော နန်းတောင်းများဇေယသိဒ်မင့်သားတော် ကျစွာမင်းဖြစ်တော်မူသည်၊ ဓမ္မရာဇာတံဆိပ်နာမံခံ၏၊ ပိဋကတ်ကျမ်းဂန်သဘောသကန်ရမိကျနစွာရကား ကျနစွာဟူ၍ တွင်သတည်း၊ ထိုကျစွာမင်းသည် ပါဠိအဋ္ဌကထာ ဋီကာကျမ်းဂန်တို့၌ အနက်အဓိပ္ပါယ် သဘောသကန်ကျနလှသည်ဖြစ်၍ အမေးအဖြေ အခြေအတင်အရာ၌ ထိုကာလ တူသသူမရှိဟူ၏၊ ပိဋကတ် ၃-ပုံကို ၉-ခေါက် ပြန်၍သင်မိ၏၊ ရဟန်းသင်္ဃာ တို့အားလည်း တနေ့ ၇-ဝါစာပို့နိုင်၏၊ တူးရှင်းခြေ ကန်ကိုဆည်၍ မင်းတဲသာယာစွာ ဆောက်ပြီးသော် ထိုမင်းတဲ၌ နေလျက် စာပေပို့စမှတ်ပြုသတည်း။

စာပေသင်သော မင်းမောင်းမ တို့အား မှတ်သားစရာ သဒ္ဒါအကျဉ်း- သဒ္ဒဗိန္ဒုကျမ်း, ပရမတ္ထအကျဉ်း- ပရမတ္ထဗိန္ဒုကျမ်း

ကိုလည်းစီရင်၏၊ တရားကျမ်းဂန်၌သာမွေ့လျော်ပျော်ပါး၏၊ ပြည်ရေးရွာမှုကို နားမျှထောင်တော်မမူ၊ တရားစိစစ်ခြင်း, စစ်ကြောကွပ်ညှပ်ခြင်းရှိသမျှကို သားတော်အိမ်ရှေ့မင်း ဥဇနာကိုသာလွှဲသတည်း။ ။

အထက်က ပြကွရွှေတောင်ခြေ၌ နောင်ငါမင်းတကြိမ်ဖြစ်မှ ပေါက်ရောက်စေသော်ဟု အမိဋ္ဌာန်ပြု၍ အနော်ရထာမင်းစောပေစေ့များကို စိုက်တော်မူခဲ့သည်၊ ထိုမင်းလက်ထက် ထိုပေစေ့များပေါက်ရောက်ကြောင်းကိုကြား၍ ဝမ်းမြောက်ဝမ်းသာ ရှိတော်မူသည်၊ သမုတိရာဇ်, အနော်ရထာ, ကျစွာ သုံးဖြစ်အတူ ထိုမင်းအခန်း ရာဇဝင်တွင် ပညဝါသီလသမ္ပန္နော၊နတ္ထိနမေနဝိဇ္ဇတိ-ဟူသောစကားဖြင့် ထင်ရှားစွာ ထိုမင်းမှာထားခဲ့ကြောင်းကိုဆိုသည်၊ အနက်အဓိပ္ပါယ်ခဲ၏၊ ရာဇဝင်တတ်မှတ်သသူတို့ ကြံစည်မှတ်ယူပါကုန်။

ထိုမင်း ဘုရားစေတီတည်ထားသည့် ပိဋကတ်စာပေကိုသာလေ့လာအားကြီး၍ အပြုအလုပ်အဆော်အဖန်ညံ့သောကြောင့် မပြီးစီးလေဟု ရာဇဝင်တွင်ဆိုသည်၊ ဘုရားတည်မည် အုဋ်စ၍လုပ်သည် ပြဿဒါးနေ့၊ ကန်နက်ချသည်လည်းပြဿဒါးနေ့၊ အုဋ်မြစ်စသည်လည်းပြဿဒါးနေ့၊ အလုံးစုံစ၍လုပ်သမျှကိုပြဿဒါးနေ့တွင်သာလုပ်စေသည်၊ ထို့ကြောင့် ပြဿဒါးဘုရားဟုယခုထက်တိုင်တွင်လေသည်ဟု အစဉ်စကားရှိသည်ဟုဆိုသည်၊သင်္ဂါယနာ ၃-တန်ဝင်အဋ္ဌကထာကျမ်းကြီးကျမ်းခိုင်တို့နှင့် ဋီကာဂဏ္ဌိရကျမ်းတို့၌ သဘောသကန်အဓိပ္ပါယ်များကို ကျနစွာသိသောကြောင့် ကျနစွာမင်းဟုခေါ်ဝေါ်ကြသည်၊ နောက် နအက္ခရာကိုချေ၍ကျစွာမင်းဟု ရှင်လူအများခေါ်ဝေါ်ကြပြန်သည်၊ ပြဿဒါးခေါ်ဝေါ်သည့်အကြောင်းမှာ—ဗျာသနန္တိဝိနာသော-ဟု သင်္ဂါယနာ ၃-တန်တင် အဋ္ဌကထာ,ဋီကာ,ဂဏ္ဌိရတို့၌ဘွင့်ရကား တတိယက္ခရာဗထက်မြိုက်ကို ပဥ္စမက္ခရာပပြု၊ ယငယ်ကိုလည်းရကြီးပြုသောကြောင့်-ပြ၊ သအက္ခရာတလုံးကိုလည်း သနှစ်လုံးပြုသောကြောင့်-ဿ၊ နငယ်ကိုလည်း ဝဇ္ဇာဒိပတိ ပဗ္ဗဇ္ဇာဒယောနိပ္ပဇ္ဇန္တေ-ဟူသောသုတ်ကြီးနှင့်နငယ်ကိုဒထွေးပြုပြီးလျှင် အာဒိယလာ၍ ဝိသဇ္ဇနီသံနှင့်ပြဿဒါးဟု ရှင်လူတို့ခေါ်ဝေါ်ကြသည်၊ ယင်းပြဿဒါးစေတီ တည်၍မပြီးမီ ကျစွာမင်းလည်းနတ်နန်းစံရသည်။

၂၉၀။ သစ္စသံခိပ်အဋ္ဌကထာ-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့နောက် ဗဒရတိတ္ထကျောင်းနေ ရှင်ဓမ္မပါလပြုသည်။

ပေါင်း.... ၁၀။
၂-စု .... ၃၁။

---

## (ဂ) ဝိနည်းလက်သန်းဋီကာစာရင်း

၂၉၁။ * ဝိနယသင်္ဂဟဋီကာဟောင်း-မှာ၊ သီဟိုဠ်ကျွန်း သိရိမဟာပရက္ကမဗာဟုမင်းလက်ထက် ရှင်သာရိပုတ္တရာ, ရှင်သာရိတနုဇ, ရှင်မဟာသာမိပါဒ ၃-မည်ရသောမထေရ်ပြုသည်၊ ထိုရှင်သာရိပုတ္တရာကား ဗုဒ္ဓဒါသမင်းသားတော်တည်း။

၂၉၂။ * ဝိနယာလင်္ကာရဋီကာသစ်-မှာ၊ညောင်ရမ်း ၁၀-ဆက်သာလွန်မင်းတရားလက်ထက် စလင်းမြို့မဇာတိ ရဟန်းမည် မုနိန္ဒဃောသ၊ တံဆိပ်မည် တိပိဋကာလင်္ကာရ တောင်ဘီလာပုဂ္ဂိုလ်ကျော်ပြုသည်။

၂၉၃။ * ခုဒ္ဒသိက္ခာဋီကာဟောင်း-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့နေ ရှင်ရေဝတပြုသည်။

၂၉၄။ * ခုဒ္ဒသိက္ခာဋီကာသစ်-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့နေ ရှင်သင်္ဃရက္ခိတ မဟာသာမိ ပြုသည်၊ ခုဒ္ဒသိက္ခာ ဋီကာသစ်အမည်ကိုလည်း သုမင်္ဂလပသာဒနီဋီကာ အမည်မှည့်သည်။

၂၉၅။ ခုဒ္ဒသိက္ခာယောဇနာ-မှာ၊ စစ်ကိုင်းမြို့ တောရနေ အမည်မသိမထေရ်ပြုသည်။

၂၉၆။ ခုဒ္ဒသိက္ခာဒီပနီ-မှာ၊ စလင်းမြို့သူကြီး မဟာသမန်းကိုးမည်ကွယ်သည့် ရှင်သီလာစာရပြုသည်။

၂၉၇။ မူလသိက္ခာဋီကာဟောင်း-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့နေ ရှင်ဝိမလသာရပြုသည်။

၂၉၈။ မူလသိက္ခာဋီကာသစ်-မှာ၊ ဇမ္ဗူဒိပ်ကျွန်း တမ္ဗဒီပတိုင်း ဝိဇယာပူရမည်သော ပင်းယမြို့နေ ရှင်သမန္တဂုဏသာဂရ ပြုသည်၊ မူလသိက္ခာဋီကာသစ်အမည်ကိုလည်း ဝိနယဝိမတိစ္ဆေဒဋီကာအမည်မှည့်သည်။

၂၉၉။ * ဝိနယဝိနိစ္ဆယဋီကာ-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့နေ-ရှင်မဟာဥပတိဿမထေရ်ပြုသည်၊ ဝိနယဝိနိစ္ဆယဋီကာ အမည်ကိုလည်း ဝိနယတ္ထသာရသန္ဒီပနီယဋီကာအမည်မှည့်သည်။

၃၀၀။ ဥတ္တရဝိနိစ္ဆယဋီကာ-မှာ၊ ၎င်း။

၃၀၁။ ဝိနယဝိနိစ္ဆယယောဇနာ-မှာ၊ ရတနာသိင်္ဂမြို့ မြောက်မဟာနန္ဒာကန်တော်ကြီးအတွင်း တည်သည့်စေတီကို အကြောင်းပြု၍ကန်တွင်းစေတီဒါယကာ နောင်တော်မင်းတရားကြီးလက်ထက် စစ်ကိုင်းမြို့တောရနေ အမည်မသိမထေရ်ပြုသည်။

၃၀၂။ * သီမာလင်္ကာရဋီကာ-မှာ၊ ဇမ္ဗူဒိပ်ကျွန်း တမ္ဗဒီပတိုင်းအရိမဒ္ဒနာမည်သောပုဂံမြို့ ရှင်သဒ္ဓမ္မဇောတိပါလမထေရ်ပြုသည်။

၃၀၃။ သီမာသင်္ဂဟဋီကာ-မှာ၊ အမည်မသိမထေရ်ပြုသည်။

၃၀၄။ ဝိနယသင်္ခေပဋီကာ-မှာ၊ ၎င်း။

ပေါင်း.... ၁၄။

## (၅) လက်သန်းဋီကာစာရင်း

### (က) အဘိဓမ္မာလက်သန်းဋီကာ

၃၀၅။ * အဘိဓမ္မတ္ထသင်္ဂဟဋီကာဟောင်း-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့ သာရတ္ထဒီပနီဋီကာပြု ရှင်သာရိပုတ္တရာတပည့် ရှင်နဝဝိမလပြုသည်။

၃၀၆။ * အဘိဓမ္မတ္ထဝိဘာဝနီ ဋီကာသစ်-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့တောင် မဟာဝိဟာရကျောင်းတိုက်နေ သာရတ္ထဒီပနီဋီကာပြုရှင်သာရိပုတ္တရာ၏တပည့် ရှင်သုမင်္ဂလမဟာသာမိပြုသည်၊ ထိုအဘိဓမ္မတ္ထဝိဘာဝနီဋီကာသစ်သည် အဘွင့် အပြ သိသာလှသောကြောင့်ဋီကာလှဟူ၍ ရှေးသူဟောင်းတို့ ခေါ်ဝေါ်ကုန်သည်၊ ထိုနောက်ထူပါရုံစေတီဒါယကာ နရပတိကြီးမင်းလက်ထက် စစ်ကိုင်းမြို့ ပုညစေတီမြောက် ရေငုံဘုန်းကြီးထံ ရှင်မဟာအရိယဝံသ အဘိဓမ္မတ္ထဝိဘာဝနီဋီကာသစ်ကျမ်းကိုသင်သည်၊ ထိုအဘိဓမ္မတ္ထဝိဘာဝနီ ဋီကာ

သစ်ကိုသင်ရာတွင် ရှင်မဟာအရိယဝံသ ကျမ်းဂန်တတ်သောကြောင့် ရှင်မဟာအရိယဝံသတွင် စ၍-ဋီကာကျော်ဟု ယခုတိုင်အောင် တွင်ပြန်သည်။

၃၀၇။ *သခ်ေပဝဏ္ဏနာဋီကာ-မှာ၊ ဇမ္ဗူဒိပ်ကျွန်း တမ္ဗဒီပတိုင်း အရိမဒ္ဒနာမည်သော ပုဂံမြို့ရှင်သဒ္ဓမ္မဇောတိပါလပြုသည်။

၃၀၈။ *အဘိဓမ္မတ္ထသင်္ဂဟ ဒီပနီ-မှာ၊ စလင်းမြို့သူကြီး မဟာသမန်းက ကျောင်းဆောက်လုပ်ကိုးကွယ်သည့် ဂိုဏ်းအုပ်ဆရာတော် ရှင်သီလာစာရပြုသည်။

၃၀၉။ *မဏိသာရမဉ္ဇူသာဋီကာ-မှာ၊ သက္ကရာဇ် ၁၀၄-ခုနှစ် ရတနာပူရ ရွှေဝပြည်ကြီး၌ နန်းတက်သောထူပါရုံ စေတီဒါယကာ နရပတိကြီးမင်း နန်းစံ ၆-နှစ်တွင် ဝိဇယာပူရမည်သော ပင်းယမြို့တောင် စကားအင်းရွာဇာတိ ရှင်မဟာအရိယဝံသပြုသည်။

၃၁၀။ *အဖေဂ္ဂုသာရဒီပနီ ဋီကာ-မှာ၊ ဟံသာဝတီမြို့တည် ဟံသာဝတီ ဆင်ဖြူများရှင့် သမီးတော် သီဝလိဒေဝီ၏ဆရာရှင်တိပိဋက မရပြုသည်၊ အဖေဂ္ဂုသာရဒီပနီဋီကာ အမည်ကိုလည်း စူဠဋီကာ အမည်မှည့်သည်။

၃၁၁။ *ပရမတ္ထဝိနိစ္ဆယ ဋီကာဟောင်း-မှာ၊ သီဟိုဠ်ကျွန်းအနုရာဓမြို့တောင် မဟာဝိဟာရကျောင်းတိုက်နေ ရှင်မဟာဗောဓိပြုသည်။

၃၁၂။ ပရမတ္ထဝိနိစ္ဆယဋီကာသစ်-မှာ၊ သီဟိုဠ်ကျွန်း- အနုရာဓမြို့ မဟာဝိဟာရကျောင်းတိုက်နေ အမည်မသိဆရာပြုသည်။

၃၁၃။ နာမရူပပရိစ္ဆေဒဋီကာဟောင်း-မှာ၊ သီဟိုဠ်ကျွန်း-အနုရာဓမြို့နေ ရှင်ဝါစိဿရမဟာသာမိပြုသည်။

၃၁၄။ နာမရူပ ပရိစ္ဆေဒဋီကာသစ်-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့ မဟာဝိဟာရကျောင်းတိုက်နေ အမည်မသိဆရာပြုသည်။

၃၁၅။ *အဘိဓမ္မာဝတာရ ဋီကာဟောင်း-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့တောင် မဟာဝိဟာရကျောင်းတိုက်နေ ရှင်ဝါစိဿရမဟာသာမိပြုသည်။

၃၁၆။ *အဘိဓမ္မာဝတာရဋီကာသစ်-မှာ၊ သီဟိုဠ်ကျွန်းအနုရာဓမြို့တောင် မဟာဝိဟာရ ကျောင်းတိုက်နေ ရှင်သုမင်္ဂလမဟာသာမိပြုသည်၊ အဘိဓမ္မာဝတာရဋီကာသစ် အမည်ကို အဘိဓမ္မတ္ထဝိကာသိနီ ဋီကာအမည်မှည့်သည်။

၃၁၇။ ရူပါရူပဝိဘာဂ ဋီကာ-မှာ၊ သီဟိုဠ်ကျွန်း- အနုရာဓမြို့တောင် မဟာဝိဟာရကျောင်းတိုက်နေ အမည်မသိဆရာပြုသည်။

၃၁၈။ *ခေမာဋီကာ-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့ တောင် မဟာဝိဟာရကျောင်းတိုက်နေ ရှင်မဟာဗောဓိပြုသည်။

၃၁၉။ နာမစာရဒီပကဋီကာ-မှာ၊ ဇမ္ဗူဒိပ်ကျွန်း တမ္ဗဒီပတိုင်း အရိမဒ္ဒနာမည်သော ပုဂံမြို့ ရှင်သဒ္ဓမ္မဇောတိပါလပြုသည်။

၃၂၀။ မောဟဝိစ္ဆေဒနီဋီကာ-မှာ၊ သီဟိုဠ်ကျွန်းအဝင် စောဠတိုင်းနေ ရှင်မဟာကဿပပြုသည်။

၃၂၁။ ပရမတ္ထဗိန္ဒု ဋီကာ-မှာ၊ ဇမ္ဗူဒိပ်ကျွန်း တမ္ဗဒီပတိုင်း အရိမဒ္ဒနာမည်သော ပုဂံမြို့ ရှင်မဟာကဿပ ပြုသည်။

၃၂၂။ သစ္စသံခိပ်ဋီကာဟောင်း-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့တောင် မဟာဝိဟာရကျောင်းတိုက်နေ ရှင်ဝါစိဿရ မဟာသာမိပြုသည်။

၃၂၃။ သစ္စ သံခိပ်ဋီကာသစ်-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့တောင် မဟာဝိဟာရကျောင်းတိုက်နေ အမည်မသိမထေရ် ပြုသည်၊ သစ္စသံခိပ် ဋီကာသစ်အမည်ကိုလည်း သာရတ္ထသာလိနီဋီကာအမည် မှည့်သည်။

ပေါင်း ....၁၉။

၂ စု....၃၃။

---

### လက်သန်းအဋ္ဌကထာ-ဋီကာစာရင်းချုပ်


| | | |
|---|---|---|
| ဝိနည်းလက်သန်းအဋ္ဌကထာ | .... | ....၂၀ |
| အဘိဓမ္မာလက်သန်းအဋ္ဌကထာ | .... | ....၁၁ |
| | ပေါင်း | ....၃၁ |

ဝိနည်းလက်သန်းဋီကာ .... .... ....၄၁
အဘိဓမ္မာလက်သန်းဋီကာ.... .... ....၁၉
ပေါင်း ....၃၃
၂ စုပေါင်း ....၆၄

## (၆) ဂန္ထန္တရပါဠိအဋ္ဌကထာဋီကာယောဇနာဂဏ္ဌိ

၃၂၄၊ *ဒီပဝင်စာကိုယ်-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့တောင် မဟာဝိဟာရကျောင်းတိုက်နေ အမည်မသိမထေရ်ပြုသည်။

၃၂၅။ *ဒီပဝင်ဋီကာ-မှာ၊ ရွှေပြည့်ရန်အောင် အနောက်လက် ကဖြူရွာဇာတိရင်း နောက်မန္တလေး ရွှေမြို့တော် တောင်မျက်နှာ မဟာမုနိရုပ် ရှင်တော်ဘုရား အရှေ့တောင် ဒက္ခိဏာရာမတိုက်နေ ဇာဂရာဘိဝံသဓဇတိပိဋကဓရမဟာဓမ္မရာဇာဓိရာဇဂုရု ဆရာတော်ပြု သည်။

၃၂၆။ *မဟာဝင်စာကိုယ်-မှာ၊ သီဟိုဠ်ကျွန်းအနုရာဓမြို့ ဒီဃ သန္တသေနာပတိစစ်သူကြီး တောင်းပန်၍ ရှင်မဟာနာမ ပြုသည်၊ မဟာဝင်စာကိုယ်နိဂုံး၌-ပဒျပဒေါရုဝံသဂန္ထော နိဋ္ဌိတော-ဟု ရှိသည်၊ ၎င်းမဟာဝင်ကျမ်းကို ပဒျပဒေါရုဝံသကျမ်းဟု အမည်မှည့်သည့် အလို ကား— ပဒျံပုဒ်နေသင်္ကရိုက်ဘာသာ၊ ပဒျသဒ္ဒါကို မာဂဓဘာသာ ပြန်လျှင် ပဇ္ဇသဒ္ဒါပင်ဖြစ်သည်၊ ယင်းပဇ္ဇကား ဂါထာဟော၊ ပဒသဒ္ဒါ ပုဒ်ဟော၊ ဥရုသဒ္ဒါမဟာအနက်ဟော၊ ဝံသသဒ္ဒါအန္တယ်ဟော ဖြစ်ရ ကား—ဝိဝဋ္ဋဋ္ဌာယီကပ်ဦးအစ မြတ်သောဂေါတမ ဘုရားအလောင်း တော် မဟာသမ္မတမင်းအဆက် အန္တယ်ကို ဂါထာဗန္ဓ သိလောကနှင့် ဘွဲ့ဆိုထားသောကျမ်းဆိုလိုသည်။

၃၂၇။ *မဟာဝင်ဋီကာ-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့ ဒီဃသန္တ သေနာပတိစစ်သူကြီးတောင်းပန်၍ အရှင်မဟာနာမပြုသည်၊ မဟာ ဝင်ဋီကာအမည်ကိုလည်း ဝံသတ္ထပကာသနီဋီကာအမည်မှည့်သည်။

၃၂၈။ *စူဠဝင်-မှာ၊ ဒီဃသန္တသေနာပတိစစ်သူကြီးတောင်းပန် ၍ ရှင်မဟာနာမစီရင်သည့် မဟာဝင်ကျမ်းမှာ သီဟိုဠ်ကျွန်းတွင် လက်မွန်မဆွ မင်းပြုသောလာလတိုင်း သီဟပုရပြည် သီဟဗာဟု၏

သားဖြစ်သော ဝိဇယမင်းကစ၍ မဟာသေနမင်းတိုင် မင်းပေါင်း ခြောက်ကျိပ်နှစ်ယောက်ကိုသာ ဆိုရကား၊ နောက်သီဟိုဠ်ကျွန်း၌ တိပိဋကဓရဖြစ်သော မထေရ်ကြီးတို့ဆက်၍ ဘွဲ့ဆိုစီကုံးသည့် စူဠဝင် ကျမ်း၌ မဟာသေနမင်းနောက်ကို နန်းစံသော မဟာသေနမင်းသား ကိတ္တိသိရိမေဃမင်းကစ၍ မဟိန္ဒာမည်သော မိဖုရားသားသေနမင်း နှင့် အရိမဒ္ဒနာမည်သော ပုဂံပြည်၌ တောင်သူကြီးမင်းနှင့် အပြိုင် မင်းပေါင်း ၆၆-ဆက်တွင် ရွှေသာရှိသည်ဖြစ်၍ အတုမရှိသောမင်း၏ ကြက်သရေသို့ ရောက်သော ကာလိင်္ဂစကြာမင်း၏ အနွယ်အဆက်၌ ဖြစ်သောကြောင့် အား လုံ့လစသော ဂုဏ်အပေါင်းတို့၏ တည်ရာဖြစ် သော သိရိမဟာ ပရက္ကမဗာဟုမင်း, မဟာဝိဇယ ဗာဟုမင်း, ဝိမလဓမ္မသူရိယ မဟာရာဇာမင်း, ဝိမလဓမ္မသူရိယမင်း, ကိတ္တိသိရိရာ ဇသီဟ မဟာရာဇာမင်း, သိရိရာဇာဓိရာဇသီဟ မဟာရာဇာမင်း, ကာလုကုမာရမင်း,မဟာဝါသလမင်း, နာယကဝါသလမင်း, လောက ပါလမင်း, ဘုဝနေကဗာဟုမင်းအစရှိသော များစွာသော မင်းတို့ အဆက်အနွယ်ကိုလည်း သီဟိုဠ်ကျွန်း အနုရာဓမြို့နေသတိ, မတိ, ဓိတိ, ဝီရိယစသော ဂုဏ်တို့ဖြင့် တန်းဆာဆင်အပ်သော သီလရူတင် အပ္ပိစ္ဆ, သန္တုဋ္ဌိ, သလ္လေခ, ပဝိဝေကအစရှိသော များလှစွာသော ဂုဏ်အပေါင်းတို့၏ တည်ရာဖြစ်သော မထေရ်ကြီးတို့ဆက်၍ စီရင် သော စူဠဝင်ကျမ်း အရိမဒ္ဒနာမည်သော ပုဂံပြည်၌ နရပတိစည်သူ မင်းလက်ထက် ပုသိမ်မြို့ ကျေးဆပဒရွာဘွား ရှင်ဆပဒ၊ ရဟန်းမည် ရှင်သဒ္ဓမ္မဇောတိပါလနှင့်အတူ သီဟိုဠ်ကျွန်းက ပါလာသော တာမ လိန္ဒ ရွာသား ရှင်သီဝလိထေရ်, ကမ္ဘောဇမင်းသား-တာမလိန္ဒထေရ်, ကိဉ္စိပုရမြို့သား အာနန္ဒာမထေရ်, သီဟိုဠ်ကျွန်းသား ရာဟုလာထေရ် ဤမထေရ်လေးပါးတို့သည် ပိဋကတ်၃ ပုံကို ဆောင်ကုန်သည်၊ပိဋကတ် ၃-ပုံ၌ လိမ္မာကုန်သည်၊ အစွမ်းအရည်ရှိကုန်သည်ချည်းတည်း၊ သီဝလိ ထေရ်,တာမလိန္ဒထေရ်, အာနန္ဒာထေရ်, ၃-ပါးထက် ရှင်ရာဟုလာ ထေရ်ပင်သာလွန်၍ အစွမ်းအရည်ရှိသည်၊ ထိုရှင်သဒ္ဓမ္မဇောတိပါလ, ရှင်သီဝလိထေရ်, ရှင်တာမလိန္ဒထေရ်,ရှင်အာနန္ဒာထေရ်, မဟာအဂ္ဂ ပဏ္ဍိတထေရ်, အဂ္ဂပဏ္ဍိတထေရ်, အဂ္ဂဝံသထေရ်တို့ဆက်၍စီရင်ပြန် သည့်စူဠဝင်တွင်,နော်ရထာမင်းစော ဘုန်းတန်ခိုးကို ဆိုသောအရာ၌—

ရာဇာဓိရာဇာ နုရုဒ္ဓ၊ ဒေဝေါ စက္ကိတရာဇာဝ။
သိရိ နုဘောန္တော လုဒ္ဒေနာ၊ ဒါယာဂတထေရသေဌံ။
ပုစ္ဆေဝံ အရဟန္တနာမကံ။ ။

ရာဇာဓိရာဇာ၊ မင်းတို့ထက်လွန်မြတ်သောမင်း ဖြစ်သော။ အနုရုဒ္ဓ ဒေဝေါ၊ အနော်ရထာမင်းစောသည်။ စက္ကိဘရာဇာဝ၊ စကြာမင်းကဲ့သို့။ သိရိ၊ မင်းစည်းစိမ်ကြက်သရေကို။ အနုဘောန္တော၊ ခံစားတော်မူလျက်။ အရဟန္တနာမကံ၊ အရဟံအမည်ရှိသော။ လုဒ္ဒေန၊ မူဆိုးသည်။ အာဒါယ၊ ယူဆောင်၍။ အာဂတထေရသေဌံ၊ လာခဲ့သော မထေရ်မြတ်ကို။ဧဝံ၊ ဤသို့။ အပုစ္ဆိ၊ မေးလေ၏။

ဟု-လာသော၊ စူဠဝင်ဂါထာကို ထောက်သော် နော်ရထာမင်း စောတိုင်စူဠဝင် ကျမ်းရှိကြောင်းကိုသိသာသည်။

၁၁၉။ မဟာဗောဓိဝင်စာကိုယ်-မှာ၊ သီဟိုဠ်ရဟန္တာ အရှင်မြတ် တို့သီဟိုဠ်ဘာသာနှင့် ရေးသားထားသည်ကို သီဟိုဠ်ကျွန်းနေ ရှင်မဟာ ဥပတိဿ မာဂဓဘာသာပြန်ထားသည်။

၁၂၀။ မဟာဗောဓိဝင် ဋီကာ-မှာ၊ ဇမ္ဗူဒိပ်ကျွန်း တမ္ဗဒီပ တိုင်း အရိမဒ္ဒနာမည်သော ပုဂံမြို့ သက္ကရာဇ် ၅၃၆-ခုနှစ် နန်းတက် သော နရပတိစည်သူမင်းနန်းစံ ၃-နှစ်တွင် ထီးလင်းမြို့စီရင်စုပေါင် လောင်ရွာဇာတိ ရှင်မဟာကဿပ ပုဂံမြို့တောင် ခရီးတတိုင်ကျော် ကွာ တောရကျောင်း၌ သီတင်းသုံးနေစဉ်ပြုသည်၊ မဟာဗောဓိဝင် ဋီကာအမည်ကိုလည်း သဟဿရံသီ ဋီကာအမည်မှည့်သည်။

၁၂၁။ * ဒါဌာဓာတုဝင် စာကိုယ်-မှာ၊ ဇမ္ဗူဒိပ်ကျွန်း တမ္ဗဒီပ တိုင်း အရိမဒ္ဒနာမည်သော ပုဂံပြည်၌ နန်းစံသော နရပတိစည်သူ မင်းနှင့်အပြိုင် သီဟိုဠ်ကျွန်း အနုရာဓမြို့တောင် သိရိမဟာ ပရက္ကမ ဘုဇမင်းတည်သည့် ပုလတ္တိမြို့နေ သာရတ္ထဒီပနီဋီကာ စန္ဒကဆရာ စီရင်သည့် စန်းကျမ်းအဘွင့် စဋ္ဌိကာဋီကာ အင်္ဂုတ္တိုရ် ဋီကာသစ် ကြီး ဝိနည်းသင်္ဂြိုဟ် စာကိုယ်-ဋီကာဟောင်း သင်္ဂြိုဟ်ဂဏ္ဌိပုဒ်များကို စီရင်သော ဗုဒ္ဓဒါသမင်းသားတော် ရှင်သာရိပုတ္တရာတပည့် ရှင်ဓမ္မ ကိတ္တိသီဟိုဠ်ဘာသာကို မာဂဓဘာသာ ပြန်ထားသည်။

၃၃၂ * ဒါဌာဓာတုဝင် ဋီကာ-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့တောင် မဟာဝိဟာရကျောင်းတိုက်နေ ရှင်မဟာသာမိပြုသည်။

၃၃၃။ * အနာဂတဝင် ပါဠိတော်-မှာ၊ ဗုဒ္ဓဝင်ပါဠိတော်ကို ဟောတော်မူသည့်အဆုံး၌ ရှင်သာရိပုတ္တရာ တောင်းပန်၍ ဟောတော်မူကြောင်းနှင့် အဋ္ဌကထာဘွင့်ပြသည်။

၃၃၄။ * အနာဂတဝင်အဋ္ဌကထာ-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့ ဓာတုသေနမင်းလက်ထက် ရှင်မဟာ ဗောဓိတောင်းပန်၍ ကာဠဝါသီဝိဟာရကျောင်းတိုက်နေ ရှင်မဟာ ဥပတိဿပြုသည်၊ ယင်းအဋ္ဌကထာ၌ လူ့ဘုံအသက် ရှစ်သောင်းတမ်းတွင် ပွင့်တော်မူလတ္တံ့သော မေတ္တေယျဘုရား၊ ပါဒနက်သန်တရာ့ရှစ်ကွက် လက္ခဏာအဆုံးအဖြတ်လည်းပါသည်၊ ပါသည့်အတိုင်းလည်း သက္ကရာဇ်၇၁၃-ခုနှစ် ပင်းယမြို့တွင် နန်းတက်သော ဆင်ဖြူ ၄-စီးရှင်သီဟ သူမင်းလက်ထက် ပြည်မြို့ဇာတိအတွင်းဝန် သိရိမဟာစတုရင်္ဂဗလလည်း—

ပါဒေသု ယဿ ဇာတာနိ၊ ဒွေစက္ကာနိ သကမ္မတော။
နာနာကာရေဟိ ပုဏ္ဏာနိ၊ ဝန္ဒေတံပုရိသုတ္တမံ၊ (ဂါထာအစ)။
တောနဋ္ဌုတ္တရသတံ၊ လက္ခဏာနိ မဟေသိနော။
ပါဒေသု ယဿဒိဿန္တေ၊ ဝန္ဒေတံ ပုရိသာသတံ။ ။

အဆုံးရှိသောပထျာဝတ္တ တဆယ့်နှစ်ဂါထာကို စီကုံးဖွဲ့ဆိုသည်၊ သက္ကရာဇ် ၇၃၀-ပြည့်နှစ်နန်းတက်သော ပြည်စုန်မင်းလက်ထက် ပြည်စုန်းမင်းနန်းတက်သည့်နှစ်ပင် ရတနာပူရရွှေဝမြို့ကြီးလယ်တွင် ဝါဆိုလဗုဒ္ဓဟူးနေ့မွေးဘွားသောငယ်မည် မောင်မောက်၊ ရဘန်းမည် ရှင်ရဋ္ဌသာရ၊ တံဆိပ်မည် မဟာသံဃရာဇာလည်း-အတိုင်းမသိ၊ ကျေးဇူးရှိသည်၊ မုနိသကျ၊ ဂေါတမ၏၊ ပါဒမြတ်ကျော်၊ ဘဝါးတော်၌၊ ထွန်းပေါ်ကျစ်လျစ်၊ တရာ့ရှစ်ကို၊ စိစစ်ကောင်းထွေ၊ လျှည့်လျှည့်ရေအံ့၊ အစရှိသည့် ပါဒနက်သန် ရှိခိုးလင်္ကာကိုလည်း စပ်ဆိုသည်။

၃၃၅။ * မဟာထူပဝင်-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့ မဟာဝိဟာရကျောင်းတိုက်နေ ရှင်ဝါစိဿရဒေဝပါဒပြုသည်၊ ဝိသုဒ္ဓိမဂ်ဋီကာအကျဉ်း, ပဋိသမ္ဘိဒါမဂ်ဂဏ္ဌိပုဒ်ကျမ်းများကိုလည်းပြုသည်။

၃၃၆။ * စူဠထူပဝင်-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့ တောင်မဟာဝိဟာရကျောင်းတိုက်နေ အမည်မသိမထေရ်ပြုသည်။

၃၃၇။ * နလာဋဓာတုဝင်-မှာ၊ ၎င်း။

၃၃၈။ နလာဋဓာတုဝင်ဋီကာ-မှာ၊ ၎င်း။

၃၃၉။ ဆကေသဓာတုဝင်-မှာ၊ ၎င်း။

၃၄၀။ သီဟဠဝတ္ထု-မှာ၊ ၎င်းသီဟိုဠ်ကျွန်း အနုရာဓမြို့ မဟာဝိဟာရကျောင်းတိုက်နေ အမည်မသိမထေရ်ပြုသည်။

၃၄၁။ သဟာဿဝတ္ထု-မှာ၊ ၎င်း။

၃၄၂။ * ဒသဝတ္ထု-မှာ၊ ၎င်း။

၃၄၃။ သိရိမဟာမာယာဝတ္ထု-မှာ၊ ၎င်း။

၃၄၄။ * ဥပါသကာလင်္ကာရ-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့ မဟာဝိဟာရဝါသီကျောင်းတိုက်နေ မူလဋီကာပြု ရှင်အာနန္ဒာစရိယသည်။

၃၄၅။ ပရိတ်ကြီးဋီကာ-မှာ၊ သက္ကရာဇ် ၉၉၁-ခုနှစ် နန်းတက်သော စစ်ကိုင်းမြို့ရာဇမဏိစူဠာကောင်းမှုတော်ကြီးဒါယကာ သာလွန်မင်းတရားလက်ထက် တပယင်းမြို့တောင်လက် ကန်ဖျားရွာဇာတိ ရဟန်း ၅-ဝါရ ရှင်တေဇောဒီပပြုသည်။

၃၄၆။ * သောတတ္ထကီ-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့ မဟာဝိဟာရကျောင်းတိုက်နေ စူဠဗုဒ္ဓဃောသပြုသည်။

၃၄၇။ * တထာဂတုပ္ပတ္တိ-မှာ၊ ဇမ္ဗူဒိပ်ကျွန်း တမ္ဗဒီပတိုင်း အရိမဒ္ဒနာမည်သော ပုဂံမြို့ရှင်ဉာဏဂမ္ဘီပြုသည်။

၃၄၈။ * ဗုဒ္ဓဃောသုပ္ပတ္တိ-မှာ၊ ဇမ္ဗူဒိပ်ကျွန်း တမ္ဗဒီပတိုင်း အရိမဒ္ဒနာမည်သော ပုဂံမြို့ အမည်မသိမထေရ်ပြုသည်။

၃၄၉။ အရဟတ္တမဂ္ဂဝဏ္ဏနာ-မှာ၊ ၎င်း။

၃၅၀။ ဝဇိရသာရတ္ထ သင်္ဂဟစာကိုယ်-မှာ၊ သက္ကရာဇ် ၀၀၀-ခုနှစ်နန်းတက်သော ရှမ်းသိုဟန်ဘွားမင်းလက်ထက် ရတနာပူရအဝမြို့အနောက် ဇေတဝန်ကျောင်းတိုက်နေ ရှင်သိရိရတနပညာပြုသည်။

၃၅၁။ ဝဇိရသာရတ္ထ သင်္ဂဟဋီကာ-မှာ၊ ၎င်း ရှင်သိရိရတနပညာ မထေရ်ပြုသည်။

၃၅၂။ ရာဇိန္ဒရာဇနာမာဘိဓေယျဒီပနီ-မှာ၊ ဝိဇယာပူရ မည်သော ပင်းယမြို့ တောင်သီဟသူမင်းတည်သည့် ရွှေစည်းခုံစေတီတော် အနီး အုန်းကျောင်းတိုက်နေ မဟာရတနာကရ တံဆိပ်တော်ရ သိရိ သုဓမ္မရာဇာ မဟာဓိပတိသာလွန်မင်းတရား တံဆိပ်နာမံတော်ကိုနေတ္တိ နည်း, ဆန်းနည်း, အလင်္ကာနည်း, ဝိဒဂ်နည်း, ဒဏ္ဍီနည်း,သဒ္ဒါနည်း များနှင့် ဂါထာဗန္ဓဘွဲ့ဆိုစီကုံးဝိဂြိုဟ်ဝစနတ်အရကောက်များနှင့် စီရင်သော ရာဇိန္ဒရာဇနာမာဘိဓေယျဒီပနီကျမ်းတည်း။

၃၅၃။ ရာဇိန္ဒရာဇနာမာဘိဓေယျဝိသောဓနီ-မှာ၊ ၎င်းရာဇိန္ဒရာဇ နာမာဘိဓေယျဒီပနီကျမ်းကို သူနာပရန္တတိုင်း, အပရန္တတိုင်း, တမ္ဗဒီပတိုင်းအဝင်အပါ မြို့ကျေးရွာ အလွန်သာယာသည်ကို အကြောင်းပြု၍ သာလွန်မင်းတရားဟု ခေါ်ဝေါ်သော သာလွန်မင်းတရားကြီး အမိန့်တော်နှင့် စလင်းမြို့မဇာတိသူငယ်အဖြစ်,သာမဏေအဖြစ်,ပဉ္စင်း အဖြစ်,မထေရ်အဖြစ်တည်းဟူသော ကျော်စောခြင်းလေးပါးနှင့် ပြည့်စုံသော တောင်ဘီလာဆရာတော် သုတ်သင်ပြင်ဆင် ထားရသော ရာဇိန္ဒရာဇနာမာဘိဓေယျ ဝိသောဓနီကျမ်းတည်း။

၃၅၄။ * ရာဇာဓိ ရာဇနာမတ္တ ပကာသနီ-မှာ၊ သက္ကရာဇ် ၁၀၉၅-ခုနှစ် ရတနာပူရရွှေဝပြည်ကြီး၌နန်းတက်၍ မဟာဓမ္မရာဇာ ဓိရာဇာတံဆိပ်နာမံခံသော လောကသရာဘူစေတီဒါယကာ ဟံသာဝတီ ရောက် မင်းတံဆိပ်နာမံကို ပုခန်းကြီးမြို့စီရင်စု ပိုက်သင်ရွာဇာတိပဉ္စမ ကျော် ရှင်မည်,ရဟန်းမည်ဉာဏဝရ၊ တံဆိပ်မည် ဇိနစက္ကာဘိရာမ၊ ဌာနအမည် ကျော်အောင်စံထားဆရာတော်ခေါ်သော ကျောင်းတရာ ကျော်အောင်စံထားမထေရ်သည် နေတ္တိနည်း, မဟာနိဒ္ဒေသနည်း, ဆန်းနည်း, အလင်္ကာနည်း, ဝိဒဂ်နည်း, ဒဏ္ဍီနည်း, ဗျဂ်ျနည်းတို့ဖြင့် ဘွဲ့ဆိုစီကုံးသော ရာဇာဓိရာဇနာမတ္တပကာသနီကျမ်းတည်း။

၃၅၅။ * ရာဇိန္ဒရာဇသုဓမ္မစာရဲဒီပနီ-မှာ၊ အမရပူရပဉ္စမမြို့နန်း တည်မင်းလက်ထက် မောင်းထောင် သာသနာပိုင်ဆရာတော်ပြုသည်။

၃၅၆။ * ရာဇိန္ဒရာဇပုညဒီပနီ-မှာ၊ ရတနာပူရ စတုတ္ထမြို့နန်း တည်မင်းလက်ထက် စလင်းသာသနာပိုင် ဆရာတော်ပြုသည်။

၃၅၇။ * လောကဒီပနီ-မှာ၊ ရတနာပူရ ပဉ္စမမြို့တည်-နန်းတည် သတိုးမင်းဖျားလက်ထက် ပတူးကြီးသယ်ရာဇာပြုသည်။

၃၅၈။ * လောကုပ္ပတ္တိပကာသနီ-မှာ၊ ဇမ္ဗူဒိပ်ကျွန်း တမ္ဗဒိပတိုင်း အရိမဒ္ဒနာမည်သောပုဂံမြို့ နရပတိစည်သူမင်းလက်ထက် ရှင်အဂ္ဂပဏ္ဍိတပြုသည်။

၃၅၉။ * လောကဒီပကသာရ-မှာ၊ သိရိရတနာပူရ မည်သော မုတ္တမ မြို့တည်-နန်းတည် ဆင်ဖြူ့ရှင်ဗညားဦးမင်းမယ်တော်သိရိမဟာသုဘဒ္ဒါဒေဝီက ဆောက်လုပ်သည့်ကျောင်းနေ ရှင်မေဓင်္ကရစီရင်သည်။

၃၆၀။ * လောကပညတ္တိ-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့တောင်မဟာဝိဟာရကျောင်းတိုက်နေ အမည်မသိမထေရ်ပြုသည်။

၃၆၁။ * လောကဝိဒူ-မှာ၊ စလင်းမြို့မဇ္ဈတိ ကျော်ခေါင်ခြင်းလေးပါးနှင့်ပြည့်စုံသော တောင်ဘီလာဆရာတော်ပြုသည်။

၃၆၂။ * သဉ္ဇာပကာသကစာကိုယ်-မှာ၊ အယုဒ္ဓယတိုင်းကားယိုးဒယားမြို့အဝင် ဇင်းမယ်မြို့ခနေ ရှင်ဉာဏဝိလာသပြုသည်။

၃၆၃။ * သဉ္ဇာပကာသကဋီကာ-မှာ၊ ဝိဇယာပူရ မည်သော ပင်းယမြို့ဦနန်းစံသော ဆင်ဖြူလေးစီးရှင် သီဟသူမင်းလက်ထက် တုဋ္ဌာဝတီမည်သော မြစ်ငယ်တောင် ပလိပ်ရွာအရှေ့ မြို့သစ်မြို့နေရှင် သိရိမင်္ဂလပြုသည်။

၃၆၄။ * ကမ္ဗဋ္ဌာနဒီပနီ-မှာ၊ သီဟိုဠ်ကျွန်း သိရိမဟာပရက္ကမဗာဟုမင်းလက်ထက် ရှင်သာရိပုတ္တရာ, ရှင်သာရိတနုဇ,ရှင်မဟာသာမိပါဒ ၃-မည်ရသော မထေရ်ပြုသည်၊ ထိုရှင်သာရိပုတ္တရာကား ဗုဒ္ဓဒါသမင်းသားတော်တည်း။

၃၆၅။ * မင်္ဂလတ္ထဒီပနီ-မှာ၊ ဝိဇယာပူရမည်သော ပင်းယမြို့ဦနန်းစံသော ဆင်ဖြူလေးစီးရှင် သီဟသူမင်းလက်ထက် တုဋ္ဌာဝတီမည်သောမြစ်ငယ်တောင် ပလိပ်ရွာအရှေ့မြို့နေ ရှင်သိရိမင်္ဂလပြုသည်။

၃၆၆။ * ဩကာသဒီပနီ-မှာ၊ ရတနာပူရပဉ္စမ မြို့တည်နန်းတည် သတိုးမင်းဖျားလက်ထက် ပတူးကြီးသယ်ရာဇာပြုသည်၊ ထိုသယ်ရာဇာ သီတင်းသုံးသည့် နေရာကိုလည်း ယခုတိုင် သယ်ရာဇာချောင်းဟု ခေါ်ဝေါ်ကြသည်။

၃၆၇။ *ဆဂတိဒီပနီ-မှာ၊သီဟိုဠ်ကျွန်း အနုရာဓမြို့နေ အသမ ဃောသဆရာ စီရင်သည်။

၃၆၈။ *စန္ဒသူရိယ ဂတိဒီပနီ-မှာ၊ငင်း။

၃၆၉။ လောကီပညာသဇာတ်- မှာ၊ အယုဒ္ဓယ တိုင်းကား ယိုးဒယားမြို့အဝင် ဇင်းမယ်မြို့နေ လောကဓမ္မအရာ၌ လိမ္မာလှသော ရှင်သာမဏောပြုသည်။

ပေါင်း....၄၆။

## ( ခ ) ဝိနည်း ၅-ကျမ်းဂဏ္ဌိပုဒ်

၃၇၀။ စူဠဂဏ္ဌိပုဒ်-မှာ၊ သီဟိုဠ်ကျွန်း-ရှင်ဇောတိပါလပြုသည်၊ ဤဂဏ္ဌိပုဒ် တို့ကား ဇမ္ဗူဒိပ်ကျွန်းသို့မပါမရောက်လာ။

၃၇၁။ မဇ္ဈိမဂဏ္ဌိပုဒ်-မှာ၊ ငင်း။

၃၇၂။ မဟာဂဏ္ဌိပုဒ်-မှာ၊ငင်း။

ပေါင်း....၃။

## ( ဂ ) သဒ္ဒါကျမ်း

၃၇၃။ *သဒ္ဒါ ဂ စောင်-မှာ၊ ဥဇ္ဇေနီပြည်၌ တိရိဋိဝစ္ဆပုဏ္ဏားနှင့် ဘဒ္ဒပရမာပုဏ္ဏေးမတို့သင့်မြတ်ရာ မွေးဘွားသည့်သားဖြစ်သည်၊ ရွှေ အဆင်းနှင့်တူသောအဆင်းရှိသောကြောင့် ကစ္စာနဟူသော အမည်ကို လည်းမှည့်သည်၊ နောက်အရွယ်သို့ရောက်လျှင် ဥဇ္ဇေနီပြည်၌ နန်းစံ သော သုစန္ဒပဇ္ဇောတမင်း ပုရောဟိတ်ဖြစ်သည်၊ ပုရောဟိတ်ဖြစ်ပြီး နောက်မှတောထွက်၍ ရဟန္တာဖြစ်သည်၊ ရဟန္တာဖြစ်ပြီးမှ အကျဉ်း ဟောတော်မူသော တရားတော်ကို အကျယ်ချဲ့၍ ဟောသောအရာ၌ တေဒဂ်ရသောကြောင့် သန္ဓိ, နာမ်, ကာရက, သမာသ်, တဒ္ဓိတ်, အာချာတ်,ကိတ်, ဥဏာဒ်ကျမ်းများကိုဟောသည်၊ နောက်နေတ္တိပါဠိ တော်,မဟာနိရုတ္တိပါဠိတော်,စူဠနိရုတ္တိပါဠိတော်များကိုလည်း ဟော တော်မူသည်။

၃၇၄။ *မုခမတ္တဒီပနီပါဌ်-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့တောင် မဟာဝိဟာရ ကျောင်းတိုက်နေ ရှင်ဝဇိရဗုဒ္ဓိပြုသည်၊ ထိုရှင်ဝဇိရဗုဒ္ဓိ

လည်း ဝိနည်း ၅-ကျမ်းအဋ္ဌကထာအဘွင့်ဋီကာကိုလည်း စီရင်သည်၊ မထေရ်အမည်ကို အကြောင်းပြု၍ ဝဇိရဗုဒ္ဓိဋီကာဟု ခေါ်ဝေါ်ကြသည်၊ သက္ကရာဇ် ၅၉၆-ခုနှစ် နန်းတက်သော ကျစွာမင်းလက်ထက်-ရှင်အဂ္ဂဝံသမထေရ်စီရင်သည့် သဒ္ဒနီတိပဒမာလာကျမ်း၌ မုခမတ္တဒီပနီမည်သော န္యာသ-ဉာသ်ကျမ်းကို ရှင်ဝဇိရဗုဒ္ဓိစီရင်ကြောင်းနှင့်ဆိုသည်၊ ဤအကြောင်းကို မသိသောရှင်လူတို့ကား မုခမတ္တဒီပနီမည်သော န္యာသ-ဉာသ်ကျမ်းကို ရှင်ဝိမလဗုဒ္ဓိပြုသည်ဟု စာရေးသားထားကြသည်ကား အလျှဉ်းပင် ယုတ္တာယုတ္တိမရှိဟု မှတ်လေ၊ သီဟိုဠ်ရှင်ဝိမလဗုဒ္ဓိပြုသည့်ကျမ်းကား-ဝိဒဂ်စာကိုယ်- အဘွင့်ဝိဒဂ် ဋီကာကိုစီရင်ကြောင်းနှင့်-ဝိဒဂ်ဋီကာနိဂုံး၌လာသည်၊ မုခမတ္တဒီပနီကို န္యာသကျမ်း၊ ယင်းန္యာသကျမ်းကို-ဉာသ်ကျမ်းဟု ခေါ်ဝေါ်သည့် အလိုမှာ-နကာရန္တ-ဉ ကာရန္တသမ်ဝဒေ ဟူရကား၊နယ်အက္ခရာကို ဉ အက္ခရာပြု၍ ဉာသ်ကျမ်းဟု ခေါ်ဝေါ်ကြသည်။ ၊န္యာသေပနဝုတ္တံ-ဟု၊ ပဒရူပသိဒ္ဓိစာကိုယ်ဋီကာပြု- ရှင်ဗုဒ္ဓပိယလည်းရေးသည်၊ ရှင်မဟာဝိဇိတာဝီလည်း-ကစ္စာနဝဏ္ဏနာ၌ရေးသည်။

မုခမတ္တဒီပနီအဘွင့်-နိရုတ္တိသာရမဉ္ဇူသာဋီကာ၌လည်း ဉာသေပနဝုတ္တံ၊ဟု-ရှင်ဒါဌာနာဂရာဇဂုရုလည်းရေးသည်။ ။န္యာသောတုပနိမိရိတော။ ။မာဂဓအဘိဓာန် စာကိုယ်စတုတ္ထဏ္ဍဝဂ်။ ။န္యာသော၊ န္యာသသဒ္ဒါကို။ ဥပနိမိ၊ ဥစ္စာကိုနှံ့ထားခြင်းမြှုပ်ထားခြင်း၌၊ ဤရိတော၊ မိန့်အပ်၏။ ၎င်းအဘွင့်ဋီကာ၌လည်း—

ဒွယံန္యာသေ၊ အသုဓေသနေ၊န္యာသော တေ နိက္ခပိယတေတိ န္యာသော၊ဏော၊ ဥပနိမိယတေတျု ပနိမိ။ ဣ၊ ဥပနိမိပုမေ၊ ပုမေဥပနိမိ န္యာသောတျမရကောသေ-ဟု၊ လာသည်။

ဒွယံ၊ နှစ်ပုဒ်သည်၊ န္యာသေ၊ ဥစ္စာကို နှံ့ထားခြင်း မြှုပ်ထားခြင်း၌ ဖြစ်၏။ အသု၊ အသုဓာတ်သည်။ ခေပနေ၊ ကုန်ခန်းခြင်း၌ ဖြစ်၏။ န္యာ-သတေနိက္ခိပိယတေ၊ ဥစ္စာကို နှံ့ထားမြှုပ်ထားအပ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ န္యာသော၊ န္యာသမည်၏။ ဏော၊ဏပစ္စည်းသက်။ ဥပ-နိမိယတေ၊ ဥစ္စာကိုနှံ့ထားမြှုပ်ထားအပ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဥပနိမိ၊ ဥပနိမိမည်၏။ ဣ၊ ဣပစ္စည်းသက်။ ဥပနိမိ၊ ဥပနိမိသဒ္ဒါသည်။

ပုမေ၊ ပုလ္လိင်ဖြစ်၏။ ဥပနိမိ၊ ဥစ္စာကိုနှံထားခြင်း,မြှုပ်ထားခြင်း။ ချာ-သော၊ဥစ္စာကိုနှံထားခြင်း,မြှုပ်ထားခြင်း။ ပုမေ၊ ပုလ္လိင်၌ဖြစ်၏။ ဣတိ၊ ဤသို့။ အမရကောသေ၊ အမရကောသကျမ်း၌။ ဝုတ္တံ၊ ဆိုအပ်၏။

သက္ကဋအဘိဓာန် စာကိုယ်၌လည်း။ ။ပုမေဥပနိမိ ချာသော၊ ပရိဒါနံတဒပနံ၊ ဟုလာသည်။ ။ဥပနိမိ၊ ဥစ္စာကို နှံထားခြင်း,မြှုပ်ထားခြင်း။ ချာသော၊ ဥစ္စာကိုနှံထားခြင်း, မြှုပ်ထားခြင်း။ ပရိဒါနံ၊ ဥစ္စာကို နှံထားခြင်း, မြှုပ်ထားခြင်း။ တဒပနံ၊ ဥစ္စာကို နှံထားခြင်း, မြှုပ်ထားခြင်း။ ပုမေ၊ ပုလ္လိင်၌၊ ဘဝေ၊ ဖြစ်၏ဟု ဆိုရကား ရွှေ,ငွေ ရတနာကို နှံထား မြှုပ်ထားသော အိုးနှင့်တူသော ချာသကျမ်း—ဤသည် ကျမ်းဟုဆိုလိုသည်။

ရတနာပူရ စတုတ္ထမြို့တည်- နန်းတည် မဟာဝိဇယရံသီစေတီ ဒါယကာမင်းအမိန့်တော်နှင့် စလင်းမြို့ဇာတိ အတွင်းဝန်ဆောမြို့စား မင်းကြီး သိရိမဟာနန္ဒ သင်္ကြံတောင်းပန်၍ ရတနာသိင်္ဂမြို့ ချည်ပါ တောင်ရွာ မြောက်ရွာစား-မင်းတိုင်ပင်အမတ် မဟာဓမ္မသင်္ကြံစီရင်သည့် သာသနာလင်္ကာရ ကျမ်း၌ ပုဂံတွင် အလောင်းစည်သူမင်း လက်ထက် ဝိမလဗုဒ္ဓိကြီး, ဝိမလဗုဒ္ဓိငယ် ကျမ်းတတ်ဆရာနှစ်ပါးရှိ၏၊ ဤသည်ကျမ်းကို ရှင်ဝိမလဗုဒ္ဓိကြီးပြုသည်၊ သီဟိုဠ်ရှင်ဝိမလဗုဒ္ဓိ ပြုသည် ဟူ၍ အချို့ပိဋကတ်သမိုင်းများ၌ဆိုလေသည်ဟု စီကုံးရေးသားရကား မောင်းထောင်ဆရာကြီးလည်း—

မန္တာခိဠာ စ ဝဏ္ဏာ စ၊ ဗလံပညာ တတောဝဟာ။

ပဗ္ဗာရာ၅ ပဝက်ာစ၊ မောမူဟာ သယနာဒသ။ ။

သစ္စသံခိပ်ဋီကာသစ်လာဂါထာကို ထောက်လျှင် အရွယ်ဆယ်ပါး တွင် ဝက်ဒသကအရွယ်သို့ ရောက်ပြီ ဖြစ်သောကြောင့် သတိမမူ ဂူကိုမမြင်ရှိလေသည်ဟု မှတ်ရမည်။

၃၇၅။ *သံပျင်ဋီကာ-မှာ၊ ဇမ္ဗူဒိပ်ကျွန်း တမ္ဗဒီပတိုင်း အရိမဒ္ဒ နာမည်သော ပုဂံမြို့၌ သက္ကရာဇ် ၅၃၆-ခုနှစ် နန်းတက်သော နရပတိ စည်သူမင်း လက်ထက် မြေတိုင်းသံပျင် အမတ်စီရင်သည်၊ သာသနာ လင်္ကာရကျမ်း၌လည်း ဤသည်ကျမ်းအတွင့် သံပျင်ဋီကာကို ပုဂံသံပျင် အမတ်ပြုသည်၊ နရပတိ စည်သူမင်းကြီးလက်ထက် ကျမ်းဂန်သင် မြောက်ကျနပြီးသော ပုဂ္ဂိုလ်ဘဦးသည် မင်းကြီးအမြိုက် အစွန်း

မင်းသမီး၌ တပ်မက်၍ မအိမသာ မရပ်မတည် နိုင်ရှိလေ၏၊ ထိုအကြောင်းကို မင်းကြီးကြား၍အခိုင်အခံ့သုံးဆောင်လောက်အောင် ကျမ်းဂန် ပြုလေဦး မိန့်ဆိုသည်တွင် ဤသိကျမ်းအဘွင့်ဋီကာကိုပြုသည်။

ထိုနောက်လူထွက်လျှင် မြေတိုင်းသံပျင်အရာကို ပေးသောကြောင့် သံပျင်အမတ်ဟု ထင်ရှားသည်၊ ကျမ်းလည်း သံပျင်ဋီကာဟူ၍ တွင်သည်။

ပဌမံ ကရေ ပဒစ္ဆေဒံ၊ သမာသာဒိံ တတောကရေ။
**သမာသာဒေါကတေပစ္ဆာ၊ အတ္ထံနိယျာထ ပဏ္ဍိတော။** ။

ဟုခပ်သိမ်းသော အရာ၌ အနက်ပေးနည်းဂါထာကို ပြသဖြင့်ဘွင့်သောကြောင့် နှစ်သက်ဘွယ်ရှိလှသည်၊ ပိဋကတ်သမိုင်းအစောင်စောင်မှာ သံပျင်ဋီကာကို သံပျင်အမတ် စီရင်သည်ဟု ဥဒါန်းစဉ်ရှည်ဖြစ်လေသည်၊စာကိုယ်တွင် နိဂုံးမပါ။

၃၇၆။ * နိရုတ္တိသာရမဉ္ဇူသာဋီကာ-မှာ၊သက္ကရာဇ် ၉၉၁-ခုနှစ်
နန်းတက်သော စစ်ကိုင်းမြို့ ရာဇမဏိစူဠာကောင်းမှုတော်ကြီး ဒါယကာ သာလွန်မင်းတရားလက်ထက် စစ်ကိုင်းမြို့ဘုံသာတုလွတ်ကျောင်းတိုက်နေ ရှင်ဒါဌာနာဂရာဇဂုရု ပြုသည်။

၃၇၇။ * မုခမတ္တသာရ-မှာ၊ မုခမတ္တဒီပနီ မည်သောနျာသဤသ်
ကျမ်း၌ သန္ဓိအစ—ဥဏာဒိ အဆုံးရှိသော စုဏ္ဏိယများကို ဂါထာဘွဲ့ပြီးလျှင် အရိမဒ္ဒနာမည်သော ပုဂံမြို့နေ ရှင်ဂုဏာသာဂရပြုသည်။

၃၇၈။ မုခမတ္တသာရဋီကာ-မှာ၊ငင်း။

၃၇၉။ *ပဒရူပသိဒ္ဓိ စာကိုယ်-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့
တောင် မဟာဝိဟာရကျောင်းတိုက်နေ မူလဋီကာ ဥပါသကာလင်္ကာရကျမ်းပြု ရှင်အာနန္ဒာ၇ တပည့် ရှင်မေဓင်္ကရ၊ ငင်းရှင်မေဓင်္ကရ တပည့် ရှင်ဗုဒ္ဓပိယပြုသည်။

၃၈၀။ * ပဒရူပသိဒ္ဓိဋီကာ-မှာ၊ငင်း။

၃၈၁။ * သုတ္တနိဒ္ဒေသ-မှာ၊ ပုသိမ်မြို့ စီရင်စု ဆပဒရွာဘွား
ရှင်ဆပဒ၊ရဟန်းမည်သဒ္ဓမ္မဇောတိပါလမထေရ်သည် သီဟိုဠ်ကျွန်းကလာပြီးလျှင် အရိမဒ္ဒနာမည်သော ပုဂံပြည်ကြီး တောရကျောင်းတွင် သီတင်းသုံးနေစဉ် စီရင်သည်။

၃၀၂။ ကစ္စာယနဝဏ္ဏနာ-မှာ၊ သက္ကရာဇ် ၉၁၂-ခုနှစ် နန်းတက်သော ဟံသာဝတီမြို့တည် ဟံသာဝတီဆင်ဖြူများရှင့်လက်ထက် ဝိဇယာပူရမည်သော ပင်းယမြို့ တူးရွှင်းခြေတောင်,အဘယဂိရိတောင် နှစ်မည်သော တောင့်မြောက်တွင် ဟံသာဝတီဆင်ဖြူများရှင့် မြေးတော် မင်းရဲကျော်စွာဆောက်လုပ်သည့် အဘယဂိရိတိုက်နေ ရှင်မဟာဝိဇိတာဝီပြုသည်။

၃၀၃။ * သဒ္ဒနီတိပဒမာလာ-မှာ၊ ဇမ္ဗူဒိပ်ကျွန်း တမ္ဗဒီပတိုင်း အရိမဒ္ဒနာမည်သော ပုဂံမြို့၌ သက္ကရာဇ် ၅၉၆-ခုနှစ် နန်းတက်သော ပြဿဒါးစေတီဒါယကာ ဓမ္မရာဇာ တံဆိပ်နာမံခံသော ကျစွာမင်း လက်ထက် သင်္ကရိုင်သဒ္ဒါကျမ်းနှင့် သာသနာတော်ကျမ်းဂန်များ ကိုတတ်သော ရှင်မဟာအဂ္ဂပဏ္ဍိတ၊ ထိုရှင်မဟာအဂ္ဂပဏ္ဍိတ တပည့် လောကုပ္ပတ္တိပကာသနီကျမ်းကို စီရင်သော ရှင်အဂ္ဂပဏ္ဍိတ၊ ထိုရှင် အဂ္ဂပဏ္ဍိတနှမရင်းက မွေးဘွားသော ရှင်အဂ္ဂဝံသ မထေရ်သည် လောကီသင်္ကရိုင် သဒ္ဒါကျမ်းများနှင့် သဗ္ဗညုဘုရားဟော ပါဠိဇာတ် ပါဠိတော် ၎င်းအဘွင့် အဋ္ဌကထာ, သုတ္တန်, ဝိနည်း, အဘိဓမ္မာပါဠိ တော်အဋ္ဌကထာ,ဋီကာများကလာရှိသည့် ပြယုဂ်များကို ထုတ်ဆောင် ညှိနှိုင်းပြီးလျှင် ရှင်အဂ္ဂဝံသ စီရင်သည်။

၃၀၄။ *သဒ္ဒနီတိဓာတုမာလာ-မှာ၊၎င်း။

၃၀၅။ *သဒ္ဒနီတိသုတ္တမာလာ-မှာ၊ ၎င်း။

၃၀၆။ *သဒ္ဒနီတိဋီကာ-မှာ၊ အလုံမြို့စီရင်စု မောင်းထောင်ရွာ ဇာတိ မန္တလေးမြို့ အရှေ့ပြင် မင်္ဂလာရာမတိုက်နေ ဆရာတော် ရှင်ပညာသာမိပြုသည်။

၃၀၇။ * မူလမောဂ္ဂလာန်-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့တောင် မဟာဝိဟာရကျောင်းတိုက်နေ ရှင်မောဂ္ဂလာန်ပြုသည်။

၃၀၈။ * ဝုတ္တိမောဂ္ဂလာန်-မှာ၊၎င်း။

၃၀၉။ *ဗျာဒိမောဂ္ဂလာန်-မှာ၊သီဟိုဠ်ကျွန်းအနုရာဓမြို့တောင် မဟာဝိဟာရကျောင်းတိုက်နေ ရှင်သဃ် ရက္ခိတမဟာသာမိ ပြုသည်။

၃၉၀။ * မောဂ္ဂလာန်ဋီကာ-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့တောင် မဟာဝိဟာရကျောင်းတိုက်နေ အမည်မသိ မထေရ်ပြုသည်။

ပေါင်း.... ၁၀။

---

## (ဃ) သဒ္ဒါငယ်ကျမ်းစာရင်း

၃၉၁။ *သမ္ဗန္ဓစိန္တာ-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့တောင်မဟာဝိဟာရ ကျောင်းတိုက်နေ ရှင်သဃ်ရက္ခိတမဟာသာမိပြုသည်။

၃၉၂။ * သမ္ဗန္ဓစိန္တာဋီကာ-မှာ၊ ဇမ္ဗူဒိပ်ကျွန်း တမ္ဗဒီပတိုင်း အရိမဒ္ဒနာမည်သော ပုဂံမြို့ ရွှေဂူကျောင်းနေ ရှင်တိပိဋကဓရအဘယ ထေရ်ပြုသည်။

၃၉၃။ * ကာရိကာ စာကိုယ်-မှာ သက္ကရာဇ် ၄၂၆-ခုနှစ် နန်းတက်သော ထီးလိုင်ရှင် ကျန်စစ်သား ကျန်ရစ်သားမင်း တည်လုပ်သော နန္ဒာဂူအနီး နန္ဒာကျောင်းတိုက်နေ ရှင်ဓမ္မသေနာပတိ စီရင်သည်။

ထိုကျန်စစ်သား ကျန်ရစ်သားမင်း လက်ထက် ဗဟုသုန္ဒရီနတ်သမီး စောင့်သော ဂန္ဓမာဒနတောင် နန္ဒမူလိုဏ်က ရဟန္တာများ ကြွလာ၍ ကျန်စစ်သား ကျန်ရစ်သားမင်းကြီးလှူသော ဝါဆိုကျောင်းမှာ ဝါဆိုလာသဖြင့် ရဟန္တာများထင်ရှားရှိသောကြောင့် ခိုင်ခံ့သော သဒ္ဒါကျမ်းဟု နှစ်သက်မြတ်နိုးကြသည်၊ နန္ဒာဂူဘုရားကို ယခုရှင်လူတို့ အာနန္ဒာဘုရားဟု ခေါ်ဝေါ်ကြသည်။

၃၉၄။ ကာရိကာဋီကာ-မှာ၊ ၎င်း။

၃၉၅။ * သဒ္ဒတ္ထဘေဒစိန္တာ-မှာ၊ ဇမ္ဗူဒိပ်ကျွန်း တမ္ဗဒီပတိုင်း အရိမဒ္ဒနာမည်သော ပုဂံမြို့ တူးရွင်းခြေရှာဇာတိ သီတင်းသည့်သား ရှင်သဒ္ဓမ္မသိရိပြုသည်၊ ထိုရှင်သဒ္ဓမ္မသိရိသည် ဗေဒင်ဗြိဟာဇ်ကျမ်း နိဿယည်းကိုလည်း စီရင်သည်။

၃၉၆။ * သဒ္ဒတ္ထဘေဒ စိန္တာဋီကာဟောင်း-မှာ၊ ဇမ္ဗူဒိပ်ကျွန်း တမ္ဗဒီပတိုင်း အရိမဒ္ဒနာမည်သော ပုဂံမြို့ ရွှေဂူကျောင်းနေ ရှင်တိပိဋကဓရအဘယထေရ်ပြုသည်၊ ဋီကာအမည်ကိုလည်း သာရတ္ထသင်္ဂဟဋီကာအမည်မှည့်သည်။

၃၉၇။ သဒ္ဒတ္ထဘေဒစိန္တာဋီကာသစ်-မှာ၊ ၎င်း။ အမည်မသိမထေရ်ပြုသည်။

၃၉၈။ * ကစ္စာယနသာရ-မှာ၊ ဇမ္ဗူဒိပ်ကျွန်း တမ္ဗဒီပတိုင်း အရိမဒ္ဒနာမည်သော ပုဂံမြို့နေ ရှင်ယသပြုသည်။

၃၉၉။ * ကစ္စာယနသာရ ဋီကာဟောင်း-မှာ၊ ဇမ္ဗူဒိပ်ကျွန်း တမ္ဗဒီပတိုင်း အရိမဒ္ဒနာမည်သော ပုဂံမြို့နေ ရှင်သိရိသဒ္ဓမ္မဝိလာသပြုသည်။

၄၀၀။ ကစ္စာယနသာရဋီကာသစ်-မှာ၊ ဝိဇယာပူရ မည်သော ပင်းယမြို့နေ အမည်မသိမထေရ်ပြုသည်။

၄၀၁။ ကစ္စာယနသာရယောဇနာ-မှာ၊ ၎င်း။

၄၀၂။ * ကစ္စာယနဘေဒ-မှာ၊ စလေမြို့နေ ရှင်မဟာယသပြုသည်။

၄၀၃။ * ကစ္စာယနဘေဒဋီကာဟောင်း-မှာ၊ ရတနာပူရ အဝမြို့နေ ရှင်အရိယာလင်္ကာရပြုသည်။

၄၀၄။ ကစ္စာယနဘေဒဋီကာသစ်-မှာ၊ ဝိဇယာပူရ မည်သော ပင်းယမြို့နေ အမည်မသိမထေရ်ပြုသည်။

၄၀၅။ * သဒ္ဒသာရတ္ထ ဇာလိနီစာကိုယ်-မှာ၊ သက္ကရာဇ် ၇၁၃-ခုနှစ် နန်းတက်သော ဆင်ဖြူလေးစီးရှင် သီဟသူမင်းသည် စံကားကျောင်းအနီးတွင် ကျောင်းကြီးသာယာစွာဆောက်လုပ်၍ မည်သည့်ပုဂ္ဂိုလ်ကိုဟုမရည်မတင်ဘဲ ကျော်စွာမင်းကျောင်းဟုထား၏၊ သီလဝန် ဂုဏဝန်မှန်၍ ရဲရင့်တည်ကြည်သောပုဂ္ဂိုလ် တက်နေပစေ၊ သီတင်းစကားပုံ့နှံစေလျက် ထားသတည်း။

ထိုကျောင်းကို စစ်ကိုင်းမြို့မြောက်လက် သာစည်ရွာသား ပုဂ္ဂိုလ်တဦး တက်နေလေ၏၊ ထိုသို့ တက်နေသောအခါ ကျော်စွာမင်းကျောင်း အစောင့်ရှောက်တို့လည်းတက်နေသည်ကိုမြင်၍ ကျော်စွာမင်းအား လျှောက်ထားကြ၏၊ မင်းလည်း အတွင်းဝန်, အတွင်းသေနာပတိဖြစ်သော သိရိမဟာစတုရင်္ဂဗလကိုစုံစမ်းချေစေ၏၊ အတွင်းဝန်သွား၍ ထိုပုဂ္ဂိုလ်ကို ပါဠိအဋ္ဌကထာ,ဋီကာကျမ်းဂန် ခက်ရာခက်ဆစ်

မေးမြန်းစုံစမ်းသည်၊ မေးမြန်းစုံစမ်းတိုင်းပင် ရရမိမိရှိ၍ မင်းအား အကြောင်းကိုပြန်ကြားတင်လျှောက်သဖြင့် ထိုကျောင်းကို ထိုပုဂ္ဂိုလ်အားတင်လှူလေ၏။

သူယဲက အကြောင်းကိုစွဲ၍ ဆုံးတွင်းပစ်ဆရာတော်ဟုတွင်သည်၊ ရဟန်းမည်ကား ရှင်နာဂိတမည်သတည်း၊ မင်းဆရာဖြစ်လျှင် သဒ္ဒသာရတ္ထဇာလိနီ သဒ္ဒါငယ်ကျမ်းကိုစီရင်၍ ယခုထက်တိုင် ထင်ရှားရှိသည်၊ ပင်းယမြို့၌ ရှင်နာဂိတလက်ထက် ဓုရနှစ်ပါးတွင် စာပေသင်ကြားသော ဂန္ထဓုရရဟန်းလည်းအများရှိ၏၊ ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းသော သက်ကြီးရွယ်ရင့် ဝိပဿနာဓုရရဟန်းလည်း တထောင်လောက်ပင်များသည်ဟူ၏။

အလုပ်အကျွေးအဘကိုလည်း သူဌေးအရာပေး၍ ချီးမြှောက်သဖြင့် ယခုထက်တိုင် သူဌေးရွာ သာစည်ဟုတွင်သတည်း၊ အမိန့်တော်နှင့် စေလွှတ်သွားစေသည့် အတွင်းဝန် သိရိမဟာစတုရင်္ဂဗလ အကြောင်းကား ပြည်မြို့ဇာတိတည်း၊ ထိုကျော်စွာမင်းလက်ထက် ကျမ်းဂန်တတ်လှစွာသောကြောင့်သိရိမဟာစတုရင်္ဂဗလမည်သောအတွင်းဝန်မင်းသည် မာဂဓအဘိဓာန်ဋီကာကိုစီရင်၏၊ သင်္ကရိုင်ကျမ်းနှင့်တကွ ပိဋကတ် ၃-ပုံဟူသောတောကြီး၌ မငြိမတွယ်သောဉာဏ်ဖြင့် သွားစွမ်းနိုင်သည်ဟူ၍ ကိုယ်အစွမ်းသတ္တိကိုလည်း ၎င်းမာဂဓအဘိဓာန်ဋီကာနိဂုံးတွင် ဆိုသည်။

ထို သိရိမဟာစတုရင်္ဂဗလ အတွင်းဝန်မင်းကား သုတ်ပါထေယျပါဠိတော် မဟာပုရိသလက္ခဏာသုတ်အဘွင့် သုမင်္ဂလဝိလာသိနီ အဋ္ဌကထာဋီကာဘွင့်ပြသည့်အတိုင်း သဗ္ဗညု မြတ်စွာဘုရား လက္ခဏာတော်ငယ်ရှစ်ဆယ်ကိုလည်း ပဏ္ဏာဝတ္တုဂါထာစီကုံးသည်၊ သဗ္ဗညုမြတ်စွာဘုရား ပါဒနက်သန်တရာ့ရှစ်ကိုလည်း ဂါထာဗန္ဓဖွဲ့ဆိုသည်၊ ဟိတောပဒေသဝတ္ထု အင်္ဂါ ၂၀-ကျော်ကိုလည်းစီရင်သည်။

၄၀၆။ သဒ္ဒသာရတ္ထဇာလိနီဋီကာ-မှာ၊ ဝိဇယာပူရ မည်သော ပင်းယမြို့နေ အမည်မသိမထေရ်ပြုသည်၊ ဋီကာအမည်ကိုလည်း သာရမဉ္ဇူသာဋီကာအမည်မှည့်သည်။

၄၀၇။ ဗာလာဝတာရ-မှာ၊ ဇမ္ဗူဒိပ်ကျွန်း တမ္ဗဒီပတိုင်း အရိမဒ္ဒနာမည်သောပုဂံမြို့နေ ရှင်သဒ္ဓမ္မကိတ္တိပြုသည်။

၄၀၈။ ဗာလာဝတာရဋီကာ-မှာ၊ ဇမ္ဗူဒိပ်ကျွန်း တမ္ဗဒီပတိုင်း အရိမဒ္ဒနာမည်သောပုဂံမြို့နေ ရှင်ဥတ္တမပြုသည်။

၄၀၉။ *သဒ္ဒဗိန္ဒု-မှာ၊ သက္ကရာဇ် ၅၉၆-ခုနှစ် ပုဂံမြို့နန်းတက်သော ပြည်သဒါးစေတီဒါယကာ ဓမ္မရာဇာတံဆိပ်နာမံခံသော ကျစွာမင်းပြုသည်။

၄၁၀။ သဒ္ဒဗိန္ဒုဋီကာ၊ ၎င်း။

၄၁၁။ * ဝါစ္စဝါစကစာကိုယ်-မှာ၊ ဇမ္ဗူဒိပ်ကျွန်း တမ္ဗဒီပတိုင်း အရိမဒ္ဒနာမည်သောပုဂံမြို့နေ အမည်မသိ မထေရ်ပြုသည်။

၄၁၂။ *ဝါစ္စဝါစကဋီကာ-မှာ၊ပုခန်းကြီးမြို့မြောက်လက်ချောင်းကောက်ရွာဇာတိ ရှင်သဒ္ဓမ္မနန္ဒီကြီးပြုသည်။

၄၁၃။ ဝါစ္စဝါစကဒီပနီ-မှာ၊ ရတနာပူရအဝမြို့ခနေ အမည်မသိ မထေရ်ပြုသည်။

၄၁၄။ * ဝါစကောပဒေသ-မှာ၊ သက္ကရာဇ် ၆၄၄-ခုနှစ်နန်းတက်၍ မင်းဝံတောင်အနီး ဇေယျာပူရမြို့ကိုတည်သော အသင်္ခယာစောယွန်းမင်းလက်ထက် ဇေယျာပူရမြို့ဟောင်း အနောက် အုဋ်ကျောင်းနေ ရှင်မဟာဝိဇိတာဝီပြုသည်။

၄၁၅။ ဝါစကောပဒေသဋီကာ-မှာ၊ ၎င်း။

၄၁၆။ * သဒ္ဒဝုတ္တိ-မှာ၊ ဇမ္ဗူဒိပ်ကျွန်း တမ္ဗဒီပတိုင်း အရိမဒ္ဒနာမည်သောပုဂံမြို့နေ ရှင်သဒ္ဓမ္မပါလပြုသည်။

၄၁၇။ * သဒ္ဒဝုတ္တိဋီကာဟောင်း–မှာ၊ ဇမ္ဗူဒိပ်ကျွန်း တမ္ဗဒီပတိုင်း အရိမဒ္ဒနာမည်သောပုဂံမြို့နေ ရှင်သာရိပုတ္တရာပြုသည်။

၄၁၈။ * သဒ္ဒဝုတ္တိဋီကာသစ်–မှာ၊ သက္ကရာဇ် ၁၂၂၀-ခုနှစ် မန္တလေး ရတနာပုံမြို့တည် နန်းတည်မင်းလက်ထက် ဒက္ခိဏာရာမဆရာတော်စီရင်သည်။

၄၁၉။ * ဂန္ဓာဘရဏ-မှာ၊ ဝိဇယာပူရမည်သော ပင်းယမြို့တောင် စကားအင်းရွာဇာတိ ရှင်အရိယဝံသ ဓမ္မသေနာပတိပြုသည်။

၄၂၀။ * ဂန္ဓာဘရဏဋီကာ-မှာ၊ ရတနာပူရအဝမြို့နေ အမည်မသိ မထေရ်ပြုသည်။

၄၂၁။ ဂန္ဓာဘရဏယောဇနာ-မှာ၊ ဝိဇယာပူရမည်သော ပင်းယမြို့နေ အမည်မသိမထေရ်ပြုသည်။

၄၂၂။ * ဝိဘတျတ္ထ-မှာ၊ ၎င်း။

၄၂၃။ ဝိဘတျတ္ထဒီပနီ-မှာ၊ ၎င်း။

၄၂၄။ အက္ခရဘေဒ-မှာ၊ ၎င်း။

၄၂၅။ *ဂန္ထဋ္ဌိ-မှာ၊ ဇမ္ဗူဒိပ်ကျွန်း တမ္ဗဒီပတိုင်း အရိမဒ္ဒနာမည်သော ပုဂံမြို့ ကျစွာမင်းလက်ထက် အမည်မသိမထေရ်ပြုသည်။

၄၂၆။ ပဒစိန္တာ-မှာ၊ ဇမ္ဗူဒိပ်ကျွန်းတမ္ဗဒီပတိုင်း အရိမဒ္ဒနာမည်သော ပုဂံမြို့နေအမည်မသိမထေရ်ပြုသည်။

၄၂၇။ စာဒ္ဓတ္ထဒီပနီ-မှာ၊ ၎င်း။

၄၂၈။ စူဠနိရုတ္တိ-မှာ၊ ဝိဇယာပူရ မည်သော ပင်းယမြို့ ရှင်ဥပါလိပြုသည်။

၄၂၉။ ဓာတုသမုစ္စယ-မှာ၊ ၎င်း။

၄၃၀။ လိင်္ဂမာလာ-မှာ၊ ၎င်း။

၄၃၁။ *ဗာလပ္ပဗောဓန-မှာ၊ဝိဇယာပူရမည်သော ပင်းယမြို့ခနေ အမည်မသိ မထေရ်ပြုသည်။

၄၃၂။ သဒ္ဒါကျမ်းမွဲ-မှာ၊ ဇမ္ဗူဒိပ်ကျွန်း တမ္ဗဒီပတိုင်း အရိမဒ္ဒနာမည်သော ပုဂံမြို့နေ အမည်မသိမထေရ်ပြုသည်။

၄၃၃။ သဒ္ဒါကျမ်းနက်-မှာ၊ ၎င်း။

၄၃၄။ သဒ္ဒပါဒဝိနိစ္ဆယ-မှာ၊ ရတနာပူရအဝမြို့နေ အမည်မသိ မထေရ်ပြုသည်။

၄၃၅။ *ကေက္ခရကောသစာကိုယ်-မှာ၊စစ်ကိုင်းမြို့ခနေ ရှင်သဒ္ဓမ္မကိတ္တိပြုသည်။

၄၃၆။ ကေက္ခရကောသဋီကာ-မှာ၊ ၎င်း။

၄၃၇။ လိင်္ဂတ္ထဝိဝရဏ-မှာ၊ ၎င်း။

၄၃၈။ လိင်္ဂတ္ထဝိဝရဏဋီကာ-မှာ၊ ၎င်း။

၄၃၉။ သမ္ဗန္ဓမာလိနီ-မှာ၊ ဇမ္ဗူဒိပ်ကျွန်း တမ္ဗဒိပတိုင်း အရိမဒ္ဒနာမည်သော ပုဂံမြို့နေ အမည်မသိမထေရ်ပြုသည်။
၄၄၀။ အက္ခရသမ္မောဟဆေဒနီ-မှာ၊ ၎င်း။
၄၄၁။ အက္ခရကောသလ္လ-မှာ၊ ၎င်း။
၄၄၂။ အက္ခရကောသလ္လဋီကာ-မှာ၊ ၎င်း။
၄၄၃။ မောဂ္ဂလာန် ဖျဉ္စိကာ-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့တောင် မဟာဝိဟာရကျောင်းတိုက်နေ ရှင်သဃ်ရက္ခိတမဟာသာမိပြုသည်။
၄၄၄။ သဒ္ဒါဝတာရ-မှာ၊ ၎င်း။အမည်မသိမထေရ်ပြုသည်။
၄၄၅။ *နိရုတ္တိပိဋကသဒ္ဒါငယ်ကျမ်း-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့နေ အမည်မသိမထေရ်ပြုသည်။
၄၄၆။ *သဒ္ဒနေတ္တိသဒ္ဒါငယ်ကျမ်း-မှာ၊ ၎င်း။

ပေါင်း....၅၆။

## ( င ) အဘိဓာန်ကျမ်းစာရင်း

၄၄၇။ အမရကောသအဘိဓာန်စာကိုယ်-မှာ၊ ဗာရာဏသီမြို့နေ အမရသီဟဆရာပြုသည်။
၄၄၈။ အမရကောသအဘိဓာန်ဋီကာ-မှာ၊ ၎င်း။
၄၄၉။ *အမရကောသအဘိဓာန်ဒီပနီဟောင်း-မှာ၊ ဗာရာဏသီမြို့နေ အမည်မသိဆရာပြုသည်။
၄၅၀။ အမရကောသအဘိဓာန်ဒီပနီသစ်-မှာ၊ ၎င်း။
၄၅၁။ *မာဂဓအဘိဓာန်စာကိုယ်-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့တောင် မဟာဝိဟာရကျောင်းတိုက်နေ ရှင်မောဂ္ဂလာန်ပြုသည်။
၄၅၂။ *မာဂဓအဘိဓာန် ဋီကာ-မှာ၊ သက္ကရာဇ် ၇၁၄-ခုနှစ် ဝိဇယာပူရမည်သော ပင်းယမြို့၌ နန်းတက်သော ဆင်ဖြူလေးစီးရှင် သီဟသူမင်းလက်ထက်၊ပြည်မြို့ဇာတိအတွင်းဝန် သိရိမဟာစတုရင်္ဂဗလပြုသည်။

ပေါင်း....၆။

## ( စ ) ဝုတ္တောဒယဆန်းကျမ်းစာရင်း

၄၅၃။ *ဝုတ္တောဒယ စာကိုယ်-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့တောင် မဟာဝိဟာရကျောင်းတိုက်နေ ရှင်သင်္ဃရက္ခိတမဟာသာမိ ပြုသည်။

၄၅၄။ *ဝုတ္တောဒယဋီကာဟောင်း-မှာ၊ ဇမ္ဗူဒိပ်ကျွန်း တမ္ဗဒီပတိုင်း အရိမဒ္ဒနာမည်ခံသော ပုဂံမြို့နေ ရှင်နဝဝိမလဗုဒ္ဓိပြုသည်။

၄၅၅။ *ဆန္ဒောသာရတ္ထဝိကာသနီ ဋီကာသစ်-မှာ၊ ဇမ္ဗူဒိပ်ကျွန်း တမ္ဗဒီပတိုင်း အရိမဒ္ဒနာမည်ခံသော ပုဂံမြို့နေ ရှင်သဒ္ဓမ္မဉာဏ ပြုသည်။

၄၅၆။ ဝစနတ္ထဇောတိက ဋီကာသစ်-မှာ၊ ဇမ္ဗူဒိပ်ကျွန်း တမ္ဗဒီပတိုင်း အရိမဒ္ဒနာမည်ခံသော ပုဂံမြို့နေ ရှင်ဝေပုလ္လပြုသည်။

၄၅၇။ ကဝိသာရဋီကာသစ်-မှာ၊ ရာမညတိုင်း ဟံသာဝတီမြို့ သံတွဲမင်းဆရာ ဓမ္မနန္ဒပြုသည်။

၄၅၈။ *သုဒ္ဓသဝိကာသနီ ဋီကာသစ်-မှာ၊ စလေမြို့စီရင်စု ရောဝတီမြစ် အနောက်ဘက် ကင်ပွန်းတောင်ရွာဇာတိ ရတနာပူရ ရွှေဝမြို့ကြီးတွင် သက္ကရာဇ် ၁၀၆၀-ပြည့်နှစ် နန်းဘက်သော မာန်အောင်ရတနာစေတီ့ဒါယကာ စနေမင်းလက်ထက် ခလိတာခလိတ ဝိနိစ္ဆယကျမ်းကို စီရင်သော ပဥ္စမဆိတ်ဖြူဆရာတော်ကြီး စီရင်သည်၊ ရဟန်းမည် တံဆိပ်မည်ကို သတိမရသောကြောင့် အမည်နာမ ထုတ်ဘော်၍ မရေးရသည်၊ ဆိတ်ဖြူရွာမှာနေသောကြောင့် ပဥ္စမဆိတ်ဖြူဆရာတော်လည်းခေါ်သည်၊ ဒုတိယ ဆိတ်ဖြူဆရာတော်မှာ သဒ္ဒါ ၈-စောင်နိသျကို စီရင်သည်၊ဗေဒင်ကျမ်းများကိုလည်း တတ်မြောက်သည်ဟုယခုတိုင် ရှင်လူတို့ချီးမွမ်းပြောဆိုကြသည်။

၄၅၉။ *ဆပ္ပစ္စယဒီပက ဋီကာသစ်-မှာ၊ ပုခန်းကြီးမြို့ မအူ ၄-ရွာ ဇာတိ ရှင်ပညာသီဟပြုသည်။

ပေါင်း....၇။

---

### (ဆ) သုဗောဓာလင်္ကာရကျမ်းစာရင်း

၄၆၀။ *သုဗောဓာလင်္ကာရစာကိုယ်-မှာ၊ သီဟိုဠ်ကျွန်းအနုရာဓမြို့တောင် မဟာဝိဟာရကျောင်းတိုက်နေ ရှင်သယ်ရက္ခိတမဟာသာမိပြုသည်။

၄၆၁။ *သုဗောဓာလင်္ကာရ ဋီကာဟောင်း-မှာ၊ သီဟိုဠ်ကျွန်းအနုရာဓမြို့နေ ရှင်ဝါစိဿရပြုသည်။

၄၆၂။ *သုဗောဓာလင်္ကာရ ဋီကာသစ်-မှာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့နေ အမည်မသိမထေရ်ပြုသည်။

ပေါင်း....၃။

---

### (၇) ဒီဃနိကာယ်, မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ်, ခုဒ္ဒကနိကာယ် ၅-ကျမ်းပါဠိအဋ္ဌကထာဋီကာ ဂန္ထဝင်ရနိဿယစာရင်း

သက္ကရာဇ် ၉၉၁-ခုနှစ် ရတနာပူရ အဝမြို့တွင် နန်းတက်သော စစ်ကိုင်းမြို့ ရာဇမဏိစူဠာစေတီတော်ကြီးဒါယကာ သီရိသုဓမ္မရာဇာမဟာဓိပတိတံဆိပ်နာမံခံသောသာလွန်မင်းတရားလက်ထက်သာလွန်မင်းတရားအမိန့်တော်နှင့် ပါဠိ,အဋ္ဌကထာ,ဋီကာ,ဂန္ထဝင်ရကျမ်းဂန်များကို ဆရာတော်တို့နိဿယ ရေးရသည်ဟု ရာဇဝင်ကြီး, ရာဇဝင်လတ်, ရာဇဝင်ချုပ်တို့နှင့် အရပ်ရပ်စာဟောင်း စာတမ်းများ၌မဆို သဗ္ဗညုမြတ်စွာဘုရား ဟောတော်မူသည့် ဓမ္မခန္ဓာ ၈၄၀၀၀- ပါဠိတော်တို့ကိုသာ ရွှေသားပေနှင့်ရေးသည့်ရွှေစာ, ပေနှင့်ရေးသည့်မင်စာ, ပေစာများကိုသာရေးရသည်ဟု ရာဇဝင် စာငယ် စာဟောင်းစာတမ်းများ၌ဆိုသည်။

သက္ကရာဇ် ၁၀၃၄-ခုနှစ် ရတနာပူရ အဝမြို့တွင်နန်းတက်သော သီရိပဝရတြိဘဝန သီဟသူရအဂ္ဂပဏ္ဍိတရာဇာ ဓိပတိမဟာဓမ္မရာဇာတံဆိပ်နာမံခံသော ဝမ်းတွဲအင်းစံမင်းလက်ထက် အဋ္ဌကထာ, ဋီကာ, ဂန္ထဝင်ရကျမ်းဂန်များကိုသာ ရွှေစာ, မင်စာ, ပေစာရေးသားထား

သည်၊ ၎င်းပါဠိ, အဋ္ဌကထာ, ဋီကာ, ဂန္ထန္တရကျမ်းဂန်များကို ဆရာတော်တို့ နိသျန်စာရေးသားကြသည်ဟု ရာဇဝင်, စာဟောင်း, စာတမ်းများ၌မဆို။

သက္ကရာဇ် ၁၀၆၀-ပြည့်နှစ် ရတနာပူရ အဝမြို့၌နန်းတက်သောသော မာရ်အောင်ရတနာစေတီဒါယကာ သိရိမဟာသီဟသူရသုဓမ္မရာဇာတံဆိပ်နာမံခံသော စနေမင်းလက်ထက် စနေမင်းအမိန့်တော်နှင့် ပါဠိ, အဋ္ဌကထာ, ဋီကာ, ဂန္ထန္တရနိသျများကို ဆရာတော်တို့စီရင်ရသည်ဟု မဟာရာဇဝင်တော်ကြီးတွင်ဆိုသည်၊ မည်သည့်ပါဠိ, အဋ္ဌကထာ, ဋီကာ, ဂန္ထန္တရနိသျများကို မည်သည့်ဆရာတော်တို့စီရင်ရသည်ဟု အသေအချာမဆို။

---

## (၇) ပါဠိတော်နိသျစာရင်း

### (က) ဒီဃနိကာယ် ၃-ကျမ်း ပါဠိတော်နိသျစာရင်း

၄၆၃။ * သုတ်သီလက္ခန်ပါဠိတော်နိသျဟောင်း-မှာ၊ သက္ကရာဇ် ၆၀၇-ခုနှစ် အရိမဒ္ဒနာမည်သောပုဂံမြို့တွင် နန်းတက်သော စောမွန်နှစ်မင်းညီတော် ရာဇသူ၊ မြေးတော်သားတော် စောမြတ်လှတို့ကမွေးဘွားသူ ညောင်ရမ်း,သာဂရ ၂-မြို့စား ဂုဏ္ဍာန္တရာဇ်မင်းသားက ပုဂံမြို့တွင် ရွှေကျောင်းကြီးဆောက်လုပ် ကိုးကွယ်သည့်ဆရာတော် ရှင်ဂုဏာဝဠံသကစီရင်သည်။

၄၆၄။ * သုတ်မဟာဝါပါဠိတော်နိသျဟောင်း-မှာ၊ ၎င်း။

၄၆၅။ * သုတ်ပါထေယျပါဠိတော်နိသျဟောင်း-မှာ၊ ၎င်း။

၄၆၆။ * သုတ်သီလက္ခန် ပါဠိတော်နိသျသစ်-မှာ၊ သက္ကရာဇ် ၁၀၇၆-ခုနှစ် ရတနာပူရအဝမြို့တွင် နန်းတက်သော လေးကျွန်းမာရ်အောင်, ဇေယမာရ်အောင်, မဟာမင်္ဂလာမာရ်အောင်, လောကမာရ်အောင်စေတီဒါယကာ သိရိပဝရ မဟာဓမ္မရာဇာ ဓိပတိတံဆိပ်နာမံခံသော မှန်နန်းဆင်ဖြူရှင် တနင်္ဂနွေမင်းလက်ထက် ပုခန်းကြီးမြို့စီရင်စု နေရင်းရွာဇာတိ မဏိရတနာတိုက်နေ ရှင်အရိယာလင်္ကာရဆရာတော်စီရင်သည်။

၄၆၇။ * သုတ်မဟာဝါပါဠိတော်နိသျသစ်-မှာ၊ ၎င်း။
၄၆၈။ * သုတ်ပါထေယျပါဠိတော်နိသျသစ်-မှာ၊ ၎င်း။

ပေါင်း.... ၆။

---

## (ခ) မဇ္ဈိမနိကာယ် ၃-ကျမ်းပါဠိတော်နိသျစာရင်း

၄၆၉။ * မူလပဏ္ဏာသပါဠိတော်နိသျ-မှာ၊ သက္ကရာဇ် ၁၁၈၁-ခုနှစ် ရတနာပူရစတုတ္ထမြို့တည်နန်းတည် သိရိတြိဘဝနာဒိတျာဓိပတိပဝရပဏ္ဍိတမဟာဓမ္မရာဇာဓိရာဇာတံဆိပ်နာမံခံသော မဟာဝိဇယရံသီစေတီ ဒါယကာမင်းလက်ထက် အမရပူရမြို့တောင် တောင်သမန်တောရ၌ သီတင်းသုံးနေသော ငါးခုန်ဆရာတော် ရှင်အာဒိစ္စဝံသ စီရင်သည်။

၄၇၀။ * မဇ္ဈိမပဏ္ဏာသပါဠိတော်နိသျ-မှာ၊ သက္ကရာဇ် ၁၁၉၉-ခုနှစ် အမရပူရ ဒုတိယမြို့တည်နန်းတည် သိရိပဝရာဒိတျာလောကာဓိပတိဝိဇယမဟာဓမ္မရာဇာဓိရာဇာ တံဆိပ်နာမံခံသော လောကမာရ်စိန်စေတီ ဒါယကာမင်းလက်ထက် သာသနာပိုင် ဉေယျဓမ္မာဘိမုနိဝရဉာဏ ကိတ္တိသိရိဓဇဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု ဆရာတော်စီရင်သည်။

၄၇၁။ * ဥပရိပဏ္ဏာသပါဠိတော်နိသျ-မှာ၊ ၎င်း။

ပေါင်း....၃။

---

## (ဂ) သံယုတ္တနိကာယ် ၅-ကျမ်းပါဠိတော်နိသျစာရင်း

၄၇၂။ * သဂါထာဝဂ္ဂသံယုတ် ပါဠိတော် နိသျဟောင်း-မှာ၊ သက္ကရာဇ် ၁၁၄၄-ခုနှစ် အမရပူရပဌမမြို့တည်နန်းတည် သိရိပဝရဝိဇယာနန္တယသတြိဘဝနာဒိတျာဓိပတိပဏ္ဍိတမဟာဓမ္မရာဇာဓိရာဇာတံဆိပ်နာမံခံသောအောင်မြေလောကစေတီဒါယကာမင်းလက်ထက် သက္ကရာဇ် ၁၁၆၈-ခုနှစ် လောကမှန်ကင်းဆရာတော် ဝရသဒ္ဓမ္မဓဇ မဟာဓမ္မရာဇဂုရုစီရင်သည်။

၄၇၃။ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်နိသျဟောင်း-မှာ၊ ၎င်း။
၄၇၄။ * ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်နိသျဟောင်း-မှာ၊ ၎င်း။

၄၇၅။ သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်နိသျှဟောင်း-မှာ၊ငင်း။
၄၇၆။ * မဟာဝဂ္ဂသံယုတ်ပါဠိတော်နိသျှဟောင်း-မှာ၊ ငင်း။
၄၇၇။ * သဂါထာဝဂ္ဂသံယုတ်ပါဠိတော်နိသျှသစ်-မှာ၊သက္ကရာဇ် ၁၁၉၉-ခုနှစ်အမရပူရ ဒုတိယမြို့တည်နန်းတည် သိရိပဝရာဒိတျာ လောကာဓိပတိ ဝိဇယမဟာဓမ္မရာဇာဓိရာဇာ တံဆိပ်နာမံခံသော ဇောင်းကလောကန်ရှေ့ လောကမဏိစူဠာစေတီ ဒါယကာမင်းလက်ထက် ကဝိန္ဒာဘိသိရိ သဒ္ဓမ္မဓဇမဟာ ဓမ္မရာဇာဓိ ရာဇဂုရု ပင်းဆရာတော်ကလေးစီရင်သည်။

၄၇၈။ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်နိသျှသစ်-မှာ၊ ငင်း။
၄၇၉။ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်နိသျှသစ်-မှာ၊ ငင်း။
၄၈၀။ သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်နိသျှသစ်-မှာ၊ငင်း။
၄၈၁၊ မဟာဝဂ္ဂသံယုတ်ပါဠိတော်နိသျှသစ်-မှာ၊ ငင်း။

ပေါင်း.... ၁၀။

---

(ဃ) အင်္ဂုတ္တရနိကာယ် ၁၁-ကျမ်း ပါဠိတော်နိသျှစာရင်း

၄၈၂။ ဧကင်္ဂုတ္တရ ပါဠိတော်နိသျှဟောင်း-မှာ၊ မည်သည့်သက္ကရာဇ်တွင် မည်သည့်မင်းလက်ထက် မည်သည့်ဆရာတော်စီရင်ကြောင်းနှင့် နိဂုံး၌ အသေအချာမဆို။

၄၈၃။ ဒုကင်္ဂုတ္တရပါဠိတော်နိသျှဟောင်း-မှာ၊ ငင်း။
၄၈၄။ တိကင်္ဂုတ္တရပါဠိတော်နိသျှဟောင်း-မှာ၊ ငင်း။
၄၈၅။ စတုက္ကင်္ဂုတ္တရပါဠိတော်နိသျှဟောင်း-မှာ၊ ငင်း။
၄၈၆။ ပဉ္စင်္ဂုတ္တရပါဠိတော်နိသျှဟောင်း-မှာ၊ ငင်း။
၄၈၇။ ဆက္ကင်္ဂုတ္တရပါဠိတော်နိသျှဟောင်း-မှာ၊ ငင်း။
၄၈၈။ သတ္တင်္ဂုတ္တရပါဠိတော်နိသျှဟောင်းမှာ၊ ငင်း။
၄၈၉။ အဋ္ဌင်္ဂုတ္တရပါဠိတော်နိသျှဟောင်း-မှာ၊ ငင်း။
၄၉၀။ နဝင်္ဂုတ္တရပါဠိတော်နိသျှဟောင်း-မှာ၊ ငင်း။
၄၉၁။ ဒသင်္ဂုတ္တရပါဠိတော်နိသျှဟောင်း-မှာ၊ ငင်း။
၄၉၂။ ဧကာဒသင်္ဂုတ္တရပါဠိတော်နိသျှဟောင်း-မှာ၊ ငင်း။

၄၉၃။ * ကင်္ခါဝိတရဏီ ပါဠိတော် နိသျသစ်- မှာ၊ သက္ကရာဇ် ၁၂၀၇-ခုနှစ်အမရပူရမြို့ဦနန်းတက်သော သီရိသုဓမ္မတိလောကပဝရ မဟာရာဇာဓိရာဇာတံဆိပ်နာမံခံသော မဟာလောကရံသီစေတီဒါယကာ ပုဂံမင်းလက်ထက်သာသနာပိုင်ပညာဇောတာဘိဝံသ သီရိပဝရ လင်္ကာရဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု ဒုတိယဗားကရာ ဆရာတော်စီရင်သည်။

၄၉၄။ ဒုကင်္ခတ္တရပါဠိတော် နိသျသစ်-မှာ၊ ၎င်း။
၄၉၅။ တိကင်္ဂုတ္တရပါဠိတော်နိသျသစ်-မှာ၊ ၎င်း။
၄၉၆။ စတုက္ကင်္ဂုတ္တရပါဠိတော်နိသျသစ်-မှာ၊ ၎င်း။
၄၉၇။ ပဉ္စင်္ဂုတ္တရပါဠိတော်နိသျသစ်-မှာ၊ ၎င်း။
၄၉၈။ ဆက္ကင်္ဂုတ္တရပါဠိတော်နိသျသစ်-မှာ၊ ၎င်း။
၄၉၉။ သတ္တင်္ဂုတ္တရပါဠိတော်နိသျသစ်-မှာ၊ ၎င်း။
၅၀၀။ အဋ္ဌင်္ဂုတ္တရပါဠိတော်နိသျသစ်မှာ၊ ၎င်း။
၅၀၁။ နဝင်္ဂုတ္တရပါဠိတော်နိသျသစ်-မှာ၊ ၎င်း။
၅၀၂။ ဒသင်္ဂုတ္တရပါဠိတော်နိသျသစ်-မှာ၊ ၎င်း။
၅၀၃။ ဧကာဒသင်္ဂုတ္တရပါဠိတော်နိသျသစ်-မှာ၊ ၎င်း။

ပေါင်း....၂၂။

---

(င) ခုဒ္ဒကနိကာယ် ၁၅-ကျမ်းပါဠိတော်နိသျစာရင်း

၅၀၄။ *ခုဒ္ဒကပါဌပါဠိတော်နိသျ-မှာ၊ သက္ကရာဇ် ၁၁၂၅-ခုနှစ် ရတနာပူရတတိယမြို့တည်နန်းတည် သီရိပဝရသုဓမ္မမဟာရာဇာဓိန္ဒာဓိပတိတံဆိပ်နာမံခံသော ရတနာသိင်္ဂမြို့ နိဗ္ဗာန်ဆိပ်ဦးစေတီ ဒါယကာ ကုန်းဘောင်ဆင်ဖြူရှင်မင်း လက်ထက်ပင်းတလဲမြို့စီရင်စု လှည်းကူးမင္ဂလာဇာတိ ဒန့်တိုင်ဆရာတော် ရှင်ဂုဏာလင်္ကာရစီရင်သည်။

၅၀၅။ *ဓမ္မပဒပါဠိတော်နိသျသစ်-မှာ၊ သက္ကရာဇ် ၁၂၂၁-ခုနှစ် မန္တလေးရတနာပုံမြို့တည် နန်းတည်သီရိပဝရ ဝိဇယာနန္တယသပဏ္ဍိတ တြိဘဝနာဒိတျ ဓိပတိ မဟာဓမ္မရာဇာဓိရာဇာ တံဆိပ်နာမံ

ခံသော မဟာလောက မာရဇိန်စေတီ့ဒါယကာ မင်းလက်ထက် အမိန့်တော်နှင့် သံတော်ဆင့်ခင်မမင်းဝန်, အတွင်းဝန်, စစ်ကိုင်း ခရိုင်ဝန်, မိုင်းခိုင်းမြို့စား, ပိဋကတ်တော်အုပ်, လက်ရွေးကြီး လှော်ကားတော်အုပ်, ရန်လွှင့်လှေတော်အုပ် မင်းကြီးမဟာသိရိဇေယသူစီရင်သည်၊ ၎င်းဓမ္မပဒပါဠိတော်နိသျသစ်အင်္ဂါ ၂၀-ကျော်ရှိသည်။

၅၀၆။ ဥဒါန်းပါဠိတော်နိသျ-မှာ၊ မည်သည့်သက္ကရာဇ်တွင် မည်သည့်မင်းလက်ထက် မည်သည့်ဆရာတော် စီရင်ကြောင်းနှင့် နိဂုံး၌ အသေအချာမဆို။

၅၀၇။ ဇာတိဝုတ်ပါဠိတော်နိသျဟောင်း-မှာ၊၎င်း။

၅၀၈။ ဇာတိဝုတ်ပါဠိတော်နိသျသစ်-မှာ၊ သက္ကရာဇ် ၁၁၉၉-ခု နှစ် အမရပူရဒုတိယမြို့တည်နန်းတည်သိရိပဝရာဒိတျာလောကာဓိပတိ ဝိဇယမဟာဓမ္မရာဇာဓိရာဇာ တံဆိပ်နာမံခံသော ဇောင်းကလော ကန့်ရွှေ လောက မဏိစူဠာစေတီ့ဒါယကာမင်းလက်ထက်ပင်းတလဲ မြို့စီရင်စု လှည်းကူးမရွာဇာတိ ယော်မည်မောင်ဘား၊ ရဟန်းမည်ဝဇိရ ဉာဏသည် သက္ကရာဇ် ၁၂၀၄-ခုနှစ် ဇာတိဝုတ်ပါဠိတော်နိသျသစ်ကို စီရင်ရေးသားပြီးသည်။

ထိုရှင်ဝဇိရဉာဏကား နောက်ကို လူထွက်ပြီးလျှင် မန္တလေး ရတနာပုံမြို့တည်နန်းတည် သိရိပဝရဝိဇယာနန္တယသ ပဏ္ဍိတတြိဘဝ နာဒိတျာဓိပတိ မဟာဓမ္မရာဇာဓိရာဇာ တံဆိပ်နာမံခံသော မဟာ လောကမာရဇိန် စေတီ့ဒါယကာမင်းလက်ထက် အဋ္ဌကထာနှင့်တကွ သော ပိဋကတ် ၃-ပုံကို ရေးသားရာ ပိဋကတ်စာတော်များကို ပုဒ်ပါဠိအက္ခရာ သဒ္ဒါအနက် မပျက်မစီးရအောင် ပြင်ဆင်အမှုတော်ကို ထမ်းရွက်ရသည်၊ နေမျိုးဓမ္မကျော်သူဘွဲ့ကိုလည်း သနားတော်မြတ်ခံရ သည်၊ ၎င်းဇာတိဝုတ် ပါဠိတော်နိသျသစ်ကား ၁၁-ကြောင်းရေး က-အစ၊အဲ-အဆုံး ၃၂-အင်္ဂါ ၈-ချပ်ရှိသည်။

၅၀၉။ *သုတ္တနိပါတ်ပါဠိတော်နိသျ-မှာ၊ သက္ကရာဇ် ၁၀၇၆-ခု နှစ်ရတနာပူရအဝမြို့၌ နန်းတက်သော သိရိပဝရ မဟာဓမ္မာရာဇာ ဓိပတိ တံဆိပ်နာမံခံသောလေးကျွန်းမာရ်အောင်, ဇေယမာရ်အောင်,

မဟာမင်္ဂလာမာရ်အောင်, လောကမာရ်အောင်စေတီ့ဒါယကာ မှန်နန်းဆင်ဖြူ့ရှင် တနင်္ဂနွေမင်း လက်ထက် ပုခန်းကြီးမြို့ပုဗ္ဗာရုံ ဆရာတော် ရှင်သာရဒဿီ စီရင်သည်။

၅၁၀။ ဝိမာနဝတ္ထုပါဠိတော်နိသျ-မှာ၊သက္ကရာဇ် ၁၁၄၄-ခုနှစ် အမရပူရပဌမမြို့တည် နန်းတည် သိရိပဝရဝိဇယာနန္တယသတြိဘဝနာဒိတျာ ဓိပတိပဏ္ဍိတမဟာဓမ္မ ရာဇာဓိရာဇာ တံဆိပ်နာမံ ခံသော အောင်မြေလောကစေတီ့ ဒါယကာမင်းလက်ထက် အမရပူရမြို့ရွှေကန်တွင်းကျောင်းနေ မေဓာဘိဝံသ ဇမဟာဓမ္မရာဇဂုရု ဆရာတော် စီရင်သည်။

၅၁၁။ *ပေတဝတ္ထုပါဠိတော်နိသျ-မှာ၊ဎင်း။

၅၁၂။ *ထေရဂါထာပါဠိတော်နိသျ-မှာ၊ မည်သည့် သက္ကရာဇ်တွင် မည်သည့်မင်းလက်ထက် မည်သည့်ဆရာတော် စီရင်ကြောင်းနှင့် နိဂုံး၌ အသေအချာမဆို။

၅၁၃။ *ထေရီဂါထာပါဠိတော်နိသျ-မှာ၊ ဎင်း။

၅၁၄။ *ပါဠိဇာတ် ပါဠိတော် နိသျဟောင်း-မှာ၊ သက္ကရာဇ် ၁၁၉၉-ခုနှစ် အမရပူရဒုတိယမြို့တည်နန်းတည် သိရိပဝရ ဒိတျာလောကာဓိပတိ ဝိဇယမဟာဓမ္မရာဇာဓိ ရာဇာတံဆိပ်နာမံခံသော ဇောင်းက လောကနန္ဒာရွှေ လောကမဏိစူဠာစေတီဒါယကာမင်းလက်ထက် အမရပူရမြို့မြောက် ကတိုးတိုက်နေ သာသနဝံသသိရိဇမဟာဓမ္မရာဇာဓိ ရာဇဂုရု ကြံခင်းဆရာတော်စီရင်သည်။

၅၁၅။ *ပါဠိဇာတ်ပါဠိတော်နိသျသစ်-မှာ၊ သက္ကရာဇ်၁၂၂၀-ခုနှစ် မန္တလေးရတနာပုံမြို့တည် နန်းတည် သိရိပဝရဝိဇယာနန္တယသပဏ္ဍိတတြိဘဝနာဒိတျာဓိပတိမဟာဓမ္မရာဇာဓိရာဇာ တံဆိပ်နာမံခံသော မဟာလောကမာရဇိန် စေတီဒါယကာမင်း လက်ထက် မေဓာဘိဝံသသိရိသဒ္ဓမ္မဇမဟာဓမ္မရာဇာဓိ ရာဇဂုရု ပြည်ဆရာတော် စီရင်သည်။

၅၁၆။ *မဟာနိဒ္ဒေသပါဠိတော်နိသျ-မှာ၊ မည်သည့် သက္ကရာဇ်တွင် မည်သည့်မင်းလက်ထက် မည်သည့်ဆရာတော် စီရင်ကြောင်းနှင့် နိဂုံး၌ အသေအချာမဆို။

၅၁၇။ *ပဋိသမ္ဘိဒါမဂ်ပါဠိတော်နိသျ-မှာ၊ငင်း။

၅၁၈။ *ထေရအပဒါန်ပါဠိတော်နိသျ-မှာ၊ သက္ကရာဇ် ၁၁၉၉-ခုနှစ်အမရပူရဒုတိယမြို့တည်နန်းတည် သီရိပဝရာဒိတျာလောကာဓိပတိ ဝိဇယမဟာဓမ္မရာဇာဓိရာဇာ တံဆိပ်နာမံခံသော ဇောင်းကလောကန္ဒရှေ လောကမဏိစူဠာစေတီ ဒါယကာမင်း လက်ထက် အမရပူရမြို့မြောက် မဟာမုနိရုပ်ရှင်တော်အရှေ့ ညောင်ကန်တိုက်၌ သီတင်းသုံးနေသော စက္ကိန္ဒာဘိသိရိသဒ္ဓမ္မဓဇမဟာဓမ္မ ရာဇာဓိရာဇဂုရုဆရာတော် ဦးပုတ်စီရင်သည်။

၅၁၉။ *ထေရီအပဒါန်ပါဠိတော်နိသျ-မှာ၊ငင်း။

၅၂၀။ *ဗုဒ္ဓဝင်ပါဠိတော်နိသျဟောင်း-မှာ၊ သက္ကရာဇ် ၁၁၂၂ ခုနှစ် ရတနာသိင်္ဂမြို့တွင် နန်းတက်သော သိရိပဝရမဟာဓမ္မရာဇာ တံဆိပ်နာမံခံသော ရတနာသိင်္ဂမြို့မြောက် မဟာနန္ဒာကန်တွင်းစေတီ ဒါယကာ မဟာဇေယျာပူရမည်သော စစ်ကိုင်းမြို့တည် မင်းလက်ထက် စစ်ကိုင်းမြို့ တောရနေ ရှင်သဒ္ဓမ္မဇောတစီရင်သည်။

၅၂၁။ *ဗုဒ္ဓဝင်ပါဠိတော်နိသျသစ်-မှာ၊သက္ကရာဇ် ၁၁၄၄-ခုနှစ် အမရပူရ ပဌမမြို့တည် နန်းတည် သိရိပဝရဝိဇယာနန္တယသ-တြိဘဝနာဒိတျာဓိပတိပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ တံဆိပ်နာမံခံသောအောင်မြေ လောကစေတီ ဒါယကာမင်းလက်ထက် အမရပူရမြို့မြောက် မဟာမုနိရုပ်ရှင်တော် အရှေ့ပြာသာဒ်ကျောင်း၌ သီတင်းသုံးနေသော ရှင်မည် ရဟန်းမည် ရှင်သာရဒဿီ၊ တံဆိပ်မည်သုဓမ္မာဘိသိရိဇမဟာဓမ္မရာဇဂုရုဆရာတော်စီရင်သည်။

၅၂၂။ *စရိယာပိဋကပါဠိတော်နိသျ-မှာ၊ သက္ကရာဇ် ၁၁၂၅-ခုနှစ် ရတနာပူရတတိယမြို့တည်နန်းတည် သိရိပဝရသုဓမ္မမဟာရာဇာဇနိန္ဒာဓိပတိတံဆိပ်နာမံခံသော ရတနာသိင်္ဂမြို့ နိဗ္ဗာန်ဆိပ်ဦး စေတီ ဒါယကာကုန်းဘောင် ဆင်ဖြူရှင်မင်းလက်ထက် ပင်းတလဲမြို့ စီရင်စု လှည်းကူးမဣ္ဍာဇာတိ ဒန့်တိုင်ဆရာတော် ရှင်ဂုဏာလင်္ကာရ စီရင်သည်။

၅၂၃။ *သုတ္တသင်္ဂဟပါဠိတော် နိသျဟောင်း-မှာ၊ ဝိဇယာပူရမည်သော ပင်းယမြို့၌ သီတင်းသုံးနေသော ရှင်ဥပါလိစီရင်သည်။

သူရိယာနံ ဝံသေ ဇာတောတိ ကတ္တာ တေန သော သူရိယပုတ္တော နာမဇာတော၊ တဿဝံသောတိ သူရိယဝံသောနာမ၊ တသ္မိံ ဝံသေသမ္မာသမ္ဗုဒ္ဓေါနာမ ဇာတော၊တေနာ“ဟာဝေဿဝဏ္ဏောမဟာရာဇာ၊တေစာပိဗုဒ္ဓံဒိဿာန၊ဗုဒ္ဓံအာဒိစ္စဗန္ဓုနံ”န္တိ၊ ဓမ္မသင်္ဂါဟကတ္ထေရာပိ အာဟံသု“ဒေသိတာ ဒိစ္စဗန္ဓုနာ”တိ။

ဟူသော မဟာဗောဓိဝင် အဘိသမ္ဗောဓိကထာအဘွင့်-သဟာဿရံ သီဋီကာဝယ် သာဓက ဆောင်သည့်-သုတ်ပါထေယျ ပါဠိတော်အာဋာနာဋိယသုတ်၌ ဟောတော်မူသော ဂါထာလာရကား၊ သူရိယဝံသဟူသော အနွယ်တော်။

သမ္မာသမ္ဗုဒ္ဓေနပိ ကထိတမေဝ အတ္တနော နာမဂေါတ္တံ ပုစ္ဆန္တဿ ဗိမ္ဗိသာရဿ ရညော“အာဒိစ္စာနာမ ဂေါတ္တေန၊ သာကိယောနာမ ဇာတိယာ”တိ၊ဧဝံ ဘဂဝါ သူရိယဝံသော-

ဟု-၎င်းသဟာဿရံသီဋီကာမိန့်ရကား- ဂေါတမဘုရားအလောင်းတော်ရဟန်း ပြုပြီးနောက် ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံဝင်တော်မူစဉ် ဗိမ္ဗိသာရမင်းကြီးက မေးလျှောက်သည်တွင်အာဒိစ္စဂေါတ္တ-သာကျသာကိယမင်းတို့အနွယ်တော်ကဆင်းသက်လာကြောင်းနှင့်ဟောတော်မူသည်။

အာဒိစ္စာနာမ ဂေါတ္တေန၊သာကိယောနာမ ဇာတိယာ၊
တမှာ ကုလာ ပဗ္ဗဇိတောမှိ၊ န ကာမေ အဘိပတ္ထယံ။ ။

ဂေါတ္တေန၊ အနွယ်အားဖြင့်။ အာဒိစ္စာနာမ၊ နေမင်းအနွယ်တော်မည်၏။ဇာတိယာ၊ ပဋိသန္ဓေတော်အားဖြင့်။ သာကိယောနာမ၊ မျိုးနွယ်မဘောက် စောင့်ရှောက်နိုင်စွမ်းသော သာကီဝင် ဖြစ်တော်မူ၏။ တမှာကုလာ၊ ထိုအနွယ်တော်ဖြစ်သော အမျိုးမှ။ပဗ္ဗဇိတော၊ ရဟန်းပြုတော်မူသည်။ အမှိ၊ ဖြစ်၏။ ကာမေ၊ရူပါရုံ,သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ,ဖောဋ္ဌဗ္ဗာရုံဟုဆိုအပ်သော ကာမဂုဏ်ငါးပါးတို့ကို။ နအဘိပတ္ထယံ-နအဘိပတ္ထယန္တော၊ တောင့်တတော်မမူဟု-သုတ္တနိပါတ်ပါဠိတော်ပဗ္ဗဇ္ဇာသုတ်၌ ဟောတော်မူရကား—

ဆယ့်နှစ်ရာသီ သုံးလီလမ်းစဉ် အယာဉ်နှစ်ပါး လှည့်လည်သွားသောနေမင်း၏အနွယ်တော် ဖြစ်သောကြောင့် ဂေါတ္တမ ဟူသော

အမည်တော်-ဇာတိတော်အားဖြင့် မျိုးနွယ်မဘောက် စောင့်ရှောက်နိုင်စွမ်းသောကြောင့် သကျသာကီဝင် ဖြစ်တော်မူရကား- ဂေါတ္တမဟူသော အမည်ရှိသော သဗ္ဗညုဘုရားပွင့်တော်မမူမီ ပဉ္စာလတိုင်း- ပဉ္စာလရာဇ်မင်းနှင့် ဒေဝဒဟ,ကောလိယဟု ရဋ္ဌဦးကိုင်, နှစ်ခရိုင်နှင့်, ကပိလဝတ်ပြည် သာကီဝင်မင်းတို့ စစ်အရေးဖြစ်ကြရာ ဒေဝဒဟ, ကောလိယ ကပိလဝတ်သာကီဝင်မင်းတို့ ၃-စုကွဲပြားပျက်စီးသောအခါ ကပိလဝတ်ပြည် သာကီဝင်ဖြစ်သော အဘိရာဇာမင်း ဗိုလ်ခြေနှင့်တကွ မဇ္ဈိမဒေသမှ လာခဲ့၍ သက်ဿရဋ္ဌ တကောင်းပြည်ကို တည်ထောင်စံနေပြီးနောက် သားတော်ကံရာဇာကြီး,ညီတော်ကံရာဇာငယ်, သားတော်ဇမ္ဗုဒီပရာဇာတို့မှဆင်းသက်၍ ၃၃-ဆက်မြောက် အဆုံးစွန်ဘိန္နကရာဇာမင်းတိုင် မင်းပြုကြောင်းနှင့် သမိုင်းရာဇဝင်စာဟောင်းစာတမ်းများ၌ ဆိုသည်။

ကလေအာရမ္ဘတေသုည၊ သတ္တပဥ္စဒ္ဓိကေ ဂတေ။
ဝဍ္ဍရေ စ ပဘူဝ ဝေ၊ ဓမ္မဝိဒူ ဂေါတမာဘိဓော။ ။

ကလေ၊ ကလိယုဂ်၏။ အာရမ္ဘတော၊ အစဦးမှ။ သုညသတ္တပဥ္စဒ္ဓိကေ၊ နှစ်ထောင့်ငါးရာ့ခုနစ်ဆယ် အတိုင်းအရှည်ရှိသော။ ဝဍ္ဍရေ၊ နှစ်သည်။ ဂတေ၊ ရောက်လတ်သော်။ ဓမ္မဝိဒူ၊ တရားအပေါင်းကို သိတော်မူသော။ ဂေါတမာဘိဓော၊ ဂေါတမအမည်တော်ရှိသော ဘုရားသည်။ ဝေ၊ စင်စစ်။ ပဘူဝ၊ ပွင့်တော်မူလေပြီ။

ဟု-ကောသလတိုင်းကို အစိုးရသောနေမစန္ဒြ အမည်ရှိသောမင်းတောင်းပန်၍ မဂဓရာဇ်တိုင်း၌နေသော သိရိအမရဆရာ စီရင်သော ပြဗောဓစန္ဒြောဒယမည်သော ဂေါတမပူရာဏ်ကျမ်း ပဌမပိုင်း၌ ယုဂ်လေးပါးတွင် ကြိတယုဂ်, တြေတာယုဂ်, ဒွါပရယုဂ် ၃-ပါးလွန်ပြီး ကလိယုဂ်ဆန်း၍ နှစ်ထောင့်ငါးရာ ခုနစ်ဆယ်ရှိသောအခါ ဂေါတမဘုရားပွင့်တော်မူသောအကြောင်းကို ဆိုသည်၊ ထိုကလိယုဂ် နှစ်ပေါင်းလေးသိန်းသုံးသောင်းနှစ်ထောင်တွင် ယခုရောက်ဆဲ ကလိယုဂ်နှစ်၌ ဂေါတမဘုရား ပွင့်တော်မူသော ကလိယုဂ်နှစ် နှစ်ထောင့်ငါးရာ့ခုနစ်ဆယ်ရှိသောအခါဝယ် ဂေါတမအမည်တော်ရှိသော သဗ္ဗညုမြတ်စွာဘုရား ဘုရားဖြစ်တော်မူမှ ဝိဇ္ဇုပဘောကြောင့် ကပိလဝတ်

ပြည်မှ ဓဇရာဇာမည်သော သာကီဝင်မင်းသည် ဗိုလ်ခြေအလုံးအရင်းနှင့်တကွ ထွက်လာခဲ့၍ မောရိယမြို့ကို တည်ထောင်စံနေ၏။

ထိုကပြောင်း၍သင်းတွဲမြို့ကိုတည်ထောင်စံနေပြန်၏၊ ထိုကပြောင်းခဲ့ပြီးမှ မန်လည်ချောင်းသို့ဝင်၍ ဘိန္နကရာဇာမင်းကြီး မိဖုရားနာဂဆိန်နှင့် သင့်မြတ်ပြီးလျှင် အညာပုဂံပြည်ကို တည်ထောင်စံနေပြီးနောက်၊ အဘိရာဇာမင်းကြီး တည်ထောင်သော သက်ဿရဋ္ဌတကောင်းပြည်ကိုပဉ္စာလရာဇ်ပြည်သမုတ်၍ ထီးနန်းမြို့ပြတည်ထောင်စံနေ၏၊ ထိုပြည်ကိုပဉ္စာတကောင်း အမည်မှည့်၍ သတိုးဇမ္ဗူဒီပရာဇာတံဆိပ်နာမံခံ၍ မင်းတဆယ့်ခုနစ်ဆက်မြောက် စံနေကြောင်းနှင့် မဟာရာဇဝင်တွင် ဆိုသည်၊ ထိုကိုရည်၍မင်းဆက်လင်္ကာ၌—

လက်ျာဇမ္ဗူ၊ ကျွန်းမှန်ကူထက်၊ ၃ ဆူရှင်ရင်း၊ နောင်မြတ်မင်းတို့၊ ပွင့်လင်းစည်ကာ၊သံသယနှင့်၊ ရဋ္ဌသင်းတွဲ၊ သုံးမည်ကွဲလျက်၊ ငါးပွဲခြိမ်းမောင်း၊ တို့ရှင်နှောင်းတွင်၊ တကောင်းဟူသည်၊ မြို့ရွှေပြည်ကို၊ ဦးတည်သိမ်းယူ၊စိုးသည် မူကား၊ဇမ္ဗူဒီပ၊ မင်းဓဇနှင့်၊ ပုညရှေးကျိုး၊ ပြုစုပျိုးသား၊ သတိုးရထားရ၊ သည်ပန္နယ်ရိုး၊ မြတ်စည်မိုးသား၊ သတိုးရွှေရစ်၊ နွယ်မြစ်ဆက်စိုး၊ စက်ရှိန်ဖြိုးသား၊ သတိုးတိုင်းရ၊ ရန်စနှိမ်ချိုး၊ပျပ်ဝပ်ကျိုးသား၊ သတိုးတန်ခွန်ရ၊ ပေါက်ပြမြေမိုး၊ ကျော်လွှမ်းဟိုးသား၊ သတိုးလှံ့ရ၊ တေဇတန်းခိုး၊ သစ်သစ်ဖြိုးသား၊ သတိုးလှေရ၊ ဒီပချုပ်စိုး၊နဘော်ဖြိုးသား၊သတိုးဂဠုန်ရ၊ နာဂရေမျိုး၊ ညွှတ်ပျပ်ကျိုးသား၊ သတိုးနဂါးရ၊ ရာဇနွယ်ရိုး၊ ပန်းနှယ်ပျိုးသား၊ သတိုးနဂါးနိုင်၊ဘက်ပြိုင်မဲ့စိုး၊ ဘုန်းသစ်တိုးသား၊ သတိုးတိုင်းရငယ်၊ ပေါယယ်လူမျိုး၊ နတ်နှယ်ကိုးသား၊ သတိုးရဟော်လာ၊ အာဏာတက်ဖြိုး၊ မိုးနှယ်ကြိုးသား၊ သတိုးပေါင်ရှည်၊ရွှေရည်နှင်းနိုး၊ နွဲ့ခေါက်ချိုးသား၊ သတိုးကျောက်ရှည်၊ ပြည်ပြည်မင်းမျိုး၊ ကြောက်ထိတ်စိုးသား၊ သတိုးဆင်လောက်၊ ပပျောက်ရန်မျိုး၊ ပြေးပုန်းလျှိုးသား၊ သတိုးဆင်ထိန်း၊ရှိန်းရှိန်းကျော်ဟိုး၊ ခြိမ့်သံနှိုးသား၊ သတိုးမင်းဖျား၊ ယင်းသို့အားဖြင့်၊

ရှည်လျားလနှစ်၊ ဆယ့်ခုနစ်သည်။ ။မင်းစစ်စိုးစံရွှေနန်းတည်းဟု-စပ်သည်။

---

## (၅၁) သိရိခေတ္တရာမင်းဆက်အဋ္ဌုပ္ပတ်

သိရိခေတ္တရာမင်းဆက်ကို ဆိုပေအံ့သတည်း။

မင်းဆက်လက်ာ၌လည်း။ ။ရှင်ပင်နောက်ဝယ်၊ နှစ်ခြောက်ဆယ်တွင်၊ ပျော်ဘွယ်သာမျိုး၊ တကောင်းစိုးသား၊ သတိုးမင်းဖျား၊ သားလောင်းပွင့်လျာ၊ မဟာသမ္ဘဝ၊ မြောက်သားလှနှင့်၊ သိကြားအင်းတွင်၊ ပျူပုံယင်ကို၊ စီရင်ဆော်လှော်၊ စိုးပြီးသော်တည့်၊ ညီတော် ဆင့်လောင်း၊ နှစ်ပါး ပေါင်းသား၊ တသောင်းစိုးဆောင်၊ ဒွတ္တပေါင်လျှင်၊ တည်ထောင်အံ့ငှါ၊ ကြံစိတ်ဖြာက၊ သာသနာနှစ်၊ တရာ့တစ်တွင်၊ ခုနစ်သျှမြတ်၊ ကူညီလတ်၍၊ ဝန်းပတ်ယူဇနာ၊ ပြန်သုံးခါနှင့်၊ ခေတ္တရာပြည်၊ ထောင်တည်ရွှေဖျား၊ စိုးစံစား၏၊ သားဒွတ္တရန်၊ ရည်မှန်တင့်ခေါင်၊ ရန်ပေါင်ရန်မန်၊ ရက္ခန်ခန်လောင်း၊ သည်နှောင်းဘုန်းလှိုင်၊ လက်ခိုင်တသွန်၊ သီရိခန်က၊ ဆက်ပြန်တုံလစ်၊ သီရိရာဇ်ဟု၊ တက်သစ်နေမျိုး၊ ကိုးဆက်စိုးမှ၊ နွယ်ရိုးဘောက်ပြား၊ တပေါ်နှင့်၊ သားပါပိရန်၊ ဆက်ပြန်သားလှ၊ ရန်မုက္ခမင်း၊ သည်းရင်းဘုန်းရှိန်၊ ရန်သိမ်နောက်၊ ထက်အောက်ကျော်ဟုန်၊ ရန်မုဋ္ဌလိန်၊ ညီဘောရိန္ဒ၊ မုဋ္ဌလနှင့်၊ ပုဏ္ဏတတော်၊ ညီတော်သာခ၊ သားလှသာသီ၊ သည်ညီကံနု၊ နောင်ပုကံတက်၊ နောင်ဘက်ဘိဇ္ဇ၊ သားလှတသုန်၊ သုမုန္ဒရီ၊ ကျော်ညီထင်ရှား၊ သားအတိတျာ၊ ညီတော်မှာကား၊ သုပညာန၊ ဂရဆိန္ဒ၊ စိုးရနန်းတက်၊ ဆယ့်ခြောက်ဆက်တည့်၊ နွယ်ယှက်နှစ်ပါး၊ နှစ်ကျိပ်ငါးလျှင်၊ ဘုရားသာသနာ၊ ခုနစ်ရာက၊ သချ်ာပြည့်ဖြိုး၊ သုံးဆယ့်ကိုးတွင်၊ လေဆိုးမြောက်လွင့်၊ စကောလွင့်က၊ တဖျင့်တကွဲ၊ သုံးစုခွဲသို့၊ ပျက်မြဲမွတာ၊ မလွဲသာသည်။ ။ကြမ္မာသည်တွင် ဆုံးခန်းတည်းဟု-စပ်သည်။

ရာဇဝင်ချုပ် လက်ာ၅လည်း။ ။ခြောက်ဆယ်သာသနာ၊ ပြည့်သောခါလျှင်၊ မဟာသမ္မတ၊ပြုဂါမတွင်၊ ခြောက်နှစ်ရှင်မှ၊ စူဠသမ္မတ၊ ပဉ္စာတိဿ၊ ခေတ္တတည်ထောင်၊ ဒွတ္တပေါင်ဝယ်၊ ခုနစ်ဆယ်မန်၊ ဒွတ္တရန်က၊ ဗာဝိသနောင်၊ ရန်ပေါင်ရန်မန်၊ နှစ်တန်အညီ၊ ငါးဆယ်စီမှန်၊ ရက္ခန်ကော၊ တိဿစံရှောင်း၊ ခံလောင်းအဌ၊တိဿစိုးပိုင်၊ လက္ခိုင်စရ၊ တိဿစိုးပြန်၊ သိရိခန်မှာ၊ ဌာဝိသတိ၊ သိရိရာဇ်ကိုး၊ မင်းရိုးတခြား၊ တေပါးမူ၊ မမှားကော၊ ပညာသတည့်၊ဆသဋ္ဌိငြား၊ သားပါပိရန်၊ ပန္နရသ၊ ရန်မုက္ခနှင့်၊ ရန်သိခ်သုံး၊ ရွှေတိုးနှိုင်းတန်၊ ရန်မုဥ္စလိန်၊ဘုန်းရှိန်ရောင်ဝှန်၊ ပန္နရသ၊ ဘေရိန္ဒမူ၊ စံပဆယ့်နှစ်၊ သားချစ်မုဥ္စလ၊ပဥ္စနှစ်မိ၊ ညီတော်ပုဏ္ဏ၊ သာခသာသိ၊ သုံးနှစ်စီပြု၊ ကံနှုနှစ်ဆက်၊ ကံတက်သုံးဝ၊ ဘိဇ္ဇလေးခု၊ သုမုန္ဒရိ၊ စံညီသတ္တ၊ သားလှတိဖျာ၊ သုံးနှစ်သာတည့်၊ သုပညာနဂရညီဆိန္ဒကား၊ စိုးထဆယ့်တစ်၊ စည်းစိမ်ပစ်သည်။ ။ခေတ္တပြည်ကြီး ပျက်ခန်းတည်းဟု စပ်သည်။

သိရိခေတ္တရာမင်း ၂၅ ဆက်၊ မြို့သက် ၅၃၀။

---

## (၄၂) ပုဂံမင်းဆက်အစ္ဆုပ္ပတ်

အရိမဒ္ဒနာမည်သော ပုဂံပြည်မင်းဆက်ကိုဆိုပေအံ့သတည်း။

မင်းဆက်လက်ာ၅။ ။သိရိခေတ္တရာ၊အောင်ချာပြည်ကြီး၊ သုံးစုံသီး၍၊ ပျက်ပြီးသည့်နောက်၊ ဆယ့်သုံးရောက်အောင်၊ ရွှေမှောက်စိုးကဲ၊ မင်းမဲ့ပဲနှင့်၊ ဘောက်လဲဘောက်ပြန်၊ အဘန်ဘန်တွင်၊ နိဗ္ဗာန်ပြည်မ၊ ရှင်တော်ကြွ၍၊ ခုနစ်ရာ့ငါးဆယ်၊ နှစ်နှစ်ကယ်မှ၊ ပင်လယ်ပတ်ဝန်း၊ ယုန်လွတ်ကျွန်းတွင်၊ တည်ထွန်းအုပ်စိုး၊ရွာဆယ့်ကိုးကို၊ ရန်မျိုးမျက်ကြွတ်၊ ပယ်ထွင်ခုတ်လျက်၊ သမုဒ္ဒရာဇ်၊ အသစ်တည်ထောင်၊ ရသေ့ခြောင်နှင့်၊ မြန်ဘောင်ကျော်ချီး၊ ဖြူစောထီးမှ၊ သားကြီး ဆက်လျဉ်၊ ထီးမင်းယဉ်နှင့်၊ အစဉ်နွယ်လိုက်၊ ယဉ်မင်းပိုက်က၊ ရင်ဒ္ဒသွေးရည်၊ ပိုက်သေဉ်လည်ဟု၊ မျိုးမည်ဆင့်ပွား၊ သားသေဉ်

လည့်ကြောင်၊ဘုန်းခေါင်မင်းစစ်၊ကြောင်တူရစ်လည်း၊တက်သစ်နေလျှံ၊ ပြိုင်ယှဉ်စံသို့၊ သည်တံသားရင်း၊ ကိုးဆက်မင်းသည်။ ။ မျိုးချင်းနွယ်စဉ် မယွန်းတည်း။

မင်းရိုးမပျက်၊ နန်းဆက်ဖြုတ်၍၊ မင်းမုဏ္ဍမန်၊ ဆက်ပြန်သူရဲ၊ သားပေါက်လွဲမှ၊စိုးမြဲနန်းစံ၊ သည်းတံမြေးရင်း၊မင်းသာရမွန်၊ ဘုန်းဗွန်ပျံ့ကြိုင်၊ သားသိုက်တိုင်နှင့်၊ ဦးကိုင်စံတည်၊ သဉ်လည်ကြောင်ငယ်၊ မျိုးနွယ်မြတ်စဉ်၊ ညီသဉ်လည်ပိုက်၊ တလိုက်လည်းကောင်း၊ ခန်လောင်းမည်မှတ်၊ ညီခန်လတ်နှင့်၊ သည်းပွတ်ထွန်တိုက်၊ဆူသိုက်မြေပေါ်၊ သားတော်ထွန်ပစ်၊ ထွန်ချစ်သည်းချား၊ စိုးပိုင်ကားမှ၊ ပုပ္ပါးမည်မှန်၊ စောရဟန်သည်၊ဗိမာန်နန်းမြင့်၊ မျိုးချားပွင့်ရှင့်၊ယခင့်မင်းစစ်၊ မင်းထွန်ချစ်၏၊ ရင်နှစ်တော်ကြီး၊ ရွှေအုန်းသီးနှင့်၊ လျှံညီးတော်ဇော်၊ ညီတော်မှာတံ၊ ပိတ်သုံပိတ်တောင်း၊ ညီနှောင်းမင်းခွေး၊ မြင်းကျွေးတမျိုး၊ မင်းရိုးမှန်လှ၊ သိင်္ခတသွန်၊သိန်းခွန်ရွှေလောင်း၊ သားကောင်းထွန်တွင်း၊ သည်ရင်းရွှေမှောက်၊ သည့်နောက်လူထွတ်၊ ညီထွန်လွတ်နှင့်၊ သည်းပွတ်တင့်မော၊ မင်းစောခင်နှစ်၊ သားချစ်ခဲလူး၊ ကျေးဇူးထွန်းပေါ်၊ ညီတော်ပျဉ်ပြား၊ သားတော်တန်နက်၊ နန်းဆက်မျိုးခွေ၊ စလေမင်းခွေး၊ ရင်သွေးသိန်းယို၊ ရန်လွှင့်ဖြိုသည်။ ။ပဟိုရ်နေ့ညဥ့်ရိုက်မွန်းတည်း။

ယင်းသည့်နောက်တွင်၊ တောင်သူစင်လျက်၊ ဘုန်းအင်ကြီးမြင့်၊ရွှေထီးဖွင့်မှ၊ ယခင့်မျိုးဆက်၊ မင်းတန်နက်၏၊ ဝမ်းထွက်ကွမ်းဆော်၊ သားတော်ကျည်စို၊ မလိုကျင့်ယုတ်၊ ညီစုက္ကတေး၊ နီးဝေးဝှန်ဝါ၊ နော်ရထာနှင့်၊ သည်းချာစောလူး၊ မျိုးထူးကျန်စစ်၊ မြေးချစ်လည်းကောင်း၊အလောင်းစည်သူ၊ ဇမ္ဗူလှည့်သွား၊ သားကုလားကျ၊သားလှတလျဉ်၊ နန်းဆက်ယှဉ်သား၊ မင်းယဉ်နရ၊သိင်္ခအကျော်၊ညီတော်ဘုန်းရှိ၊ နရပတိစည်သူ၊ နောက်မူသည်းချား၊ နန်းတောင်းများနှင့်၊ သည့်သားကျစွာ၊ ဥဇနာမှ၊ သည်းချာခွေးချေး၊ တရုပ်ပြေးက၊ သားထွေးကျော်စွာ၊ သား

မှာစောနှစ်၊ စောမွန်နှစ်တို့၊ ကျော်လစ်မြေမိုး၊ ပုဂံစိုး၏၊နေမျိုးမွန်ကား၊ လေးကျိပ်ငါးနှင့်၊ မျိုးခြားဆယ်ဆက်၊ ပေါင်းယှက်ပြည့်သိပ်၊ ငါးကျိပ်ငါးယောက်၊ ထီးနန်းဆောက်လျက်၊ ထွန်းတောက်သာသနာ၊ထောင့်ကိုးရာနှင့်၊ စွန်းပါတွက်မူ၊ ဆယ့်နှစ်ခုတွင်၊ ဇမ္ဗူ့ထိပ်ဆံ၊ ပြည်ပုဂံသည်။ ။နန်းစံမင်းဆက်ကုန်ကျွန်းတည်း ဟု-စပ်သည်။

ရာဇဝင်ချုပ်လင်္ကာ၌လည်း။ ။သိရိခေတ္တရာ၊ ပျက်ပြီးခါလျှင်၊ ပေါက္ကာရာမ၊ နဂရဝယ်၊ သမုတိရာဇ်၊ ပြည်သစ်စိုးငြား၊ လေးဆယ့်ငါးနောင်၊ ရသေ့ကြောင်ကား၊ဆယ့်ငါးစံပြီး၊ဖြူစောထီးမှာ၊ ပဋ္ဌာသတ်ယှဉ်၊ ထီးမင်းယဉ်ကား၊ ငါးဆယ့်ခုနှစ်၊ မွေနှင့်ခံထိုက်၊ ယဉ်မင်းပိုက်ကား၊ နှစ်ဆယ့်ငါးနှင့်၊ သားပိုက်သေဉ်လည်၊ နှစ်ဆယ်တည်ရှင့်၊သေဉ်လည်ကြောင်မှာ၊ တေတာလီသ၊ သားလှဆက်လစ်၊ ကြောင်တူရစ်ကား၊ နှစ်ဆယ့်ငါးတည့်၊ ယင်းသားသည်တံ၊ သတ်ခွေးစံမှ၊ မုက္ခမံသုံးလ၊ ပဋ္ဌပညာ၊ သူရဲမှာတည့်၊ သာရမွန်ဖျား၊ ဗားဗားနှစ်ထိုင်၊ သိုက်တိုင်ခုနစ်၊ သားစစ်သွေးရည်၊ သေဉ်လည်ကြောင်ဝယ်၊ နှစ်ကိုးသွယ်၌၊ သေဉ်လည်ပိုက်ကား၊ ဆယ့်ငါးစံရှောင်း၊ ခဲလောင်းတဆယ်၊ ညီငယ်ခဲလတ်၊ ဒွါဒသတ်၌၊ ထွန်တိုက်တေးရယ်၊ သောဠသ်ထွန်ပစ်၊ ထွန်ချစ်ဆယ့်ငါး၊ ပုပ္ပါးစောရဟန်း၊ သတ်ခွေးမှန်ပြီး၊ ရွှေအုန်းသီးမှ၊ ဒွါဒသရုံ၊ ပိတ်သုံ့ရှစ်ဆောင်း၊ ပိတ်တောင်းငါးဆယ်၊ ခြောက်သွယ်စောခွေး၊ မြင်းကျွေးတဆယ်၊ ရှစ်သွယ်သိခ်၊ ဒသသိန်းခွန်၊ သားမွန်ရွှေလောင်း၊ သားကောင်းထွန်တွင်း၊ မင်းနှစ်ပါးမို့၊ ကိုးနှစ်စီတည့်၊ တေးဝီရွှေမှောက်၊ ထိုနောက်ထွန်လွတ်၊သတ္တရသ်တွင်၊ စောခင်နှစ်က၊ သတ္တခွေးမူ၊ ခဲလူးသတ္တရသ်၊ ညီမြတ်ပျဉ်ပြား၊ ပျော်ပါးဆယ့်နှစ်၊ သားစစ်တန်နက်၊ ဆယ့်ရှစ်ဆက်နေ၊ စလေငခွေး၊ ပဋ္ဌခွေးယို၊သီဟိုဠ်ဆယ့်ခြောက်၊ နောက်တောင်သူကြီး၊ ရွှေထီးဖြန့်ရှုံး၊ သုံးဆယ့်သုံးမူ၊ ကြောင်ဖြူနှစ်ဆယ့်တစ်၊ ခြောက်နှစ်ကျည်းစို၊ ထိုညီစုက္ကတေး၊ ပဋ္ဌခွေးသော်၊ အနော်ရထာ၊

တေတ္တိံသာမူး၊ စောလူးနှစ်ဆယ့်ခြောက်၊ နောက်ကျန်ရစ်သား၊ နှစ်ဆယ့်ငါးမူ၊ လောင်းစည်သူဝယ်၊ ခုနစ်ဆယ်မှ၊ ကုလားကျနှင့်၊ နရသိင်္ခ၊ သားဘအညီ၊ သုံးနှစ်စီရှိ၊ နရပတိစည်သူ၊ ဇမ္ဗူသိမ်းကျုံး၊ သုံးဆယ့်သုံးပေ၊ ဇေယသိင်္ခ၊ ဗာဝီသခြား၊ ဆယ့်ငါးကျစွာ၊ ဥဇနာခြောက်၊ နောက်တရုပ်ပြေး၊ လေးဆယ့်လေးသာ၊ ကျော်စွာဆယ့်လေး၊ ဒွေးဒွေးစောနှစ်၊ စောမွန်နှစ်မှာ၊ တေစတ္တာဝယ်။ ။ကြမ္မာရေသို့-လခန်းတည်းဟု-စပ်သည်။

အရိမဒ္ဒနာမည်သောပုဂံပြည်မင်း ၅၅-ဆက်၊ မြို့သက် ၁၂၆၁။

## (၄၃) ရာဇသင်္ကြံ,အသင်္ခယာ,သီဟသူမင်းညီနောင် သုံးပါးအဋ္ဌုပ္ပတ်

ရာဇသင်္ကြံ,အသင်္ခယာ,သီဟသူ မင်းညီနောင်သုံးပါးတို့အကြောင်းကား– ဘိန္နကမျိုးစော်ဘွားသားသိင်္ခပိုတည်း၊ ထိုသင်္ခပိုကား အဘိန္နကစော်ဘွားသေလွန်ရာ အစ်ကိုဘိန္နကမြို့ကို ဘွားစားသည်၊ နောက်ညီအစ်ကိုမသင့်တင့်ကြ၍ တောင်ဘက် ၉-ခရိုင်စီရင်စု ပြေ့လူမျိုးတို့နေရာ မြင်စိုင်းဝက်ဝင် အရပ်သို့ရောက်လျှင်သူကြွယ်သမီးနှင့်သင်္ခပိုသင့်မြတ်ရာ အစ်ကိုအကြီးရာဇသင်္ကြံဘွားမြင်သည်၊ နောက်ညီအလတ်အသင်္ခယာကို ဘွားမြင်သည်၊ နောက်ညီအငယ် သီဟသူကိုဘွားမြင်သည်။

ထိုမင်းညီနောင် ၃-ပါးတို့ကား- သက္ကရာဇ် ၆၆၂-ခုနှစ်တွင် အစ်ကိုအကြီးရာဇသင်္ကြံမင်း မြင်စိုင်းမြို့ကိုတည်ထောင်၍ နန်းစံ၏၊ ၎င်းသက္ကရာဇ်တွင်ပင် ညီအလတ်အသင်္ခယာမင်း မက္ခရာမြို့ကိုတည်၍ နန်းစံ၏၊ ၎င်းသက္ကရာဇ်တွင်ပင် ညီအငယ်သီဟသူမင်း ပင်လယ်မြို့ကိုတည်၍နန်းစံ၏၊ ထို့နောက်ပင်လယ်မြို့တည် သီဟသူမင်း စံနေရင်း ပင်လယ်မြို့ကပြောင်း၍ သက္ကရာဇ် ၆၇၄-ခုနှစ်တွင် ဝိဇယာပူရမည်သောပင်းယမြို့ကိုတည်၍ နန်းစံပြန်သည်၊ သက္ကရာဇ် ၆၇၄-ခုနှစ်တွင်

အသခ်ယာစောယွမ်းမင်း ဇေယာပူရမည်သော စစ်ကိုင်းမြို့ကိုတည်၍ နန်းစံ၏၊ ထိုမြို့တည် နန်းတည် မင်းတို့ကိုရည်၍ မင်းဆက်လင်္ကာ ဋ္ဌလည်း။

မိဖထေရ်ရှင့်နောင်၊ မာရ်စစ်ခအောင်၍၊ တထောင်ရှစ်ရာ၊ သန္တာတွက်စစ်၊ လေးဆယ့်ရှစ်တွင်၊ စောမွန်နစ်ဘိုး၊ ကျော်စွာမိုး၍၊ စိုးသည်ကာလ၊ ဘိန္နကဟု၊ စော်ဘွားနွယ်ဆက်၊ ရန်ဘက်ခုတ်ဖြို၊ သိခ်ပိုသား၊ မင်းသုံးပါးတို့၊ ခြားနားရပ်စည်၊ မြင်စိုင်းတည်၍၊ သုံးမည်လူ့ချာ၊ ဗျာဒိတ်မှာကြောင့်၊ ရာဇသင်္ကြံ၊ ဘုံပျံဥကင်၊ ဘွင့်ပျော်ရှင်၏၊ အသခ်ယာ၊ ညီလတ်မှာလည်း၊ မက္ခရာပြည်၊ ထောင်တည်ရန်လှေး၊ ပယ်သုတ်ဆေး၏၊ ညီထွေးတမူ၊ သီဟသူဟု၊ ဇမ္ဗူကျုံးမည်၊ လက်ရုံးရည်နှင့်၊ ရှေ့တည်ပင်လယ်၊ ပျော်စမ္ဘာယ်မှ၊ ဘုန်းကြွယ်သာသနာ၊ ထောင်ကသာ၍၊ ရှစ်ရာစွန်းကယ်၊ လေးဆယ်စွန်းလစ်၊ နှစ်နှစ်ပေါ်စ၊ နှစ်ဝဿတွင်၊ မြို့မနန်းဘုံ၊ စည်းခုံကူသစ်၊ ကျုံးရစ်ဝိုက်လည်၊ ထောက်ရှည်ကန်လှ၊ သတ်ဋ္ဌာနကို၊ တကာလခြင်း၊ ပြီးစေလျှင်းအောင်၊ မြို့ပင်းယပြည်၊ ထောင်စတည်၏၊ စိုးသည်ညာတင်၊ တစီးရှင်နှင့်၊ လွှံ့ထင်ကြေညာ၊ ဥဇနာက၊ ရတနာယာဥ်ကြီး၊ ငါးစီးသခင်၊ ရင်ခွင်သည်းပွတ်၊ သားလတ်ကျော်စွာ၊ ညီမောင်ပါနှင့်၊ ဥဇနာပြောင်၊ နှစ်ပါးနောင်ဟု၊ မြန်ဘောင်ကျော်ဟိုး၊ ခြောက်ဆက်စိုးမှ၊ ထောင့်ကိုးရာ့ရှစ်၊ စကြာ့နှစ်တွင်၊ ပြစ်ပြစ်ပြွန်းတက်၊ ပင်းယပျက်သည်။ ။နောက်ဆက်အင်းမတည်ထွန်းတည်း။

တရုပ်ပြေးမြေး၊နီးဝေးပေါက်ပြ၊ကျော်စွာ့သည်းချာ၊ဥဇနာလျှင်၊ တရာလည်းတည်၊ ပင်းယပြည်ကို၊ စိုးသည်ကပင်၊ ငါးစီးရှင်၏၊ ညီသခ်ယာ၊ ထောင်ကသာသား၊ ရှစ်ရာလွန်ခမြောက်၊ ခြောက်ဆယ့်ခြောက်တွင်၊ မြကျောက်ညိုမှိုင်း၊ မင်းဝံခိုင်းလျက်၊ စစ်ကိုင်းတည်ထောင်၊ စိုးအုပ်ဆောင်၏၊ နောင်တရဖျား၊ အမြင့်စားနှင့်၊ သားရွှေတောင်တက်၊ အောက်ထက်ပတ်လွှမ်း၊ စောယွမ်းသည်းချာ၊ ကျစွာထင်ပေါ်၊ ညီတော်ဆက်လှဲ၊မင်းရဲမင်းကြီး၊ ဝေးနီးခိုမှီ၊ ညီတရဖျား၊ မွန်ကြားပဲ့တင်၊ ဆင်ဖြူ

ရှင်နှင့်၊ သည့်ပြင်နွယ်ရှေး၊ တရုပ်ပြေး၍၊ သက်ပေးရှုပြော၊ ဘွားစောမိဖုရား၊ အစ်မတော်မြေး၊ မတ်သွေးမင်းပြောက်၊ ခုနစ်ယောက်တည့်၊ ကင်းပျောက်ရန်မျှင်၊ စိုးစံရှင်သည်။ ။ ဥကင်ကျည်းရွက် လှစ်ထွန်းတည်းဟုစ-ဝ်သည်။

ရာဇဝင်ချုပ်လက်ာ၌လည်း။ ။ဒွေသောရသာ၊ သက္ကရာတွင်၊ ကျော်စွာမင်းအား၊ ပယ်ရှားပြီးမှ၊ ရာဇသင်္ကြံ၊ မြင်စိုင်းစံနှင့်၊ အသံခယာ၊ မက္ခရာဝယ်၊ ပင်လယ်စိုးယူ၊ သီဟသူတို့၊ မင်းမှုကုန်ကြ၊ ခြောက်ရာ့ခြောက်ဆယ်၊ ငါးခုကယ်သော်၊ ကျော်စွာသားစစ်၊ မင်းစောနစ်အား၊ ပုဂံထားမှ၊ ခြောက်ရာ့ခြောက်ဆယ်၊ စွန်းကယ်ခြောက်ခု၊မြင်စိုင်းပြုရှင့်၊ စတုသတ်ဆ၊ ပင်းယတည်သူ၊ သီဟသူရ၊ ဗာဝီသနှင့်၊ ဝီသဥဇနာ၊ ကျော်စွာနဝ၊ ဒသကျော်စွာ၊ မောပါသုံးနှစ်၊ နောင်ချစ်ရင်းချာ၊ ဥဇနာပြောင်၊ သုံးလဆောင်မှ၊ စောအဋ္ဌဆတည်၊ စစ်ကိုင်းပြည်က၊ အဋ္ဌသခ်ယာ၊ ဆသာတရံဖျား၊ သားရွှေတောင်တက်၊ သုံးနှစ်ဆက်မှ၊ ပဥ္စကျစွာ၊ အဋ္ဌာမင်းရဲ၊ စိုးကဲညီပွား၊ တရဖျားငယ်၊ နှစ်သွယ်ထိုနောက်၊ မင်းပြောက်တဆယ်၊ စည်းစိမ်ပြယ်သည်။ ။ ပန်းနှယ်ဘုန်းငွေ့ပျမြန်းတည်းဟု-စပ်သည်။

ပင်းယမင်း ၆-ဆက်၊ စင်ကိုင်းမင်း ၇-ဆက်အပြိုင်။

## (၄၄) အဝမြို့မင်းဆက်အဋ္ဌုပ္ပတ်

ရတနာပူရ ရွှေဝမြို့ကြီးမင်းကို ဆိုပေအံ့သတည်း။

မင်းဆက်လက်ာ၌။ ။ပူရရတနာ၊ အင်းမှာကား၊ ရန်ညှာနှုတ်ချိုး၊တည်ခစိုးသည်၊ သတိုးမင်းဖျား၊ မျိုးခြားဆက်လာ၊ မင်းကြီးစွာနှင့်၊ သည်းချာတရဖျား၊ တရားမယွင်း၊ ညီမင်းခေါင်ကြီး ယှဉ်မှိုးတူပြီ၊ သားသီဟသူ၊ ဆင်ဖြူလည်းရ၊ သားမင်းလှငယ်၊ မျိုးနွယ်မဝေး၊ ကလေးမင်းပျို၊ ကျေးတောင်ညိုနှင့်၊ ရန်ဖြိုနေမင်း၊ နွယ်ဆက်ဆင်းသည်၊ မိုးညင်းဘုရား၊ သားမင်းရဲကျော်၊ ညီတော်နရပတိ၊ ထိုပြီးသားပင်၊ ဘုရင်မဟာသီဟ

သူရ၊ သည့်သားလှမူ၊ ဒုတိယမင်းခေါင်၊ မင်းပြိုင်ဆောင်လျက်၊ သည့်နောင်သားပင်၊ နန်းကြွေ့ရှင်နှင့်၊ ကျင့်အင်ယွင်းယို၊ ရှမ်းသိုဟန်ဘွား၊ တလွှားစိုးဆောင်၊ အုန်းဘောင်ခံမှိုင်း၊ အုပ်သိုင်းကွပ်ကဲ၊ မိုးပြဲနရပတိ၊ ထိုနောက်ပြို့ဝယ်၊ နရပတိစည်သူ၊ ထီးဖြူဖြန့်မိုး၊ သတိုးမင်းစော၊ တင့်မောလွှန်ကဲ၊ မင်းရဲကျော်စွာ၊ မင်းလကျ်ာနှင့်၊ ဆက်လာနန်းငြိမ်း၊ ညောင်ရမ်းဘုရား၊ သည့်သားတော်မြတ်၊ပြာသာဒ်ကျောင့်းဒါယကာ၊ ဥဇနာက၊သာသနာထွန်းတင်၊ရွှေနန်းရှင်နှင့်၊ဥကင်ဘွင့်လင်း၊သားမင်းရေကျ၊ ညီလှပြည်မင်း၊ သားရင်းနန်းလျှာ၊ နရာဝရ၊ညီလှကျော်သည်း၊ ရမည်းသင်းနတ်၊ စွယ်မြတ်ဒါယကာ၊ သည်းချာဘုန်းခေါင်၊ မာရ်အောင်ရတနာ၊ မဟာဗောဓိ၊ စေတီ့ဒါယကာ၊ သည့်သည်းချာကား၊ ရတနာယဉ်ညင်၊ ဆင်ဖြူရှင်နှင့်၊ ဟသ်ာဝတီပါ၊ ယင်းသို့လာသည်၊ ရာဇာမျိုးစစ်၊ သုံးကျိပ်တစ်တည့်၊ ရှင်ချစ်ရိုက်ရာ၊ နှစ်ထောင်သာ၍၊ နှစ်ရာစွန်းပွား၊ ကိုးဆယ့်ငါးတွင်၊ထွားထွားညက်ညက်၊ အင်းမပျက်သည်။ ။ အောက်ထက်တိုင်းလုံး နှစ်မွန်းတည်းဟု-စပ်သည်။

ရာဇဝင်ချုပ်လက်ာ၌လည်း။ ။ဆဒ္ဒေးသတ္တာ၊ ဂေါဇာရှိတိုင်း၊ ထိုနှစ်ပိုင်း၌၊ စစ်ကိုင်းကဆုန်၊ နယုန်ပင်းယ၊ ပျက်ထနဂိုရ်၊ လဝါဆိုမှာ၊ ဥဇနာပြောင်၊ နန်းဘောင်စိုးခြင်း၊ တော်သလင်းလ၊ နန်းကျလေရှောင်း၊ လတပေါင်းတွင်၊ တကောင်းမင်းရိုး၊ သတိုးမင်းဖျား၊ တည်ထားအင်းဝ၊ သုံးနှစ်မျှသာ၊ မင်းကြီးစွာမှ၊ တေတ္တိံသတည့်၊ ငါးလတရဖျား၊ ညီပွါးမင်းခေါင်၊ စိုးဆောင်ဇက်ဒွေး၊ သားထွေးသီဟသူ၊ စိုးယူသုံးသွယ်၊ မင်းလှငယ်မူ၊ နန်းလယ်သုံးလ၊ တရဖျားသား၊ ထင်ရှားခေါ်ဆို၊ ကျေးတောင်ညိုက၊ ခုနစ်လလုံး၊ ဆယ့်သုံးမိုးညင်း၊ မင်းရဲကျော်စွာ၊ သုံးနှစ်သာမျှ၊ နရပတိ၊ဆဗ္ဗိသကုန်၊ပြည်စုန်မင်းမှ၊ ဒွါဒသနောင်၊မင်းခေါင် ဒုတိယ၊ ဒွါဝီသမူ၊ ရွှေဂူဒါယကာ၊ ပဉ္စာဝီသ၊ ဆက်ထမျိုးခြား၊ သိုဟန်ဘွားလျှင်၊ ဆယ့်ငါးစိုးဆောင်၊ အုန်းဘောင်ခံမှိုင်း၊ လေးနှစ်ဆိုင်းမြဲ၊ မိုးပြဲနရပတိ၊

ခြောက်နှစ်ရှိမူ၊ စည်သူကျော်ထင်၊ ပျော်ရှင်သုံးစိုး၊ သတိုးမင်းစော၊ ကြာမောတိံသာ၊ မင်းလက်ျာမူ၊ နှစ်ဖြာစိုးကဲ၊ မင်းရဲကျော်စွာ၊မကြာသတ္တာ၊အဌဲညောင်ရမ်း၊နတ်ငြိမ်းဆက်မှန်၊ နောက်ဘက်လွန်မှာ၊ စရာဝီသ၊နစ်ဝနှစ်ပြန်၊ ညီသာလွန်က၊ ဘုန်း၄ုန်တိုးဆဲ၊ မင်းရဲရန္တမိတ်၊လျှံဘိတ်ဆယ့်သုံး၊ လက်ရုံးထွန်းဝင်း၊ ပြည်မင်း ဆယ့်တစ်၊ သားချစ်ခြောက်လ၊ နရဝရာ၊ ပြင်လျာဆက်၊ မင်းရဲကျော်ထင်၊ ဥကင်ဘွင့်မြောက်၊နှစ်ဆယ့်ခြောက်နောင်၊မာရ်အောင်ရတနာ၊ဒါယကာမှ၊သောဠသတွင်၊ ဆင်ဖြူရှင်စိုး၊ ဆယ့်ကိုးမှန်စွာ၊ဆယ့်ရှစ်ကြာမူ၊ ဟံသာရောက်မင်း၊စည်းစိမ်ကင်းသည်။ ။ခပင်းတိမ်းခဲ့ ထီးနန်းတည်းဟုစပ်သည်။

အဝမင်းဆက် ၃၀၊ မြို့သက် ၃၀၀။

---

## (၄၅)ရတနာပူရရွှေဝမြို့ကြီးတည်သတိုးမင်းဖျားအဍုပ်ပွတ်

ဇေယျာပူရ စစ်ကိုင်းမြို့တည်နန်းတည် အသင်္ခယာစောယွမ်းမင်းနှင့်ထီးဖြူဆောင်းတက် မုဒ္ဓါဘိသိက်ခံဘက်ဖြစ်သော မိဖုရားခေါင်ကြီးက သမီးတော်ဘွားမြင်သည်၊ ထိုသမီးတော်ကို စိုးမင်းကိုယ်တော်ကြီးဟု အမည်မှည့်သည်၊ နောက်မိန်းမမြတ်တို့လက္ခဏာ စတုသဋ္ဌိ ဝင်းလျှံညီသောဂုဏ်အပေါင်းနှင့်ပြည့်စုံသော စိုးမင်းကိုယ်တော်ကြီးမင်းသမီး အသက် ၁၅-နှစ်ရှိလျှင် တကောင်းမင်းရိုး သတိုးဆင်ထိန်းမင်းနှင့်ထိမ်းမြားရာ သားတော်ဘွားမြင်သည်၊ ထိုသားတော်ကို ရာဟုလာ အမည်မှည့်သည်၊ နောက်မှ သတိုးမင်းဖျားဟု အမည်မှည့်ပြန်သည်။

ထိုရတနာပူရ ရွှေဝမြို့ကြီးတည် သတိုးမင်းဖျားမယ်တော် စိုးမင်းကိုယ်တော်ကြီးကား- စစ်ကိုင်းမြို့မင်းဝံ တောင်ထိပ်တွင် ရတနာထွတ်ခေါင်စေတီကိုတည်သည်၊ ထိုမင်းသမီးကို ရတနာထွတ်ခေါင်စေတီ ဒါယိကာမဟု ခေါ်ကြသည်၊ သတိုးမင်းဖျား ခမည်းတော်ဆင်ထိန်းမင်း ကံကုန်သည့်နောက်၊သက္ကရာဇ် ၇၁၄-ခုနှစ် စစ်ကိုင်းမြို့၌

နန်းတက်သော မင်းပြောက်နှင့် သင့်မြတ်ပြန်၍ နန်းစံတဆယ့်နှစ်နှစ် တိုင်တိုင် စံနေရသည်၊ သားသမီးမရှိ၊ ထိုမင်းပြောက်ကား ပုဂံမြို့ ခွေးချေးမင်း၏ မိဖုရား ဘွားစောအစ်မ မြေးတည်းဟု မှတ်လေ။

## (၄၆) ကေတုမတီမြို့မင်းသုံးကျိပ်လေးယောက်အဋ္ဌုပ္ပတ်

တောင်ငူကေတုမတီမြို့မင်း ၁၄-ယောက်ကိုရည်၍မင်းဆက်လက်ာ ၌လည်း—

စစ်ကိုင်းပင်းယ၊ပျက်ကာလနှင့်၊အင်းမတည်လည်း၊ တနှစ် ထည်းကို၊ ရှုံးစည်းလွယ်ကူ၊ သိကြောင်းမူပြီး၊ တောင်ငူရွှေပြည်၊ မင်းဆက်သည်ကား၊ ဦးတည်စိုးသီး၊ သဝန်ကြီးနှင့်၊ ဘုန်းမီး တူပြီ၊ ညီသဝန်ငယ်၊ တင့်တယ်လှမော၊ သားစောနစ်က၊ ကရင် ဘလည်း၊ စိုးရနန်းညာ၊ လက်ျာသမက်၊ ညီဆက်လာငြား၊ ထောက်လှေကားနှင့်၊သိမ်းပကားမည်ခံ၊သားပုံချီကြီး၊ကျော်ချီး ဥနန်လှိုင်း၊ တလိုင်းမစိန်၊စက်ရှိန်လျှံညီ၊ ပုံချီငယ်က၊ယောက်ဖ စုက္ကတေး၊ နီးဝေးထင်ရှား၊ မင်းဘောင်းကားနှင့်၊ မင်းသား စောအုန်း၊ ရွှေဘုန်းလျှံညီ၊ နေမိလက်ျာ၊ သခ်ယာက၊ စစ်ကျ သားကောင်း၊ ပန်းတောင်းမင်းကြီး၊ ဆက်သီးစိုးမှူး၊စောလူး သခ်ယာ၊ ဥဇနာသား၊ သည်းချားစောလူး၊ ရန်ဆူးပယ်လွှင့်၊ အမြင့်ပိုင်းကား၊ တရဖျားနှင့်၊ သားမင်းခေါင်ငယ်၊ တသွယ် ရန်နင်း၊ မင်းငယ်ကျော်ထင်၊ မြေပြင်ရိုက်ချီး၊ မင်းကြီးစည်သူ၊ သည့်နှောက်မူကား၊ တောင်ငူကကို၊ မင်းကြီးညိုလျှင်၊ ပျက်ဖြို ရန်ကြို့၊ ကေတုမြို့ကို၊ အောင်မျိုးရည်ငံ၊ တည်၍စံမှ၊ ဘိုပုံ ပလွှင်၊ နန်းထက်မြင်သည်၊ တပင်ရွှေထီး၊ ယှဉ်မှီးထွတ်ကဲ၊ မင်းရဲသိခ်သူ၊ သည်းဦမင်းခေါင်၊ သည့်နှောင်နန်းတည်၊ သွေး ရည်ဘုန်းခေါင်၊ နတ်ရှင်နောင်နှင့်၊ မြန်ဘောင်ချီးဖွဲ့၊ မင်းရဲ ကျော်ထင်၊ ထွတ်ဘုရင်တို့၊ ဦးကင်ထွက်ပြူ၊ ဆောင်းထီးဖြူနှင့်၊ တောင်ငူကသည်၊ ကေတုပြည်၌၊ဆက်ရှည်နှောင်းရှေး၊သုံးကျိပ် လေးသည်။ ။ကြူးဒေးဘိသိက် မြှောက်သွန်းတည်း ဟု- စပ်သည်။

သက္ကရာဇ် ၆၁၇-ခုနှစ် ပုဂံမြို့၌ နန်းတက်သော တရုပ်ပြေးသား မြို့ဘာ,နရသီဟပတေ့အမည်ခံသောမင်း၊ သက္ကရာဇ် ၆၄၆-ခုနှစ်တွင် ပုဂံမြို့သို့တရုပ်စစ်သည်ရောက်၍ ပုသိန်မြို့သို့ ဘောင်တော်နှင့် စုန်မျော သွားရသည်၊ နောက်ပုသိန်မြို့က ဘောင်တော်နှင့်အဆန် ပြည်မြို့သို့ ရောက်လျှင် သားတော်သီဟသူက ဆေးခပ်၍ အနိစ္စရောက်သည်၊ သားတော်သီဟသူမြို့ပြထီးနန်းစိုက်ဆောက်တည်ထောင်မည်၊ ပြည့် ဆိုသူကို မြို့ရာနင်းချင်းကြည့်ရှု တည်ထောင်သည်ကို အကြောင်းပြု၍ ပြည့်မြို့ဟု တွင်သည်၊ နောက် ကာလ ရှည်ကြာ သောကြောင့် င-အက္ခရာ ပျောက်၍ ပြည်မြို့ဟု ခေါ်ဝေါ်သောမြို့၌ နန်းစံသော နှစ်ကျိပ်သုံးယောက်သောမင်းကိုရည်၍ မင်းဆက်လက်ာ၅လည်း—

သည်ပတဖြာ၊ပြည်မြို့မှာမူ၊ ကြေညာလွှံညီ၊ နေမျိုးပီသား၊ သီဟသူက၊ ညီကျစွာမင်း၊ လျှံဝင်းဘုန်းမီး၊ မင်းကြီးစောရန် နောင်၊ စိုးဆောင်နန်းတက်၊မင်းမျက်နှာရှည်၊ စံတည်ညာတင်၊ ထီးလှိုင့်ရှင်နှင့်၊ လွှံထင်တေဇာ၊ လကျာပုံချီ၊ ယှဉ်မှီမကင်း၊ မင်းစုက္ကတေး၊ နီးဝေးထင်ပေါ်၊ ကျော်စွာကျော်က၊ ညီတော် ဘုန်းတူ၊သီဟသူနှင့်၊ ခံယူမုနော၊ သားစောရွှေခက်၊နန်းဆက် စဉ်လာ၊ မင်းမဟာက၊ အာဏာပြင်းတိ၊ နရပတိကြီး၊ရန်မီး ပျောက်စဲ၊ မင်းရဲကျော်စွာ၊ ပွင့်ပျာမှန်စင်၊ ဆင်များရှင်နှင့်၊ ညီပင်ကျော်ဟိုး၊ သတိုးမင်းစော၊ မြေကြောလိုက်ဆူ၊ ဆင်ဖြူ ရှင့်သား၊ မင်းတရားက၊ သည်းချားနရပတိ၊ဘုန်းရှိပီပီ၊သည့်ညီ မင်းခေါင်၊ သည့်နောင်တမူ၊ သတိုးသူနှင့်၊ နတ်လူရိုကျိုး၊ သတိုး ဓမ္မရာဇာ၊ ဆင့်ကာ လည်းကောင်း၊ မင်းကြီး နှောင်းက၊ ကျန်းသောင်း ပုန်ကန်၊ မင်းရန်နိုင်စား၊ စိတ်ပြားနက်နဲ၊ မင်းရဲကျော်ခေါင်၊ ဆက်မိအောင်လျှင်၊ ရန်ဘောင်ပယ်နှိပ်၊ တက်မြွေဆိပ်သို့၊ နှစ်ကျိပ်သုံးဆက်၊ ပြည်နန်းတက်သည်။ ။ ကနက် စိုက်ထောင် ဖြန့်ဝန်းတည်း ဟု-စပ်သည်။

တကောင်း,သိရိခေတ္တရာ, ပုဂံ,စစ်ကိုင်း,ပင်းယ, တောင်ငူ, ပြည်, ရတနာပူရ ရွှေဝမြို့ကြီးတိုင်မင်းတို့ကို စပ်ဆိုသည့် မင်းဆက်လက်ာ၅ လည်း—

ရတနာဗဟို၊မြင်းမိုရ်လကျာ၊ ဇမ္ဗူချာ၌၊ တေဇာဝှန်လိုင်း၊ မြန်တို့တိုင်းဝယ်၊ သမိုင်းမော်ကွန်း၊ တင်ပြဋ္ဌာန်းသား၊ထီးနန်းကနက်၊ညောင်ရွက်ရွှေခြူ၊ဖြန့်ဝန်းထူလျက်၊ရိပ်ဖြူကာဆောင်း၊ မြို့တကောင်း၌၊ မင်းပေါင်းဆယ့်ခုနစ်၊ သိရိခေတ္တရာ၊ သတ္တာဗီသ၊ ရိမဒ္ဒဝယ်၊ ငါးဆယ်နှစ်ရှစ်၊ ဆက်မြစ်နွယ်ရောက်၊ ပင်းယခြောက်တည့်၊ မြစ်မြောက်ဘက်ခိုင်း၊ မြို့စစ်ကိုင်းမူ၊ ခုနစ်ဟူ၏၊ တောင်ငူနှင့်သည်၊ ကေတုပြည်ကား၊ ဆက်ရှည်မနေး၊ သုံးကျိပ်လေးတည့်၊ ပုံ့မွေးကြေညာ၊ ပြည်မြို့မှာမူ၊ ရာဇာပေါင်းရုံး၊ နှစ်ဆယ့်သုံးတည့်၊ တိုင်းလုံးထွတ်ချာ၊ ရတနာပူရ၊ ရွှေအင်းဝဝယ်၊ နရထိပ်မိုး၊ ရန်စွယ်ချိုးသည်၊သတိုးမင်းဖျား၊ တည်ထားစဥ္စာ၊ ဟံသာဝတီ၊ ရောက်ပြီမင့်ရွှေ၊ သုံးကျိပ်စေ့သည်။ ။ဘုန်းငွေ့ဝှန်ဖြိုး မြနန်းရိုးဟု-စပ်သည်။

ပဉ္စဝီသ သိရိခေတ္တေ၊ ရိမဒ္ဒေ ပဉ္စပညာသ။
ဆ ဝိဇယမှိ ရာဇာနော၊ သတ္တာသုံ ဇယပုရေစ။
တိံသေဝ ရတနာပူရေ၊ ရတနာသိင်္ဂေ ဒသမ္ပိစ။ ။

သိရိခေတ္တေ၊ သိရိခေတ္တရာမြို့၌။ ပဉ္စဝီသ၊ ၂၅-ယောက်သောမင်းတို့ဋ္ဌင်း။ ရိမဒ္ဒေ၊ ရန်သူတို့ကိုနှိပ်နင်းရာ အရိမဒ္ဒနာမည်သောပုဂံမြို့၌။ ပဉ္စပညာသ၊ ၅၅-ယောက်သောမင်းတို့ဋ္ဌင်း။ ဝိဇယမှိ၊ ဝိဇယာပူရမည်သောပင်းယမြို့၌။ ဆ ရာဇာနော၊ ၆-ယောက်သောမင်းတို့ဋ္ဌင်း။ဇယပူ-ရေစ၊ ဇေယာပူရမည်သောစစ်ကိုင်းမြို့၌လည်း။ သတ္တ၊ ခုနစ်ယောက်သောမင်းတို့သည်။ အာသုံ၊ဖြစ်ကုန်၏။ ရတနာပူရေ၊ ရတနာပူရမည်သောရွှေဝမြို့ကြီး၌။ တိံသေဝ၊ ၃၀-ကျိပ်သောမင်းတို့သည်သာလျှင်။ ဟောန္တိ၊ဖြစ်ကုန်၏။ ရတနာသိင်္ဂေ၊ ရတနာသိင်္ဂမည်သောကုန်းဘောင်ပြည်ကြီး၌။ ဒသမ္ပိစ၊ တကျိပ်သောမင်းတို့သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

သဇင်ဥ, ဥသြစား, ညီနောင်အဘသား ဟူရကား— ညောင်ရမ်းမင်းတရားငယ်မည်ရှင်သစ္စာ-သောကြာ၊အနောက်ဘက်လွှန်မင်းတရားငယ်မည် မောင်လတ်-အင်္ဂါ၊ သာလွန်မင်းတရားငယ်မည် မောင်ကြီး

တနင်္ဂနွေ၊ ၅-ထပ်ကြီးဒါယကာငယ်မည် မောင်ဖျော်- တနင်္ဂနွေ၊ ပြည်မင်းက မိဖုရားခေါင်ကြီးနှင့်အတူ ချင်းတွင်းမြစ်မှာ ရေချသည့် ပြည်မင်း-တနင်္ဂနွေ၊နရာဝရ-အင်္ဂါ၊ဝမ်းဘဲအင်းစံမင်းငယ်မည်ဝရဇေယ မောင်သက်ရှည်-အင်္ဂါမင်း၊ မာရ်အောင်ရတနာစေတီ ဒါယကာ-စနေမင်း၊ မှန်နန်းဆင်ဖြူရှင်ငယ်မည် မောင်အောင်- တနင်္ဂနွေ၊ ဟံသာဝတီပါ ငယ်မည် မောင်ဖြူ-ကြာသပတေး၊သက္ကရာဇ် ၁၁၁၃-ခု နှစ် ဟံသာဝတီမင်းမောင်ရွှေအောင်က ညီဥပရာဇာ, သမက်စောဖြ, အမတ် ဗညားဒလတို့ကိုစေလွှတ်တိုက်ခိုက်သောကြောင့် ရတနာပူရ ရွှေဝမြို့ကြီး တိမ်းယိမ်းပျက်စီး မင်းနှင့်တကွ မင်းမိဖုရား သားတော် သမီးတော်တို့ကို ဘောင်ခတော်နှင့်တင်ဆောင်ခေါ်သွား တနှစ်ခန့်ရှိ လျှင် ရေမှာချသည်။

---

## (၄၇) ကုန်းဘောင်မင်းဆက်အဋ္ဌုပ္ပတ်

ရတနာသိင်္ဂကုန်းဘောင်မင်းဆက်ကိုဆိုပေအံ့။

သက္ကရာဇ် ၉၁၀-ခုနှစ် ကေတုမတီတောင်ငူမြို့တွင် မင်းအဖြစ်သို့ ရောက်ပြီးနောက်၊ ၉၁၃-ခုနှစ်ကစ၍ ၉၄၃-ခုနှစ်တိုင်စည်းစိမ် ၃၅-နှစ်ပတ်လုံး ဟံသာဝတီမှာမင်းပြုသော ဟံသာဝတီဆင်ဖြူများရှင်မင်းတရားကြီး၏ သားတော်ရင်းစစ်ဖြစ်သော ရတနာပူရ ဒုတိယမြို့တည်နန်းတည် ညောင်ရမ်းမင်းတရားမှဆယ်ဆက်မြောက် မဟာဓမ္မရာဇာဓိပတိ တံဆိပ်နာမံတော်ရှိသော ထိပ်မိုး,ထိပ်ပန်းစေတီ ၂-ဆူ၊ လောကသရာဇူစေတီ ဒါယကာ ဟံသာဝတီရောက် မင်းတရားလက်ထက် တလိုင်းမင်းက ညီဥပရာဇာ, သမက်စောဖြ, အမတ်ဗညားဒလတို့ကို ကြည်းဘက်,ရေဘက်, ရဲမက် အလုံးအရင်းအများပေးအပ်၍ အကြိမ်ကြိမ် ချီတက် ဝန်းရံတိုက်ခိုက်သည်တွင် အဝမင်းလည်း စစ်သည်ရဲမက် အင်ကြီး အားကြီးနှင့် လိုက်လံလုပ်ကြံသော်လည်း ဗိုလ်ပါရဲမက်တို့ မျိုးရိက္ခာ ဆုံရှုံးခဲ့ခက်သည်နှင့် သတ္တဝါတို့ကံကြမ္မာ ကပ်ဥပဒ် အလျောက် အရေးကုန်တွင် အောင်မြင်ပြီးစီးခြင်းသို့ မရောက်နိုင်။

သက္ကရာဇ် ၁၁၁၃-ခု တန်ခူးလဆန်း ၈-ရက် သောကြာနေ့ ရတနာပူရအဝပြည်ကြီး ပျက်စီးတိမ်းယိမ်း၍ အဝမင်းနှင့်တကွမိဖုရား

မင်းဆွေ,စိုးမျိုး,မှူးကြီးမတ်ရာတို့ကို တလိုင်းပြည်သို့ ဆောင်ယူပါသွားလေရာ မြန်မာနိုင်ငံတော်အလုံး တိုင်းနေပြည်သူ ရှင်, လူ,ရဟန်းတို့သည်—

အာဘာဿရ၊ဘုံမှမြေရောက်၊လျှံတောက်ညီးညီး၊သံဝဋ်မီးလျှင်၊အကျိုးမဟုတ်၊ လောင်သကဲ့သို့၊ ပြည်ထဲ့အလုံး၊ ညှိုးချုံးပျောင်းမျှဉ်း၊ အလှိုင်းညှဉ်းသဖြင့်၊ စိုးရိမ်ပူဆာ၊ နိရာမဲ့ဘဲ၊ဆင်းရဲကြီးစွာ၊ရောက်ကြသည်တွင်၊ အဝန်းယူဇနာ၊ ကိုးရာပတ်ဝိုက်၊ မဇ္ဈေတိုက်မှ၊ ထွက်စိုက်ရာဟောင်း၊ လေးကြိမ်လောင်းသော၊ တကောင်းနန်းရိုး၊ သတိုးအာဒိစ္စရာဇာ၊မင်း၏သားတော်၊ပြူစောထီးမှ၊ရိပ်ဖြူဖြန့်လွှား၊ သား၏သားဖြင့်၊ မပြားစီလျက်၊ လေးဆယ့်ခုနစ်ဆက်၊ ဆင်းခဲ့သက်သဖြင့်၊ မြောက်ဘက်မြင်းမြေ၊ ရဝေကာဒန်၊ ဗိမာန်ကွန်းဘူး၊ ပွါးလူးထောင်သစ်၊ တည်ဦးဖြစ်သော၊ အတီးမဆွ၊ ဥက္ကာမုခ၊ နရိန္ဒကဲ့သို့၊ ခံတွင်းအာစက်၊ မီးရှူးရောင်လက်၊ ပြောင်ပြောင်ထွက်သဖြင့်၊ မည်သူတယောက်၊ ချီးမြှောက်အံ့ဌာ၊အသာဓာရဏ၊အသဒ်ါရိကဟိတ်၊နိမိတ်ကျော်ကြား၊ အလောင်းမင်းတရား၊ သိကြားနတ်သ၊ မည်တော်ရသော၊ သာသနဒါယကာ၊ ဘုန်းပညာလက္ခဏာ၊ အာဏာသတင်း၊ အရင်းအမျိုး၊ တန်းခိုးလွှံကြားသော၊ ရွှေချက်သိုစေတီ့ဒါယကာ အလောင်းမင်းတရားကြီးသည်၊ သူနာပရန်၊ တမ္ဗဒေသ၊ မြန်မာ့တိုင်းလုံး၊ ညှိုးချုံးပူပန်၊တလိုင်းရန်ဟူသော၊ အတောက်အပွါး၊ ငွါးငွါးလူလူ၊ ရှိန်ပူညီးညီး၊ သို့သည့်မီးကို၊မိုဃ်းကြီးနဝတက်၊ ဘုန်းရည်အာဝဋ်၊ငြိမ်းလတ်စေပြီး၊ ရတနာသီဟ၊ ရတနာသိခ၊ ရတနာသိင်္ဂ၊ နွတ္တတံဆိပ်၊ ခတ်နှိပ်မြေပေါ်၊သောင်းလုံးကျော်သော၊ မြို့တော်,နန်းတော်, ကျုံးတော်, ရွှေချက်သိုစေတီတော်စသော အပြိုင်အပြီ၊ ခုနစ်လီမှန်၊ သတ္တဋ္ဌာန်ကို၊ သာသနာတော် ၂၂၉၇-ခု ဂေါဇာသက္ကရာဇ် ၁၁၁၅-ခု ပဌမဝါဆိုလပြည့်ကျော် ၆-ရက် ကြာသပတေးနေ့၊ လျင်မြန်မရှည်၊ တည်လတ်တုံပြီး၊ ရွှေထီးရွှေနန်း သိမ်းမြန်းစိုးစံတော်မူသည်မှစ၍ ရတနာပုံမြို့တည်နန်းတည် ပဉ္စမသင်္ဂါယနာတင်မင်းတရားနှင့်တကွ သားတော်ရင်းစစ်ဖြစ်တော်မူသော ရတနာပုရ ဒုတိယနန်းစံ သီပေါမင်းတိုင်

ဆယ့်တဆက်မြောက်ဖြစ်သော ကုန်းဘောင်မင်းတို့၏မင်းစဉ်ကို အင်းစောက်ဇယားဖြင့်ခြားနားစေလျက် ပြအံ့သတည်း။

ထိုသို့ ရတနာပူရအဝပြည်ကြီး ပျက်စီးတိမ်းယိမ်းသည့်အကြောင်း အလောင်းမင်းတရားကြီး ဘုန်းအာဏာတော်ဖြင့် လုပ်ကြံတိုက်သိမ်း ပြီးငြိမ်းအောင်မြင်တော်မူ၍ မင်းအဖြစ်သို့ ရောက်တော်မူပြီးနောက် ရတနာသိင်္ဂ ကုန်းဘောင်ပြည်ကြီးကို ထီးနန်းမြို့ပြတည်ထောင် ဘန်ဆင်းတော်မူပြီးလျှင် ရွှေထီးရွှေနန်း သိမ်းမြန်းစိုးစံတော်မူကြောင်းများကိုရည်၍ မင်းဆက်လက်ာတွင်—

တိုင်းလုံးမွန်းနစ်၊ ကပ်သွမ်းဖြစ်၍၊ ရှင်ချစ်စကြာ၊ သာသနာလည်း၊ ဂုဏ်ဝါမပ၊ ရာမညက၊ မြန်မာ့တိုင်းလုံး၊ လှိုင်း၍ကျုံးသော်၊ ထုံးသို့ညက်ကြေ၊ ကမ္ဘာဝေသို့၊ အမွေမမြင်၊ ရှိစဉ်တွင်၌၊ ကျိုပ်ဝင်ရင့်မာ၊ ဗောဓိလျာကို၊ စကြာလက်နက်၊ သိကြားဆက်၍၊ နှောင့်ရှက်ပုန်ကန်၊ ခိုက်ရန်ဖျက်ဆီး၊ သို့သည်မီးကို၊ မိုယ်းကြီးရဟတ်၊ ဘုန်းရည်သတ်မှ၊ လူနတ်တန်ဆာ၊ ဓမ္မရာ၏၊ နှစ်ဖြာစက်စုံ၊ ထွန်းနှင့်ရုံဟု၊ ရွှေဘုံအောင်မျှို၊ ရွှေမြို့ကျုံးဝန်း၊ နတ်ကွန်းရေကန်၊ ချိန်မှန်ပဟိုရ်၊ ရွှေချက်သိုဟု၊ ချိုးဆိုမကန်၊ ခုနစ်တန်ကို၊ နိဗ္ဗာန်လွန်ကာ၊ နှစ်ထောင်သာ၍၊ သုံးရာပြည့်လုပ်၊ သုံးနှစ်နုတ်တွင်၊ တမုဟုတ်ခြင်း၊ ဘုန်းဘန်ဆင်း၍၊ နတ်နှင်းဆက်သ၊ ဆင်ဖြူရသား၊ သာသနာ့ဒါယကာ၊ မည်တော်သာနှင့်၊ သုံးဖြာသတ္တိ၊ မြူရှိမငြို၊ သဂြိုဟ်လေးတန်၊ အားအန်ငါးခု၊ ဂုဏ်စုခြောက်ဆစ်၊ ခုနစ်ကျင့်မြတ်၊ ကျေးဇူးအင်္ဂါနှင့်၊ နဝရတ်ကိုးသွယ်၊ တဆယ်မင်းကျင့်၊ ထီးနှစ်ဆင့်ကို၊ ရာမင့်းတမွတ်၊ ကျင့်သေသတ်လျက်၊ ဝန်းပတ်ကြည်ာ၊ သူနာပရန်၊ တိုင်းမဏ္ဍိုင်ချက်၊ ဗျာဒိတ်နက်ဖြင့်၊ သိုက်ထွက်ညီစွာ၊ ဝတီသာသို့၊ ရတနာသိင်္ဂ၊ နဂရသည်။ ။ပြည်မျှားထိပ်ခေါင်ကြွင်နှင်းတည်း–ဟူ၍ စပ်ဆိုလေသည်။

ရတနာသိင်္ဂမြို့တည်နန်းတည် အလောင်းမင်းတရားကြီးမှ၊ မန္တလေးရတနာပုံ ဒုတိယနန်းစံသီပေါမင်းတိုင် ၁၁-ဆက်သောမင်းတို့၏ နန်းတက်နှစ်၊ စည်းစိမ်၊ အိမ်နိမ့်နှစ်၊ အသက်တော်၊ နံတော်၊ တံဆိပ်နာမံတော်များ ဇယားအင်းစောက်။

| ဦးရေ | မင်းစဉ်စာရင်း | နန်းတက်နှစ် | စည်းစိမ် | အိမ်နိမ့် | အသက်တော် | နံတော် | တံဆိပ်နာမံတော် |
|---|---|---|---|---|---|---|---|
| ၁ | ရွှေချက်သိုစေတီ ဒါယကာ အလောင်းမင်းတရားကြီး။ | ၁၁၁၄ | ၈ | ၃၀ | ၄၆ | ၆ | အလောင်းမင်းတရား။ |
| ၂ | မဟာနန္ဒာကန်တွင်းစည်းခုံစေတီ ဒါယကာ ဒုတိယစစ်ကိုင်းမြို့တည် နောင်တော်မင်းတရား။ | ၁၁၂၂ | ၃ | ၂၆ | ၂၉ | ၃ | သိရိပဝရဓမ္မရာဇာ။ |
| ၃ | နိဗ္ဗာန်ဆိပ်ဦးစေတီ ဒါယကာ တတိယအဝမြို့တည် ဆင်ဖြူရှင် မင်းတရား။ | ၁၁၂၅ | ၁၃ | ၂၇ | ၄၀ | ၁ | သိရိပဝရသုဓမ္မမဟာရာဇိန္ဒာဓိပတိ။ |
| ၄ | မိုးထိကျောင်းဒါယကာ စဉ့်ကူးမင်း။ | ၁၁၃၀ | ၆ | ၂၀ | ၂၆ | ၂ | မဟာဓမ္မရာဇာဓိရာဇာ။ |
| ၅ | ဘောင်းကားမင်း၊ (ထိုမင်းကို ခုနစ်ရက်ခန့်မျှဖြစ်၍ ဂါထာမစီ မကုံးသည်)။ | ၁၁၄၃ | ၇-ရက် | ၁၀ | ၁၀ | ၅ | |
| ၆ | အောင်မြေလောကစေတီ ဒါယကာ အမရပူရ ပဌမ မြို့တည်နန်းတည်မင်းတရား။ | ၁၁၄၃ | ၃၇ | ၃၀ | ၇၅ | ၂ | သိရိပဝရဝိဇယာနန္တယသ တြိဘဝနာဒိတျာဓိပတိပဏ္ဍိတမဟာဓမ္မရာဇာဓိရာဇာ။ |
| ၇ | မဟာဝိဇယရံသီစေတီ ဒါယကာ စတုတ္ထ အဝမြို့တည်နန်းတည် မင်းတရား။ | ၁၁၈၁ | ၁၀ | ၃၅ | ၅၃ | ၆ | သိရိတြိဘဝနာဒိတျပဝရပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ။ |
| ၈ | လောကမဏိစူဠာစေတီ ဒါယကာ အမရပူရ ဒုတိယမြို့တည် နန်းတည် မင်းတရား။ | ၁၁၉၉ | ၉ | ၅၀ | ၅၉ | ၄ | သိရိပဝရာဒိတျ လောကာဓိပတိ ဝိဇယ မဟာဓမ္မရာဇာဓိရာဇာ။ |
| ၉ | မဟာလောကရံသီစေတီ ဒါယကာ ပုဂံမင်း။ | ၁၂၀၀ | ၆ | ၃၅ | ၄၁ | ၆ | သိရိသုဓမ္မတိလောကပဝရ မဟာဓမ္မရာဇာဓိရာဇာ။ |
| ၁၀ | မဟာလောကမာရဇိန်စေတီ ဒါယကာ မန္တလေးရတနာပုံမြို့တည် နန်းတည် ပဉ္စမသင်္ဂါယနာတင် မင်းတရား။ | ၁၂၁၄ | ၂၆ | ၃၀ | ၆၄ | ၃ | သိရိပဝရဝိဇယာနန္တယသပဏ္ဍိတတြိဘဝနာဒိတျာဓိပတိ မဟာဓမ္မရာဇာဓိ ရာဇာ။ |
| ၁၁ | မာရ်အောင်ရတနာစေတီ ဒါယကာ မန္တလေးရတနာပုံ ဒုတိယ နန်းစံ သီပေါမင်း။ | ၁၂၄၀ | ၇ | | | ၀ | သိရိပဝရဝိဇယာနန္တယသတိလောကာဓိပတိပဏ္ဍိတမဟာဓမ္မရာဇာဓိရာဇာ။ |

မန္တလေး ရတနာပုံမြို့ ဒုတိယနန်းစံမာရ်အောင် ရတနာစေတီ ဒါယကာသီပေါမင်းကား- သက္ကရာဇ် ၁၂၂၀-ပြည့်၊နတ်တော်လပြည့်ကျော် ၁၂-ရက်၊စနေနေ့နံနက် ၄-ချက်တီးကျော်အချိန် မေထုန်တွင် ကြာသပတေး၊ ကြင့်တွင်စနေ၊ ဓနုတွင်လက်၊ တနင်္ဂနွေဗုဒ္ဓဟူး ဗြိစ္ဆာတွင်စန်းနှင့်သောကြာ၊ ကုံတွင်အင်္ဂါ၊ ရာဟု ရပ်လျက်၊ စိတြနက္ခတ်မွန်းမတ်အချိန်တွင် မယ်တော်လောင်းရှည်မြို့စား မင်းသမီး နန္ဒာဒေဝီ ဘွားမြင်တော်မူသည်၊ သက်တော် ၂၀-ပြည့်၊ သက္ကရာဇ် ၁၂၄၀-တွင် ခမည်းတော် ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးဘုရားသည် သာသနာတော်ရေး တိုင်းရေး ပြည်မှုများကို ကူညီဆောင်ရွက်စေရန် အိမ်ရှေ့မင်းတို့ စီးနင်းဆောင်ယောင် အလုံးအရင်း သင်းပင်း ကျေးမက် မြို့ရွာနှင့်တကွ နန်းလောင်း နန်းလျာ မဟာဥပရာဇ်အဖြစ် အိမ်ရှေ့ ဆောက်နှင်းတော်မူသည်။

ထိုနှစ်သီတင်းကျွတ်လဆန်း ၆-ရက်နေ့၊ခမည်းတော် ပဉ္စမ သင်္ဂါယနာတင်မင်းတရားကြီးဘုရား လူ့ပြည်ငြီး၍ နတ်ပြည်ပြောင်း စံတော်မူလျှင် ခမည်းတော်ဘုရား၏ အရိုက်အရာတော်ဖြစ်သော မန္တလေး ရတနာပုံနေပြည်တော်ကြီး ရွှေထီးရွှေနန်း တိုင်းရိုင်နိုင်ငံတော်အလုံးကိုသိမ်းမြန်းဆက်ခံ စိုးစံတော်မူပါမည့် အကြောင်းနှင့် မှူးတော်မတ်တော်တို့ အညီအညွတ်တင်လျှောက်ချက်အရ သားတော်အိမ်ရှေ့မင်း မဟာဥပရာဇာသည် ထိုနှစ်သီတင်းကျွတ်လဆန်း ၇-ရက်နေ့၊ ရွှေထီးရွှေနန်း သိမ်းမြန်းတော်မူ၍ မြတ်သောမင်းအဖြစ်သို့ ရောက်တော်မူသည်။

သက်တော် ၂၁-နှစ်၊သက္ကရာဇ် ၁၂၄၁-ခု၊ နယုန်လ ထီးဆောင်း မင်္ဂလာ မဟာဥကင်သ ဘွင့်တော်မူသည်၊ သက်တော် ၂၃-နှစ်၊ သက္ကရာဇ် ၁၂၄၃-ခု၊ ကဆုန်လတွင် ရွှေထီးရွှေနန်း သိမ်းမြန်းစိုးစံတော်မူ၍ ၄-နှစ်မြောက်ရှိသောအခါ ရာဇာဘိသေက မုဒ္ဓါဘိသိက်ကိုသွန်းခံမြ၊ သာသနာ့ကျမ်းလောကီကျမ်းဂန် ထုံးစံရှိသည်နှင့်အညီ ရာဇာဘိသေက မုဒ္ဓါဘိသိက်ကို အသျှင် မိဖုရားခေါင်ကြီးနှင့်တကွ သွန်းခံတော်မူ၍ သိရိပဝရာဒိတျာလောကာဓိပတိပဏ္ဍိတ မဟာဓမ္မရာ

ဇာဓိရာဇာ တံဆိပ်နာမံတော်၊ အသျှင် မိဖုရားခေါင်ကြီး ဘုရားမှာ သိရိပဝရတိလောက မဟာရာဇိန္ဒာဓိပတိပဒုမရတနာဒေဝီတံဆိပ်နာမံ တော်များကိုခံတော်မူပြီးလျှင် သာသနာတော်စည်ပင်ပွင့်လင်းကြောင်း၊ တိုင်းကားနိုင်ငံ သာယာပြိမ်ဝပ်ကြောင်းများကို အားထုတ်ရွက်ဆောင် တော်မူသည့်အတွင်း သက်တော် ၂၇-နှစ်၊ နန်းစံ ၇-နှစ်မြောက်၊ သက္ကရာဇ် ၁၂၄၇-ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၈-ရက်နေ့တွင် မန္တလေးရတနာပုံမြို့ ဒုတိယနန်းစံ သီပေါမင်းမိဖုရားခေါင်ကြီးတို့နှင့် မယ်တော်ဆင်ဖြူမရှင် မိဖုရားကြီး၊ မိဖုရားခေါင်ကြီး အစ်မတော် ပုဂံမင်းသမီး၊ ညီမတော် ရမည်းသင်းမင်းသမီး၊မိဖုရားခေါင်ကြီးတွင် မြင်သည့်သမီးတော်နှစ်ပါးတို့ကို အင်္ဂလိပ်ဗိုလ်အရာရှိ စစ်သည်တော် တို့ဆောင်ယူသဖြင့် အင်္ဂလိပ်မင်းနိုင်ငံသို့ ပါသွားလေသည်။

အင်္ဂလိပ်မင်းနိုင်ငံသို့ ပါရလိုသော် တိတ်နိမိတ်ထင်မြင်သည်များမှာ—

ရှေးအထက်ကာလ အနီးအပါးရပ်ကွက်များတွင် မီးသင့်လောင် သော်လည်း မသင့်မရောက်ဘူးသော မဟာမုနိရုပ်ရှင်တော်မြတ်ကို မီးသင့်၏၊ ရွှေမြို့တော်အရှေ့မြောက်ထောင့်အရပ်မှ အလိုမဲ့ အသံ ပြင်းပြစွာကြားရ၏၊ မိုယ်းမရွာမသွန်းဘဲလျက် နံတော်သင့် တည်လုပ် တော်မူသည့် လောကရန်နိုင်ဘုရား အရံခြသေ့မှ ရေထွက်၏၊ ပုဂံ ရွှေစည်းခုံဘုရားအရိပ်ပြန်၏၊ မဟာမုနိဘုရားဈေးတော်ပြ၏၊ ရတနာ သိင်္ဂမြို့ဆင်းကွပ်ရွာရှိ မြတ်စွာဘုရားရုပ်ပွားတော်တွင် မျက်စိတော်မှ သွေးယို၏၊ မှန်နန်းတော် ရွှေနန်းပြာသာဒ်တော်ကြီး မြောက်မျက်နှာ လှေကားတော်၊ အရှေ့စမုတ်ဆောင်တော်၊လွှတ်တော်ရှေ့ မှန်ကျောင်း တော်များတွင် ပျားစွဲ၏၊ ပြိတိုက်တော်တွင် လင်းတ ၄-ခု နား၏၊ ကွန်းခန်း အုဋ္ဌတိုက်တော် အလိုမဲ့ပျက်ပြို၏။

ရွှေနန်းကြက်သရေ တင်းကုပ်တော်မြောက်တွင် လင်းတများကျ ၏၊ လွှတ်တော်တွင် ခွေးတက်ဆင်း၏၊ လွှတ်တော်အောက်တွင် ညဥ့် အချိန်ပစ်ခတ်မနိုင်ခွေးအူ၏၊မပြတ်စံတော်မူသည့် တောင်နန်းဆောင် တော်တွင် ညောင်ရေအိုးဝယ်စိုက်ထားသည့် သပြေပန်းအများအလိုမဲ့ လျှောကျ၏၊လကိုရောဟနီနက္ခတ်ထွင်း၏၊မာဃနက္ခတ်ကိုကြာသပတေး

ကြယ်ထွင်း၏၊ ကောင်းကင်ပြည့်မျှ သွေးကဲ့သို့တိမ်တောင်ချင်းချင်းနီ၏၊ အနောက်တောင်ထောင့်အရပ်မှ အန္တလိက္ခကိတ်နေ့စဉ် ရက်ဆက်ပြ၏၊ ၎င်းလပြည့်ကျော် ၆-ရက်နေ့ညဦးမှ အရဏ်တက်သည်တိုင် ကောင်းကင်တွင် ကြယ်အများအနှံ့အပြားကြွေကျသကဲ့သို့ ကောင်းကင်ပြည့်မျှ ဥက္ကာကြီးငယ်ပျံ၏။

ပုဂံမြို့အောက်ကျွန်းတွင် အလျားအတောင် ၅၀၊ အနံ ၁၄-တောင်၊ ထု ၄-တောင်ခန့်ရှိသော သောင်သည် ရေတွင်ဘောင်ကဲ့သို့ မျောသွားသည်၊ ၎င်းသောင်တွင်လည်း-ဝယအက္ခရာ အရေးအသားပါသည်များကို တွေ့မြင်ကြောင်း ပြောဆိုကြသည်၊ ပြောဆိုကြသည့် အတိုင်းလည်း ဝယသဒ္ဒါ ပျက်စီးခြင်းအနက်ကို ရသည်။ ။ဝယနံ ဝယော-ဟု၊ ဘာဝသာဓိပြု။ ။ဝယနံ၊ ပျက်စီးခြင်း။ ဝယော၊ ပျက်စီးခြင်းဟောဖြစ်ရကား။ သီပေါမင်းလည်း ရွှေနန်းရွှေဘုံစည်းစိမ်မှ လျောကျ ပျက်စီးခြင်းသို့ ရောက်ရလေသည်။

အချို့ရှင်လူတို့ကလည်း၊ ဝက-အက္ခရာဟု ပြောဆိုကြသည်၊ ဝက သဒ္ဒါ-သစ်ကြွတ်ဟောဖြစ်၍ အရာနှင့်မဆိုင်။ ။တနည်းလည်း။ ဗကော ဗကာ၊ ဥပကကြီး, ဥပကငယ်တို့သည်ဟု ကျမ်းတတ်အကျော် ဆရာတော်ဘုရားကြီးဦးပုတ်လည်း ဥပ္ပါတသန္တိကျမ်း၌ အနက်မြန်မာပြန်ဆိုသည်၊ မြန်မာပြန်ဆိုသည့်အတိုင်းလည်း ဝက-အာဒါနေ၊ ဟု-သဒ္ဒနီတိဓာတုမာလာ-ဝကာရာဒိဓာတ်အရာ၌မိန့်သည်။ ။ဝက၊ ဝကဓာတ်သည်။ အာဒါနေ၊ ဘမ်းယူခြင်း၌။ ဝတ္တတိ၊ ဖြစ်၏။ ဟုအနက် သမ္ဗန်ရသည်။

ဧဝံ ဥတ္တာစ ပုနပိ တေသွေဝပိဋကေသု နာနပ္ပကာရကောသလ္လတ္ထံ။
ဒေသနာသာသနာကထာ၊ ဘေဒံ တေသုယထာရဟံ။
သိက္ခာပဟာနဂမ္ဘီရ၊ ဘာဝဉ္စ ပရိဒီပယေ။ ။
ပရိယတ္တိဘေဒံ သမ္ပတ္တိံ၊ ဝိပတ္တိဉ္စာပိ ယံ ယဟိံ။
ပါပုဏာတိ ယထာ ဘိက္ခု၊ တမ္ပိ သဗ္ဗံ ဝိဘာဝယေ။ ။

ပါရာဇိကဏ်ပါဠိတော်အဘွင့်- သမန္တပါသာဒိက အဋ္ဌကထာ-ပဌမသင်္ဂါယနာအခဏ်းတွင်—

စ၊ အဘိုတပါးကိုအားထုတ်ဦးအံ့။ ဝေ၊ ဤသို့။ ဥ ၊ တွာ၊ သိပြီး၍။ ပုန၊ ပါ၊ တဘန်လည်း။ တေသွေဝပိဋကေသု-တေသုဝေပိဋကေသု၊ ထိုပိဋကတ် ၃-ပုံတို့၌သာလျှင်။ နာနပ္ပကာရကောသလ္လတ္တံ၊ အထူးထူးအပြားပြားသောနည်း၌ လိမ်မာစေခြင်းအကျိုးငှါ။ ဒေသနာသာသနာကထာ။ပ။တမ္ဘိသဗ္ဗံ ဝိဘာဝယေတိ၊တမ္ဘိသမ္ဗံဝိဘာဝယေဟူ၍။ ဝုတ္တံ၊ မိန့်အပ်၏။ တေသု၊ ထိုပိဋကတ် ၃-ပုံတို့၌။ ဒေသနာသာသနာကထာဘေဒံ၊ ဒေသနာအထူး, သာသနာအထူး, ကထာအထူးကိုရင်း။ ဝါ၊ ဒေသနာအပြား, သာသနာအပြား, ကထာအပြားကိုရင်း။ ဝါ၊ ဝိနည်းပိဋကတ်ဟုဆိုအပ်သော အာဏာဒေသနာ, သုတ္တန်ပိဋကတ်ဟုဆိုအပ်သော အထူးထူးအပြားပြားအားဖြင့် သတ္တဝါတို့၏ စိတ်နှလုံးကိုဆောင်တတ်သော ဝေါဟာရဒေသနာ, အဘိဓမ္မာပိဋကတ်ဟုဆိုအပ်သော ပရမတ္ထဒေသနာအားဖြင့်သုံးပါး, ဝိနည်းပိဋကတ်ဟုဆိုအပ်သော ယထာပရာဓသာသနာ, သုတ္တန်ပိဋကတ်ဟု ဆိုအပ်သော ယထာနုလောမသာသနာ, အဘိဓမ္မာပိဋကတ်ဟုဆိုအပ်သော ယထာဓမ္မသာသနာအားဖြင့်သုံးပါး။ ဝါ၊ ဝိနည်းပိဋကတ်ဟုဆိုအပ်သော ငယ်သောစောင့်ရှောက်ခြင်း, ကြီးသောစောင့်ရှောက်ခြင်းဟုဆိုအပ်သော သံဝရာသံဝရကထာ၊ သုတ္တန်ပိဋကတ်ဟုဆိုအပ်သော ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိတို့၏ဖြေခြင်းကို။ ဝါ၊ မိစ္ဆာဒိဋ္ဌိတည်းဟူသော အနှောင်အဖွဲ့ကို ဖြေခြင်း, ဒိဋ္ဌိဝိနိဝေဌနကထာ၊ အဘိဓမ္မာပိဋကတ်ဟုဆိုအပ်သော နာမ်အပိုင်းအခြား,နာမ်ရုပ်အပိုင်းအခြားဟုဆိုအပ်သောနာမရူပပရိစ္ဆေဒကထာကိုရင်း။ ယထာရဟံ၊ ထိုက်သည့်အားလျော်စွာ။ သိက္ခာ-ပဟာနဂမ္ဘီရဘာဝဉ္စ၊ သိက္ခာ, ပဟာန, ဂမ္ဘီရအဖြစ်ကိုရင်း။ ဝါ၊ သိက္ခာပဟာနဂမ္ဘီရဘာဝဉ္စ၊ ဝိနည်းပိဋကတ်ဟုဆိုအပ်သော အဓိသီလသိက္ခာ, သုတ္တန်ပိဋကတ်ဟုဆိုအပ်သော အဓိစိတ္တသိက္ခာ, အဘိဓမ္မာပိဋကတ်ဟုဆိုအပ်သော အဓိပညာသိက္ခာ၊ ဝိနည်းပိဋကတ်ဟုဆိုအပ်သော တဒင်္ဂပဟာန်,သုတ္တန်ပိဋကတ်ဟုဆိုအပ်သော ဝိက္ခမ္ဘနပဟာန်, အဘိဓမ္မာပိဋကတ်ဟုဆိုအပ်သော သမုစ္ဆေဒပဟာန်။ ဝါ၊ ဝိနည်းပိဋကတ်ဟုဆိုအပ်သော ကာမသုခလ္လိကာ နုယောဂ ပဟာနဂုဏ်, သုတ္တန်ပိဋကတ်ဟုဆိုအပ်သောအတ္တကိလမထာ နုယောဂပဟာနဂုဏ်,

အဘိဓမ္မာပိဋကတ်ဟု ဆိုအပ်သော မဇ္ဈိမပဋိပတ္တိသေဝနဂုဏ်, ဓမ္မ, အတ္ထ, ဒေသနာ, ပဋိဝေဓဟုဆိုအပ်သော လေးပါးသောနက်နဲခြင်းအဖြစ်ကိုရင်း။ ပရိဒီပယေ၊ပြရာ၏။

ပရိယတ္တိဘေဒဥ္စ၊ သင်ခြင်းအပြားကိုလည်း။ ဝိဘာဝယေ၊ ပြရာ၏။ ယဟိံ ဝိနယာဒိကေပိဋကေ၊အကြင်ဝိနည်းပိဋကတ်အစရှိသောပိဋကတ် ၃-ပုံ၌။ ယံသမ္ပတ္တိဥ္စာပိ၊ အကြင်ဝိနည်းပိဋကတ်ဟုဆိုအပ်သော တေဝိဇ္ဇဂုဏ်, သုတ္တန်ပိဋကတ်ဟုဆိုအပ်သော ဆဠဘိညဂုဏ်, အဘိဓမ္မာပိဋကတ်ဟုဆိုအပ်သော စတုပဋိသမ္ဘိဒါဂုဏ်နှင့် ပြည့်စုံခြင်းသို့ရင်း။ ဝါ၊ ဝိနည်းပိဋကတ်ဟုဆိုအပ်သော အာဒိကလျာဏဂုဏ်, သုတ္တန်ပိဋကတ်ဟုဆိုအပ်သော မဇ္ဈေကလျာဏဂုဏ်, အဘိဓမ္မာပိဋကတ်ဟုဆိုအပ်သော ပရိယောသာသနကလျာဏဂုဏ်နှင့်ပြည့်စုံခြင်းသို့ရင်း။ ယံဝိပတ္တိဥ္စာပိ၊ အကြင်ပါရာဇိကစသည်သို့ရောက်၍ပျက်စီးခြင်းသို့ရင်း။ ယထာ၊ အကြင်အခြင်းအရာအားဖြင့်။ ဝါ၊ ယထာယေဟိဥပါရမ္ဘာဒိ ပေါတုပရိယာ ပုဏ္ဏနာဒိပ္ပ ကာရေဟိ၊ အကြင် စွပ်စွဲခြင်းစသည် အကြောင်းရှိသော သင်ခြင်းအစရှိသောအပြားတို့ဖြင့်။ ဘိက္ခု၊ရဟန်းသည်။ ပါပုဏာတိ၊ရောက်၏။ တဟိံ ဝိနယာဒိကေပိဋကေ၊ ထိုဝိနည်းပိဋကတ်အစရှိသော ပိဋကတ် ၃-ပုံ၌။ တမ္ပိသဗ္ဗံ၊ ထိုအလုံးစုံသောသင်ခြင်းစသော အပြားအခြင်းအရာကိုလည်း။ ဝိဘာဝယေ၊ ပြရာ၏။

ဟုလာသည့်အတိုင်း ငယ်မည်-မောင်မောက်၊ ရှင်မည်ရဟန်းမည်-ရဋ္ဌသာရ၊ ပြည်မြို့သို့ရောက်၍ သာသနာပိုင်ဖြစ်မှ မဟာသံဃရာဇာတံဆိပ်နာမံရှိသော သာသနာပိုင်ဆရာတော်စပ်ဆိုသည့် စတုဓမ္မသာရပျို့ နိဂုံး၌-

ငါးရာ့ငါးဆယ်၊ ဇာတ်ပင်လယ်မှ၊ ခပ်သွယ်ရဟတ်၊ ရေ့နယ်လွှတ်သား၊ နိပါတ်ဝီသာဒိ၊ ဟတ္ထိပါလ၊ ဇာတကကား၊ ရသတခု၊ နှစ်စုဓမ္မ၊ ဝိနယနှင့်၊ ဒုကပူးသွယ်၊ ရှေးလယ်ပစ္ဆိမ၊ ဘုရား့စကား၊ သုံးပါးခွဲဝေ၊ သုံးထွေပိဋကတ်၊ ဟောမှတ်ဒေသနာ၊ ကထာသာသန၊ ထိုမျှလည်းကောင်း၊အပေါင်းပဥ္စ၊ နိကာယနှင့်၊ နဝအင်္ဂါ၊ ခန္ဓာဘွဲ့ရှောင်း၊ ရှစ်သောင်းလေးထောင်၊ ဆုံးတိုင်အောင်လျှင်၊ ဆယ်မြောင်စံထား၊ မေးဘွယ်

များတွင်၊ တခြားတခြား၊ သုမေးငြားသော်၊ မပြားဘော်ထုတ်၊ ဝိမုတ္တိရသ်၊ မဒ္ဓုတ်ဒုက၊ မင္ဂုဟုတ်မှန်၊ သုတ္တန်ဝေါဟာရ၊ ထိုမျှဒိဋ္ဌိ၊ဝိနိဝေဌနာ၊ယထာနုလောမ၊ ခုဒ္ဒနိကာယ်၊ဇာတ်နွယ်တမျိုး၊ ကြောင်းရိုးတခြာ၊ ကောနုသန်၊ ကောခန်ဟု၊ ပြဿန်ကြားပေ၊ သုံးပုံမွေလည်း၊ မေးလေသို့ချည်း၊ ဖြေနည်းတမူ၊ သင်ယူကြီလေ့၊ ပညာမွေလေ့၊ ဤရွေမည်မှည့်၊ ကိုးခန်းပြည့်သည်။ ။ပြီး၏ နှောင်းအုပ် ဇာတ်ပေါင်းတည်းဟု-စပ်ဆိုသည်။

သာသနာတော်မြတ်၏ မူလဘူတဖြစ်သော ပရိယတ္တိဓမ္မဟုဆိုအပ်သော ပိဋကတ်သုံးပုံသည် ဓမ္မခန္ဓာအားဖြင့် ၈၄၀၀၀-အရေအတွက်ရှိကြောင်းကို ကျမ်းဂန်လာသည်ဆိုသည်၊ ပိဋကတ်သုံးပုံတွင် မည်သည့်ကျမ်း၌ ဓမ္မခန္ဓာမည်မျှရှိသည်ကို အသီးအသီးရေတွက်၍ဆရာတော်က စာသွင်းစေ၊ ၁၁၆၂-ခုဝါဆိုလပြည့်ကျော် ၄-ရက်နေ့ မြေနန်းတော်တွင် အမိန့်တော်မှတ်တော်မူချက်နှင့်အတွင်းဝန်တို့က မဟာဒါန်ဝန်ကို စေ၍လျှောက်လာသည်တွင် သွင်းသည့်မေတ္တာစာကား။

ငါတို့သဗ္ဗညုဘုရားသည် ဝေနေယျသတ္တဝါတို့အား သနားတွယ်တာတော်မူသဖြင့် ဒီပင်္ကရာမြတ်စွာဘုရားခြေရင်းတော်၌ လက်တော်သို့ရောက်လုဆဲသော သာဝကဗောဓိဆုကို စွန့်ပယ်တော်မူ၍ လေးအသင်္ချေနှင့်ကမ္ဘာတသိန်း ကာလပတ်လုံး စရိယ ၃-ပါး, စွန့်ကြဲခြင်း ၅-ပါး, ပါရမီ ၁၀-ပါးဟူသော သဗ္ဗညုတဉာဏ်၏ အဆောက်အဦဗောဓိသမ္ဘာရဓမ္မအပေါင်းကို ဖြည့်ကျင့်တော်မူ၍ မဟာဗောဓိပလ္လင်၌ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူသည်တိုင်အောင်သော အဘိဂမနိဒါန်း, ဓမ္မစကြာတရားဟောတော်မူသည်တိုင်အောင်သော ဒေသနာနိဒါန်းဟူ၍ နိဒါန်း ၂-ပါးတို့ဖြင့်ရှင်း။

ဒီပင်္ကရာ မြတ်စွာဘုရားခြေရင်းတော်၌ ဗျာဒိတ်ခံတော်မူသည်မှ ဗောဓိသမ္ဘာရဓမ္မအပေါင်းကိုဖြည့်ပြီး၍ တုသိတာနတ်ပြည်၌ဘုရားဖြစ်အံ့သောအခါကို ငံ့လျက်နေတော်မူသည်တိုင်အောင်သောဒူရေနိဒါန်း, တုသိတာနတ်ပြည်၌ နေတော်မူသည်မှမဟာဗောဓိမဏ္ဍိုင်၌ သဗ္ဗညုဘုရားအဖြစ်သို့ရောက်တော်မူသည်တိုင်အောင်သောအဝိဒူရေနိဒါန်း,

သဗ္ဗညုဘုရားအဖြစ်သို့ရောက်တော်မူသည်မှ ဝေနေယျသတ္တဝါတို့အား တရားအမြိုက်တိုက်ကျွေးအံ့သောငှါ ထိုထိုအရပ်၌ နေတော်မူသည် တိုင်အောင်သောသန္တိကေနိဒါန်းဟူ၍နိဒါန်း ၃-ပါးတို့ဖြင့်ဝင်းတန်ဆာ ဆင်အပ်သော ပိဋကတ် ၃-ပုံ, နိကာယ် ၅-ပါး, အင်္ဂါ ၉-ခု သီးသန့် ပိုင်းခြားအပ်သောတရားအပေါင်းကို ဘုရားဖြစ်တော်မူသည်မှ နိဗ္ဗာန် လားတော်မူသည်တိုင်အောင် ရံခါကိုယ်တော်အလျောက် ဆင်ခြင် တော်မူသည်၊ ရံခါဝေနေယျသတ္တဝါတို့အားဟောကြားတော်မူသည်။

ဆင်ခြင်ဟောကြားတော်မူသမျှ တရားအပေါင်းကို တစုတစုပြု ထိုက်သရွေ့ စုပုံသောဓမ္မခန္ဓာအစုအားဖြင့် ရေတွက်သော် ၈၄၀၀၀ အရေအတွက်ရှိကြောင်းကို သင်္ဂါယနာဝင်ကျမ်းကြီးတို့၌ တိုက်ရိုက်ဆို သောကြောင့်သိရသည်၊ အနုသန္ဓေတခုလျှင် ဓမ္မခန္ဓာတပါး, အနုသန္ဓေ ၂-ခုလျှင် ဓမ္မခန္ဓာ ၂-ပါးစသဖြင့် အနုသန္ဓေကို ထောက်၍ဝင်း ပြဿနာတခုလျှင်ဓမ္မခန္ဓာတပါး, ဝိသဇ္ဇနာတခုလျှင် ဓမ္မခန္ဓာတပါး စသဖြင့် ပုစ္ဆာဝိသဇ္ဇနာကိုထောက်၍ဝင်း။

တခုတခုသော တိက်ကိုဝေဘန်ခြင်းသည် ဓမ္မခန္ဓာတပါး, တခုတခု သော ဒုက်ကိုဝေဘန်ခြင်းသည် ဓမ္မခန္ဓာတပါးစသည်ဖြင့် တိက်ဒုက် ကိုထောက်၍ဝင်း၊ တခုသောစိတ္တဝါရကိုဝေဘန်ခြင်းသည် ဓမ္မခန္ဓာ တပါးစသဖြင့် စိတ္တဝါရကိုထောက်၍ဝင်း၊ တခုသောဝတ္ထု, တခုသော မာတိကာ, တခုသောပဒဘာဇနီ, တခုသောအာပတ္တိဝါရ, တခုသော အာနာပတ္တိဝါရ,တခုသောအန္တရာပတ္တိဝါရ,တခုသောတိကစ္ဆေဒဝါရ, တခုသောသတေကိစ္စဝါရ, တခုသောအတေကိစ္စဝါရသည် ဓမ္မခန္ဓာ တပါးစသဖြင့် ဝတ္ထုမာတိကာစသည်ကိုထောက်၍ဝင်း၊ တစုတစုပြု ထိုက်သရွေ့ အသီးအသီးအပေါင်းအစုပြုသဖြင့် ဓမ္မခန္ဓာကို ရေတွက် ပိုင်းခြားရမည်ဟူ၍ ဓမ္မခန္ဓာ ပိုင်းခြားရေတွက်နည်းကို သင်္ဂါယနာဝင် ကျမ်းကြီးတို့၌ အထင်အရှားဆိုသည်၊မည်သည့်ကျမ်းတွင် ဓမ္မခန္ဓာမည် မျှဟူ၍ကား အစေ့အစုံမဆို။

အချို့ကျမ်းများမှာ အဘွင့်အဋ္ဌကထာကဓမ္မခန္ဓာ အရေအတွက်နှင့် ဆိုသောကြောင့် သိသာသည်၊ အချို့ကျမ်းမှာ အဘွင့်အဋ္ဌကထာက ဓမ္မခန္ဓာအရေအတွက်နှင့် မဆိုသောကြောင့်မသိသာ၊အနက်အဓိပ္ပါယ်

အဆုံးအဖြတ်၌ အလွန်လိမ်မာ၍ ပါဠိပါဠိဝါရအနုသန္ဓေအနေအထားကို ဆင်ခြင်နိုင်သည့် ပုဂ္ဂိုလ်တို့ ယခင်ဓမ္မခန္ဓာရေတွက်နည်းနှင့် အညီ ပါဠိတော် အစဉ်အတိုင်းရေတွက်သော် ၄-နှစ်ကျော် ၅-နှစ်ခန့်ရေတွက်မှ ပြေကုန်နိုင်မည့်အကြောင်းရှိသည်၊ ပါတိမောက် ၂-စောင်, ဝိဘင်း ၂-ပါး, ခန္ဓက ၂၂-ပါး, ပရိဝါ ၁၆-ပါးဟူသော ဝိနည်းပိဋကတ်၊ ဒီဃနိကာယ် ၃၄-သုတ်, မဇ္ဈိမနိကာယ် ၁၅၂-သုတ်, သံယုတ္တနိကာယ် ၇၇၆၂-သုတ်, အင်္ဂုတ္တရနိကာယ် ၉၅၅၇-သုတ်, ခုဒ္ဒကနိကာယ်၌ ခုဒ္ဒကပါဌ,ဓမ္မပဒ,ဥဒါန်း, ဣတိဝုတ်, သုတ္တနိပါတ်, ဝိမာနဝတ္ထု,ပေတဝတ္ထု,ထေရ,ထေရီ, ဇာတ်,မဟာနိဒ္ဒေသ, ပဋိသမ္ဘိဒါမဂ်, အပဒါန်, ဗုဒ္ဓဝင်, စရိယာပိဋက ဟူ၍ ကျမ်းပေါင်း ၁၅-စောင်ဟူသော သုတ္တန်ပိဋကတ်,ဓမ္မသင်္ဂဏီ,ဝိဘင်း,ဓာတုကထာ,ပုဂ္ဂလပညတ်,ကထာဝတ္ထု,ယမိုက်, ပဋ္ဌာန်းဟူသော အဘိဓမ္မာပိဋကတ်။

၎င်းပိဋကတ် ၃-ပုံ, နိကာယ် ၅-ပါး, အင်္ဂါ ၉-စုသည် မကွယ်မပျောက်မယိုမယွင်း သာသနာ့ဒါယကာ မဟာဓမ္မရာဇ်တရားမင်းမြတ်ကသိုလ်တော် ဓမ္မခန္ဓာ ရေးသားပြုစု၍ အထင်အရှားရှိသည်၊ ယခင်ရေတွက်ခဲ့သော ပိဋကတ် ၃-ပုံတွင် ဝိနည်းပိဋကတ်၌ ဓမ္မခန္ဓာ ၂၁၀၀၀-သုတ္တန်ပိဋကတ်၌လည်း ဓမ္မခန္ဓာ ၂၁၀၀၀-အဘိဓမ္မာပိဋကတ်၌ ဓမ္မခန္ဓာ ၄၂၀၀၀-ဟူ၍ဗုဒ္ဓဃောသုပ္ပတ္တိကျမ်း ၈-ကြောင်းရေးစာ-ကား အင်္ဂါတွင်ဆိုသည်။

အနညကဒွိ နာဂူနု၊ ရဝေ နာဂူနကာရိနာ။
နူနဝါဟာ ဝရာ ဝုတ္တာ၊ ခန္ဓာ တိပိဋကေ ဝရေ။ ။

အနညကဒွိ၊ ဝိနည်းပိဋကတ်၌ ဓမ္မခန္ဓာ ၂၁၀၀၀။ နာဂူနရဝေ၊ အဘိဓမ္မာပိဋကတ်၌ ဓမ္မခန္ဓာ ၄၂၀၀၀။နာဂူနကာရိ၊ သုတ္တန်ပိဋကတ်၌ဓမ္မခန္ဓာ ၂၁၀၀၀။ဣတိ၊ သို့။ ဝရေ၊မြတ်သော။တိပိဋကေ၊ ပိဋကတ် ၃-ပုံ၌။ နာဂူနဝါဟာ၊ ၈၄၀၀၀-ကုန်သော။ ဝရာ၊ မြတ်ကုန်သော။ ခန္ဓာ၊ ဓမ္မခန္ဓာတို့ကို။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။

ဟူ၍-ဝဇိရသာရတ္ထသင်္ဂဟကျမ်းတွင် သဒ္ဒါနက်,သင်္ချာနက် ၂-ချက်ရအောင် ဖွဲ့စီသောဒွတ္တကဗန္ဓအရာ၌ ၉-ကြောင်းရေးစာ-ကုအင်္ဂါတွင်ဆိုသည်။

ကေဝီသတိသဟဿာနိ၊ ခန္ဓာ ဝိနယပိဋကေ။
ကေဝီသတိသဟဿာနိ၊ တထာ သုတ္တန္တပိဋကေ။ ။

ဒွါစတ္တာလီသသဟဿာနိ၊ ခန္ဓာဘိဓမ္မပိဋကေ။
ဣတိ တံ စတုရာသီတိ၊ သဟဿံ ခန္ဓတော နမေ။ ။

ဝိနယပိဋကေ၊ ဝိနည်းပိဋကတ်၌။ ခန္ဓာ၊ ဓမ္မခန္ဓာတို့ကား။ ကေဝီသတိသဟဿာနိ၊ ၂၁၀၀၀-တို့တည်း။ တထာ၊ ထို့အတူ၊ သုတ္တန္တပိဋကေ၊ သုတ္တန်ပိဋကတ်၌။ ခန္ဓာ၊ ဓမ္မခန္ဓာတို့ကား။ ကေဝီသတိသဟဿာနိ၊ ၂၁၀၀၀-တို့တည်း။ အဘိဓမ္မေ၊ အဘိဓမ္မာပိဋကတ်၌။ ခန္ဓာ၊ဓမ္မခန္ဓာတို့ကား။ဒွါစတ္တာလီသသဟဿာနိ၊ ၄၂၀၀၀-တို့တည်း။ ဣတိ၊ ဤသို့၊ ခန္ဓတော၊ ဓမ္မခန္ဓာအားဖြင့်။ စတုရာသီတိသဟဿံ၊ ၈၄၀၀၀-အရေအတွက်ရှိသော။ တံ၊ထိုပရိယတ္တိတရားတော်ကို။အဟံ၊ ငါသည်။ နမေ၊ နမာမိ၊ ရှိခိုးပါ၏။

ဟူ၍-ဝဇိရသာရတ္ထသင်္ဂဟဋီကာ ၉-ကြောင်းရေးစာ- ခအင်္ဂါတွင် ဆိုသည်၊ သည်ကျမ်းများကိုရည်၍ ရှေးပညာရှိတို့လည်း ဝိနယေနူန အာကာရာ-စသဖြင့်ဓမ္မခန္ဓာရှိခိုးပဏာမဂါထာကို စီရင်လေကုန်သည်၊ ဤသို့ပိဋကတ် ၃-ပုံ၌ အသီးအသီး ဓမ္မခန္ဓာ အရေအတွက် ကျမ်းဂန် အများရှိသည်၊ ဓမ္မခန္ဓာ ၈၄၀၀၀-ဆိုသည်မှာလည်း သဗ္ဗညုဘုရား မျက်မှောက်တော်ထင်ရှားရှိသော ပါဠိတော် ကျမ်းဂန်ကိုသာ ရည်၍ ဆိုသည်။

နိဗ္ဗာန်လားတော်မူသည့် နောက်မှ သာဝကတို့ အသီး အသီး ဟောကြသော ကထာဝတ္ထုကျမ်း, သုဘသုတ်, မာဓုရိယသုတ်, ဝိမာန ဝတ္ထု,ပေတဝတ္ထုတွင်အချို့သော ဂါထာစသည်များကို ရည်၍မဆို၊ ထိုအကြောင်းကိုလည်း မဟာပရိနိဗ္ဗာန သုတ်တွင် "ယခုအခါကား ငါတပါးတည်းသာသင်တို့ကိုဆုံးမသည်၊ ငါလွန်တော်မူသောအခါကား ဓမ္မခန္ဓာ ၈၄၀၀၀-ဟူသော ဘုရား၈၄၀၀၀- ဆုံးမရစ်လတ္တံ့"ဟူ၍ ဟောတော်မူကြောင်းကိုဆိုသောကြောင့် သိရသည်၊ဓမ္မခန္ဓာ ၈၄၀၀၀ ကား တရားမင်းမြတ်လက်ထက်တော်တွင်ထင်ရှားရှိ၏။

ပိဋကတ် ၃-ပုံ,နိကာယ် ၅-ပါး, အင်္ဂါ ၉-စုံအလုံးစုံကို အကုန်အစင် ဓမ္မခန္ဓာရေတွက်နည်းဖြင့် ရေတွက်နိုင်လောက်အောင် ဆောင်စွမ်းသိစွမ်းသော ရဟန်းတို့ မရှိပါသောကြောင့်မူကား မည်သည့်ကျမ်းတွင် ဓမ္မခန္ဓာမည်မျှဟူ၍ တပ်အပ်သိတော်မမူရရှိသည်၊မည်သည့်ကျမ်းတွင် ဓမ္မခန္ဓာမည်မျှဟူ၍ တပ်အပ်သိတော် မမူရသော်လည်း ဓမ္မခန္ဓာ ၈၄၀၀၀-ကိုရေတွက်ရာဌာနဖြစ်သော ကျမ်းဂန်အစုံအလင် ထင်ရှားရှိသောကြောင့် ဓမ္မခန္ဓာ ၈၄၀၀၀-ကို ပူဇော်ကိုးကွယ် ရေးသားပြုစုတော်မူသဖြင့် ဘုရား ၈၄၀၀၀-ကိုပူဇော် ကိုးကွယ်တော်မူရသည် မည်ကြောင်းကို မေတ္တာစာဆက်သွင်းအပ်သည်။

ဒွါသီတိ ဗုဒ္ဓတော ဂဏှိံ၊ ဒွေသဟဿာနိ ဘိက္ခုတော။
စတုရာသီတိသဟဿာနိ၊ယေ မေ ဓမ္မာ ပဝတ္တိနော။ ။

ပါရာဇိကဏ် ပါဠိတော် အဘွင့်-သမန္တပါသာဒိက အဋ္ဌကထာ ဗာဟိရနိဒါန်း, သုတ်သီလက္ခန် ပါဠိတော်အဘွင့်-သုမင်္ဂလဝိလာသိနီ အဋ္ဌကထာ ဗာဟိရနိဒါန်း,ဓမ္မသင်္ဂဏီပါဠိတော်အဘွင့်-အဋ္ဌသာလိနီ အဋ္ဌကထာဗာဟိရနိဒါန်းတို့၌လာ ဂေါပကပုဏ္ဏားက ဓမ္မဘဏ္ဍာဂါရိကဖြစ်သော အရှင်အာနန္ဒာကိုလျှောက်ထားရာအရှင်အာနန္ဒာက ရွတ်၍ ပြောသည့်ဂါထာ။

ဂေါပက၊ ဂေါပကပုဏ္ဏား။ အဟံ၊ငါသည်။ ဒွါသီတိသဟဿာနိ၊ ဓမ္မခန္ဓာ၈၂နှစ်သောင်ထောင်တို့ကို။ ဗုဒ္ဓတော၊ သဗ္ဗညုမြတ်စွာဘုရား အထံတော်မှ။ ဥဂ္ဂဏှိံ၊ သင်ပြီ။ ဒွေသဟဿာနိ၊ ဓမ္မခန္ဓာနှစ်ထောင်တို့ကို။ ဘိက္ခုတော၊ အရှင်သာရိပုတ္တရာ အထံမှ။ ဥဂ္ဂဏှိံ၊ သင်ပြီ။ ယေဓမ္မာ၊ အကြင်ဓမ္မခန္ဓာတို့သည်။ စတုရာသီတိသဟဿာနိ၊ ရှစ်သောင်းလေးထောင်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေဓမ္မာ၊ထိုရှစ်သောင်းလေးထောင်ကုန်သော ဓမ္မခန္ဓာတို့ကို။ မေ၊ ငါ၏။ ဇိဝှဂ္ဂေ၊ လျှာဖျား၌။ ပဝတ္တိနော၊ ဖြစ်စေအပ်ကုန်ပြီ။

ဂင်္ဂါ, ယမုနာ, အစိရဝတီ, သရဘူ, မဟီဟုဆိုအပ်သော မြစ်ကြီး ၅-စင်းနှင့်တူသောနိကာယ် ၅-ကျမ်းပါဠိတော် အဋ္ဌကထာ၊ ဥတ္တရင် မြစ်,တရင်မြစ်, ဘင်္ဂါဘိမြစ်, သလ္လာဝတီမြစ်, နေရဉ္ဇရာမြစ်စသော

မြစ်ငယ် ၅၀၀-နှင့်တူသော ငိုက၁,အနု, မစု, လက်သန်း, ဂန္ဓန္တရ, အံ့ဘွယ်ရှစ်ပါးနှင့်ပြည့်စုံသော မဟာသမုဒ္ဒရာနှင့်တူသော ဓမ္မခန္ဓာ ၈၄၀၀၀-တို့၌ သက်ဝင်ကူးခပ်နိုင်သော ဉာဏ်အစွမ်းနှင့် ပြည့်စုံသော ဓမ္မပဒပါဠိတော်နိသျှသစ်,သဒ္ဒါနိသျှသစ်, သင်္ဂြိုဟ်နိသျှသစ်, ဂါထာနှင့် ရှိသည့် အနာဂတဝင်ပါဠိတော်နိသျှ,ဒါဌာဓာတုဝင်စာကိုယ်နိသျှ,ကမ္မ ဘေဒဝိဘာဝနီကျမ်း, ဆန္ဒဝုတိပါသဏ္ဌာဝိသဇ္ဇနာကျမ်း, ဒွါဒသရာသီ ဒီပနီကျမ်း,စလင်းမြို့အုပ်သို့ပေးသည့်မေတ္တာဒကသေစနဒီပနီကျမ်း, သီဟိုဠ်ကျွန်းသို့ပေးသည့် သုသန္ဒေသကထာ,ဓရုရယသဝါဟိဏီ, သာရ ဝေါမြို့ ဆီးဖြူကုန်း တောရဆရာတော်သို့ ပေးသည့်အတိဝိစိတြသန္ဒေ သကထာ, မဟာရဋ္ဌသာရုပ္ပတ္တိကထာ-စသော အစောင်စောင်သော ကျမ်းတို့ကို စီရင်ပြုစုရေးသားနေလေ့ ရှိသော စလင်းမြို့မတောင် ခရီးခြောက်တိုင်ကွာ မုန်းမြစ်ကမ်းထိပ် ဆိပ်နဘူးထက် လက်ဝဲဘက် တွင် နှုန်းအင်တုကင်း ရန်မျိုးရှင်းသော သမန်းရင်းရွာဇာတိ မြို့တိုက် သံဆင့်, သံတော်ဆင့်, နန်းမတော်ဝန်, စစ်ကိုင်းမြို့, အမြင့်ငါးမြို့, အလုံမြို့, တပယင်းမြို့ခရိုင်ဝန်, ရတနာလှေကားတော်မှူး, ရွှေတော် ပြေးမှူး, ပိဋကတ်တော်အုပ်, လက်ရွေးကြီး လှော်ကားတော်အုပ်, ရန်လွှင့်လှေတော်အုပ်, မိုင်းခိုင်းမြို့စား, အတွင်းမဟာ သေနာပတိ, အတွင်းဝန် မင်းကြီးမဟာသိရိဇေယသူ စီရင်သော ပိဋကတ် ၃-ပုံ စာတမ်းကား၊ သက္ကရာဇ် ၁၂၅၀-ပြည့်၊နတ်တော်လဆန်း ၁၁-ရက်၊ သောကြာနေ့ ၃-ချက်တီးအချိန်တွင်ပြီး၏။

### ပိဋကတ် ၃-ပုံစာတမ်း-ခေါ်

## ပိဋကတ်တော်သမိုင်း

## ဤတွင်ပြီးပြီ။